
n.com.tw
ကျင်းယုံ၏ ကျန်ရှန်လု
2008
ဘာဿာဆိုလ်
နေလင်းအောင်
လေသဆန်ကစားတဲ့ ရွှေပုံလွှား
၆-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၃)
ဇော်ရဲအောင်
သိုင်းစာစဉ်များ:page

ဘဏ္ဍာသိုလ်

# ငှပိုင်းဝေအောင်

ကျင်း၊ ယုံ ၏ ကျန်ရှန်လု

## လေဆန်တာအားတဲ့ ရွှေပျံလွှား

စာစဉ် ၃



တိုးတက်ရေး-စာပေ

တက္ကသိုလ်
နေလင်းအောင်

# လေဆာန်ကစားတဲ့ရွှေပျံလွှား

(တစဦ-၃)

ဟိုးတက်ရေး-ဝ၃မ

## အခန်း (၂၇)

## ယွန်မိသားစုအရေးအခင်း

ထက်ကျင်နှင့် ယွန်ချောချောတို့သည် ချင်းချိန်တည်းနိုဆောင်သို့ ပြန်လည်ရောက်ရှိလာခဲ့၏။ ယွန်ချောချောသည် သူမ၏အခန်းထဲသို့မဝင်ဘဲ ထက်ကျင်၏အခန်းထဲသို့ လိုက်ဝင်၏။

ထက်ကျင်က လှည့်ကြည့်ပြီး ...

"ချောချော ... မင်းလည်း ပင်ပန်းလှပြီ၊ ကိုယ့်အခန်းကိုယ်ပြန်ပြီး အနားယူတော့လေ"

"အစ်ကို့ကို မေးစရာရှိလို့ပါ"

"ဘာမေးမလို့လဲ"

"ညီမလေး တစ်ခုတော့ သတိထားလာမိတယ်၊ ညီမလေးမေမေရယ်၊ ချောက်ထောင်လင်းရယ်၊ ထန်ဆက်ဘွန်ဂိုဏ်းရယ်၊ ဒီသုံးပွင့်ဆိုင်ဟာ တစ်စုံတစ်ခုတော့ ပတ်သက်နေတယ်၊ သူတို့ ဘယ်လို ပတ်သက်နေကြသလဲ"

ထက်ကျင် ခေါင်းယမ်းသည်။

"ဒီပြဿနာကို မင်းမသိသလို ငါလည်းမသိဘူး၊ အဲဒါ အရှင်းဆုံးအဖြေပဲ၊ မင်းလည်း ငါ့စိတ်သဘောကို သိတန်သလောက် သိထားပြီးပြီပဲ၊ ငါမလိမ်ဘူးဆိုတာ မင်းသိပါလိမ့်မယ်"

"ဟင့်အင်း ... ညီမလေးတော့ ဒီလိုမထင်ဘူး"

"ဘုရားရေ ..."

ထက်ကျင် ဘုရားတသွားသည်။

"ဘယ်လို ... မိန်းကလေးရဲ့ ... ရှင်းပြစမ်းပါဦး"

"ဒီလိုလေ ... ဒီလိုပါ ... အစ်ကို နည်းနည်းပါးပါးတော့ သိနေမလားလို့"

"ငါ ဘယ်သူ့ကိုမှ ကျိန်မပြောခဲ့ပါဘူးကွာ၊ ကျိန်တော့ မကျိန်ပါရစေနဲ့"

"ညီမလေးစိတ်ထဲမှာ မရှင်းတဲ့အချက်တွေ ရှိနေတယ်"

"ပြောပါ ... နားထောင်ပြီး ရှင်းကြည့်တာပေါ့"

"မေမေ အဆိပ်အပ်ထိပြီးတဲ့အခါမှာ ဖေဖေ သေသေချာချာ ကြည့်ပါတယ်၊ ညီမလေးတို့ကသာ ပူပန်နေတာ၊ ဖေဖေကတော့ လုံးဝပူပန်ပုံမရဘူး။ ပူပန်ပုံမရတာက သူကုမရဘူးဆိုတာ သိနေလို့လည်း ဖြစ်မှာပေါ့၊ ဘယ်ဆရာနဲ့မှလည်း ကုမခိုင်းပါဘူး"

"နောက်တော့ ..."

"နောက်တော့ ဖေဖေဟာ ရက်တွေကိုပဲ ထပ်တလဲလဲတွက်



နေတယ်၊ သူမှတ်ထားတဲ့နေ့တစ်နေ့ကို ညီမလေးကိုရှင်းပြတယ်၊ အဲဒီနေ့မှာ ချောက်ဟုန်စွန်းတောင်က ချောက်တောင်လင်းဆီသွားပြီး အကူအညီတောင်းရမယ်တဲ့"

"အင်း ... တပ်မှူးကြီးယွန်ကီးက ချောက်တောက်လင်းရှိမယ့်ရက်ကိုတွက်ပြီး မင်းကိုသွားခိုင်းတာပေါ့၊ အဲဒီရက်ကို ထန်ဆက်ဘွန်ဂိုဏ်းသားတွေ သိမထားတာ အတော်ကံကောင်းတယ်လို့ ဆိုရမှာပဲ"

"ထန်ဆက်ဘွန်ဂိုဏ်းသား ချောက်တောင်လင်းကို တကယ် တွေ့ချင်တဲ့လူတွေဖြစ်နေရင် အဲဒီရက်သိမထားတာဟာ ချောက်တောင်လင်းအတွက် ကံကောင်းတယ်လို့ ဆိုရမှာပေါ့၊ ဖေဖေဟာ ဘာပဲဖြစ်ဖြစ် မေမေ့ကို အခုထက်တော့ ပိုပြီးဂရုစိုက်သင့်တယ်၊ ဒါပေမယ့် ဖေဖေဟာ သမီးငယ်လေးနဲ့ ပေယျာလကန် ပစ်ထားခဲ့ပြီး ဆန်ဆီပြည်နယ်ကို ထွက်သွားခဲ့တယ်၊ ဒါဟာ အကြောင်းတစ်ခုခုရှိလို့ ဖြစ်ရမယ်၊ ညီမလေးတော့ စဉ်းစားလို့မရပါဘူး"

ထက်ကျင်က ကျေနပ်စွာပြုံးလိုက်၏။

"ဝိုးတဝါးသိခြင်းဟာ သိခြင်းရဲ့အစပဲလို့ ဆိုရိုးစကားရှိတယ်၊ မင်းဟာ အတော်စဉ်းစားတတ်လာပါပြီ"

ထက်ကျင်၏ စိတ်လိုလက်ရချီးမွမ်းသံကို ကြားလိုက်ရသောအခါ ယွန်ချောချော၏စိတ်ထဲ၌ ကြည်နူးသွားမိသည်။

"အစ်ကိုပြောသလောက်တော့ မဟုတ်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခုအထိ ညီမလေးအနေနဲ့ ဘာမှအကောင်အထည်ပေါ်အောင် မတွေးနိုင်သေးလို့ဘဲ"

"အင်း ... အကောင်အထည်ဖော်ဖို့ ဆိုတာကတော့ သိပ်မလွယ်လှဘူး။ မင်းမေမေ ယွန်းကတော်ကြီးကိုမေးမှ အသေအချာ သိနိုင်မယ်ထင်မိတာပဲ"

"ညီမလေးလည်း မေးတာပဲ၊ နောက်နေ့မနက်မှ ပြောမယ်ဆိုပြီး မေမေပျောက်သွားတော့ ညီမလေးလည်း မမေးလိုက်နိုင်တော့ဘူးပေါ့"

"ယွန်းကတော်ကြီးအနေနဲ့ မင်းကို မသိစေချင်လို့ပဲဖြစ်ရမယ်"

"ဒီလိုတော့လည်း ဟုတ်မယ်မထင်ဘူး၊ ညီမကို ထန်ဆက်ဘွန်ဂိုဏ်းနဲ့ မပတ်သက်စေချင်လို့ မပြောခဲ့တာ ထင်တာပဲ၊ အခုတော့ မေမေ့ရည်ရွယ်ချက် ပျက်သွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ညီမလေးတို့က ထန်ဆက်ဘွန်ဂိုဏ်းနဲ့ ထိပ်တိုက်တွေ့နေကြပြီ မဟုတ်လား။ အခုအချိန်မှာတော့ ဒီပြဿနာနဲ့ပတ်သက်ပြီး ညီမသိသင့်တယ်လို့ ထင်လာမိတယ်"

ထက်ကျင်သည် သစ်သားမှတ်တင်ပေါ်၌ဝင်ထိုင်ရင်း ယွန်းချောချောအား ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်ရန်အချက်ပြလိုက်သည်။



"မင်းဖေဖေနဲ့ မေမေတို့ တော်တော်လေးချစ်ကြရဲ့လား၊ ကြင်ကြင်နာနာ ရှိကြရဲ့လား"

"ရှင် ..."

"အံ့သြမနေနဲ့ ... ငါမေးတာကိုသာ ဖြေပါ"

ယွန်းချောချောလည်း တဖြည်းဖြည်းပြန်လည်စဉ်းစားသည်။

"ချစ်ကြပါတယ်၊ ကြင်ကြင်နာနာလည်း ရှိကြပါတယ်"

"သူတို့နှစ်ယောက်ဟာ ထန်တီးဂိုဏ်းဝင်တွေပဲနော် ... သေချာအောင်မေးရတာ"

"ဟုတ်ပါတယ်၊ ဂိုဏ်းတူမောင်နှမပါ၊ တစ်ယောက်ကိုတစ်ယောက် သိပ်ပြီးကြင်နာကြပါတယ်၊ ဖေဖေဟာ စကားနည်းပေမယ့် မေမေ့ကို ဂရုစိုက်ပါတယ်၊ မေမေကလည်း ဂရုစိုက်တာပါပဲ"

ထက်ကျင်က စဉ်းစဉ်းစားစားပြော၏။

"ဒါက အိမ်ထောင်သည်တွေရဲ့ ဝတ္တရားပဲ၊ ဒါကို အချစ်လို့ ခေါ်လို့မရဘူး"

"အစ်ကို့စိတ်ထဲမှာ ဖေဖေနဲ့ မေမေဟာ မချစ်ဘဲညားနေကြတယ်လို့ ထင်နေသလား"

"အဲဒီအဖြေကိုသိရအောင် မင်းကို အသေးစိတ်မေးနေရတာပေါ့"

"ဒီလိုဆို အစ်ကို့ကို ဇာတ်လမ်းအပြည့်အစုံ ပြောပြမှဖြစ်

တော့မယ်ထင်တယ်"

"အစောကြီးကတည်းက ပြောသင့်တာ မိန်းကလေးရဲ့ မင်းပြောတာ နောက်ကျနေတယ်"

"ဟုတ်ကဲ့ ... အစ်ကိုအပြစ်တင်ရင်လည်း ခံရမှာပဲ၊ ဖေဖေနဲ့ မေမေ ညားကြပုံက စပြောပါ့မယ်၊ ဖေဖေနဲ့ မေမေဟာ ဂိုဏ်းတူ မောင်နှမတွေဖြစ်ကြပေမယ့် ဆရာတွေကတော့ မတူကြပါဘူး၊ ထန်းတီးဂိုဏ်းထဲမှာ ဘိုးဘိုးကော ဘွားဘွားပါ သိုင်းပညာ သိပ်ထူးချွန်ကြပါတယ်၊ သူတို့နှစ်ယောက်စလုံး စိတ်ကြီးတယ်၊ ဒီလိုနဲ့ စိတ်အခန့်မသင့်ဘဲ လင်မယားချင်းကွဲသွားတော့ ဘိုးဘိုးက ဖေဖေ့ကို တပည့်အဖြစ် လက်ခံထားလိုက်တယ်၊ ဘွားဘွားက မေမေ့ကို လက်ခံထားတယ်၊ ဖေဖေက အပြင်လူပါ၊ မေမေကတော့ သမီးအရင်းပါ၊ ဘွားဘွားဆီမှာ ဘွားဘွားရဲ့လူတစ်ယောက်ရှိတယ်၊ မေမေ့ရဲ့ အစ်ကိုဝမ်းကွဲပေါ့"

ထက်ကျင်က ဝင်၍မှတ်ချက်ပေးလေ၏။

"အခု ချောက်တောင်လင်းဖြစ်နေတဲ့လူ ဆိုပါတော့"

"ဟုတ်ပါတယ်၊ ဘွားဘွားက သူ့တူနဲ့ မေမေ့ကို လက်ဆက်ပေးချင်တယ်၊ မေမေကတော့ လက်မဆက်ချင်ဘူး၊ သူ့စိတ်ထဲမှာ သူ့အစ်ကိုရင်းတစ်ယောက်လိုပဲ ချစ်ခင်နေတော့ ဘယ်လိုလုပ် အိမ်ထောင်ဖက်အဖြစ် လက်ခံနိုင်မှာလဲ"



"မင်းဖေဖေနဲ့ မင်းမေမေက တခြားစီနေရတာမဟုတ်လား"

"တခြားစီပေါ့၊ မေမေနဲ့တွေ့ပုံက ဒီလိုပါ၊ ဖေဖေ့ကို ဘိုးဘိုးပညာတွေသင်ပေးတယ်၊ ပညာအတော်လေးစုံလာတဲ့အချိန်မှာ သူ့ဇနီးဖြစ်တဲ့ ဘွားဘွားကို သွားကန်တော့ခိုင်းတယ်၊ သူတို့နှစ်ယောက်စလုံး ထန်တီးဂိုဏ်း သိုင်းပညာရှင်တွေချည်း မဟုတ်လား"

"အဲဒီတော့ ..."

"ဖေဖေဟာ ဘွားဘွားဆီ လာကန်တော့ရင်း ဘွားဘွားဆီက အချို့ပညာတွေ သင်ယူရတယ်၊ အဲဒီမှာတင် ဖေဖေနဲ့မေမေ မေတ္တာရှိသွားကြတာပဲ၊ ဘွားဘွားက သူ့သမီးနဲ့ ဖေဖေ့ကို သဘောမတူဘူး"

"ဘယ်လိုပေါင်းသင်းကြတာလဲ"

"မေမေက ဖေဖေ့နောက်ကို လိုက်သွားတယ်လေ"

"မင်းဘွားဘွားက အဆက်ဖြတ်လိုက်တယ် ဆိုပါတော့"

"ဖေဖေဟာ မေမေ့ကို ဘိုးဘိုးဆီခေါ်သွားတာပဲ၊ ဘိုးဘိုးဟာ ဖေဖေ့ကိုသိပ်ချစ်တယ်၊ အချစ်ဆုံးတပည့်ဆိုတော့ မေမေနဲ့ မေတ္တာရှိတဲ့ကိစ္စမှာ ဘာမှတားမြစ်ခြင်းမရှိဘူး၊ သဘောတူတယ်"

"နောက်ဆုံး ဘာဖြစ်သွားသလဲ"

"နောက်ဆုံးမှာ ဘိုးဘိုးဟာ ဖေဖေတို့လင်မယားကို ဘွား

ဘွားဆီခေါ်သွားပြီး လူငယ်နှစ်ယောက်ရဲ့ချစ်ခြင်းကို မဖြိုခွင်းဖို့ မေတ္တာရပ်ခံတယ်၊ ဘွားဘွားက လက်မခံဘူး၊ သူတို့နဲ့လက်မထပ်ရင် သူ့ဆီမလာနဲ့လို့ တွင်တွင်ငြင်းတော့ ဘိုးဘိုးလည်း သိပ်စိတ်ဆိုးသွားတယ်"

ထက်ကျင်သည် ယွန်မိသားစု၏ဇာစ်မြစ်ကို အလွန်စိတ်ဝင်စားသည်။

ယွန်မိသားစုအဖြစ်အပျက်အချို့ကို သူသိထားခဲ့သည်မှာလည်း အမှန်ဖြစ်၏။

ယွန်ချောချောက သူ့မိသားစုအဖြစ်အပျက်များကို မသိခဲ့ပါဟု လိမ်ညာခဲ့ခြင်းကိုလည်း သတိရသည်။ ဤအတွက် ယွန်ချောချောကို အပြစ်မတင်ပါ။ သူက မည်မျှကူညီခဲ့သည်ဖြစ်စေ၊ လုံးဝဥဿုံ စိတ်မချသေးသရွေ့ ကိုယ့်မိသားစုအကြောင်းကို မည်သူကမျှ အမှန်အတိုင်းဖွင့်ပြောကြလိမ့်မည် မဟုတ်ချေ။

မိသားစုရေးရာကိစ္စများတွင် ရှုပ်ထွေးကြ၏။ ထို့ပြင် သိုင်းလောကရှိ မိသားစုရေးရာများက သာမန်အရပ်လောက မိသားစုအရေးထက် ပို၍ရှုပ်ထွေး၏။

သိုင်းလောကမိသားစုများအကြားတွင် ငွေကြေးနှင့် အမွေကိစ္စများသာမက သိုင်းပညာရပ်များနှင့်ပတ်သက်သော ပစ္စည်းများ၊ သိုင်းကျမ်းများပါ ရောနှောလာသဖြင့် သာမန်အရပ်သားလောက

2



ထက် ပို၍ရှုပ်ထွေးရခြင်း ဖြစ်ပေသည်။

ယွန်ချောချောက ဆက်ပြောသည်။

"ဘိုးဘိုးဟာ ပြောမရတော့တဲ့အဆုံး ထွက်သွားတော့တယ်၊ ဖေဖေကလည်း စာတစ်စောင်ရေးပြီး ထွက်သွားတယ်၊ သူ့အတွက်နဲ့ လူကြီးတွေ အဆင်မပြေဖြစ်ရတဲ့အတွက် သူ့မိုက်ပြစ်ကို ခွင့်လွှတ်ပါလို့ တောင်းပန်တဲ့စာပေါ့၊ မေမေ့ရဲ့ အစ်ကိုဝမ်းကွဲလည်း ဘွားဘွားဆီက တစ်ခါတည်းထွက်သွားတော့တာပဲ၊ ဘွားဘွားနဲ့ မေမေ နှစ်ယောက်တည်းကျန်ရစ်ခဲ့တယ်၊ မေမေလည်း မျက်ရည်နဲ့ မျက်ခွက်ပဲပေါ့"

"မင်းဖေဖေနဲ့ မေမေ ဘယ်လိုကနေ ပြန်ပေါင်းထုပ်သွားကြသလဲ"

"ဘွားဘွား နောင်တရသွားတာပေါ့၊ သူဖြစ်စေချင်သလို သူတို့ကလည်း မဖြစ်ချင်ဘူး၊ သမီးဖြစ်သူကလည်း မဖြစ်ချင်ဘူး၊ လောကမှာ ဘာကိုမှ ကိုယ်လုပ်ချင်တိုင်း မဖြစ်နိုင်ဘူးဆိုတဲ့ သဘောကိုလည်း သူရသွားတယ်၊ ဘွားဘွားဟာ ဖေဖေ့ကို ကိုယ်တိုင်လိုက်ရှာပြီး ဘိုးဘိုးရှေ့မှာ မေမေနဲ့ ကိုယ်တိုင်လက်ထပ်ပေးတယ်၊ ဘိုးဘိုးနဲ့ ဘွားဘွားလည်း စိတ်ဆိုးပြေသွားကြတယ်"

ယွန်ချောချောသည် ရှည်လျားစွာရှင်းပြပြီးနောက် ထက်ကျင်အား မေးမြန်းလေ၏။

"ကဲ ... ဖေဖေနဲ့ မေမေ တကယ်ချစ်ကြလို့ တကယ်ညားကြတယ်ဆိုတာ အစ်ကိုယုံပြီလား"

ထက်ကျင်လည်း ခေါင်းညိတ်၏။

"အင်း ... ငါမသိတဲ့အချက် အတော်များများလည်း သိလိုက်ရတယ်၊ တပ်မှူးကြီးရယ်, ယွန်ကတော်ရယ်, ချောက်တောင်လင်းရယ် ... သုံးပွင့်ဆိုင်ဇာတ်လမ်းဟာ ရိုးသားမှုရှိတယ်ဆိုတာလည်း သိလိုက်ရတယ်"

"အရင်က အစ်ကိုက ဘယ်လိုသိထားလို့လဲ"

"အပြင်မှာ ပြန့်နေတဲ့သတင်းနဲ့ တကယ်ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်နဲ့က ဆန့်ကျင်ဘက်ပဲ"

"အပြင်မှာ သတင်းပြန့်တယ်ဟုတ်လား၊ ဖေဖေနဲ့ မေမေတို့ကို ဒီလောက် လူတွေက ဂရုစိုက်ကြလို့လား"

"ဟား .. ဟား .. ဟား .. မင်းက ထန်တီးဂိုဏ်းရဲ့ ကျော်ကြားမှုကို သိမှမသိဘဲကိုး၊ ရှောင်လင်, ဝူတန်း, ခွန်းလွန်ဂိုဏ်းတွေလို ဂိုဏ်းကြီးမဟုတ်ပေမယ့် ထန်တီးဂိုဏ်းနဲ့ ဆီးနှင်းပုလဲလက်နက်ကို သိုင်းသမားတိုင်း ကြောက်ရွံ့ကြတယ်ကွ"

"အစ်ကိုကြားထားတဲ့သတင်းကို ပြောပြပါနော်"

"အပြင်မှာက မင်းမေမေနဲ့ မင်းဦးလေးတို့ မေတ္တာမျှနေကြတယ်လို့ ပြောကြတာပဲ၊ အခုမှ ဒီသတင်းမှားမှန်းသိရတယ်၊ အင်း ...



... ပြောတဲ့စကားထဲမှာ မင်းရဲ့ဦးလေးဝမ်းကွဲအကြောင်း သဘောလောက်ပဲပါတယ်၊ သူ့အကြောင်း တိတိကျကျမသိဘူးလား"

"မေမေ့ရဲ့အစ်ကိုဝမ်းကွဲ၊ ညီမလေးရဲ့ ဦးလေးဝမ်းကွဲဆိုတာလောက်ပဲ ညီမလည်း သိရပါတယ်၊ သူ့အကြောင်း အစ်ကို ကောင်းကောင်းသိနေတယ် မဟုတ်လား"

ထက်ကျင်သည် ထိုင်နေသည့် ခုတင်ပေါ်မှထပြီး စကြီလျှောက်နေသည်။ လမ်းလျှောက်ရင်းမှ သူကြားသိသမျှတို့ကို ရှင်းပြသည်။

"ချောက်တောင်လင်းဟာ ငယ်ငယ်ကတည်းက အဆိပ်နဲ့လက်နက်ပုန်းပညာကို အထူးလေ့လာခဲ့သတဲ့၊ ဒီတော့ ဒီပညာမှာ သူ့ကျွမ်းကျင်မယ်ဆိုတာ သံသယရှိစရာမလိုဘူး၊ မင်းဖေဖေတပ်မှူးကြီး ယွန်ကီးဟာ ယွန်ကတော်အဆိပ်ထိခံရတဲ့ကိစ္စမှာ မင်းရဲ့ဦးလေး ချောက်တောင်လင်းကို သံသယရှိချင်ရှိလိမ့်မယ်"

"ညီမလေးသိသမျှတော့ ဦးလေးက မေမေတို့အပေါ် ဘာမှ အငြိုးထားပုံမရပါဘူး"

"အေးလေ ... ငါက အဖြစ်ကိုပြောပြနေတာပါ၊ ဒီအဆိပ်ကို ချောက်တောင်လင်းကပစ်တာ ဟုတ်ချင်မှဟုတ်မှာပေါ့၊ အခြားလူပစ်ခတ်တဲ့အဆိပ်ကို ချောက်တောင်လင်းက ကုသနိုင်လိမ့်မယ်လို့ သူ့စိတ်ထဲထင်ပြီး ချောင်ဟုန်စွန်းတောင်ကို သွားခိုင်းတာလည်း ဖြစ်

ချင်ဖြစ်မှာပေါ့၊ အဲဒါတွေက မင်းအဖေစိတ်ကူးနိုင်တဲ့ အချက်တွေပဲ ပြောပြနေတာ"

"ဟုတ်ကဲ့ ..."

"ဒါပေမဲ့ ငါ သေသေချာချာသိထားတဲ့ အချက်တစ်ချက်ကတော့ ချောက်တောင်လင်းဟာ အသားစားအရိုးဆွေးအဆိပ်တွေကိုတော့ မဖြေနိုင်ဘူးဆိုတာပဲ"

"ဩော် ... ဒါကြောင့်မို့ကိုး"

"ဟုတ်တယ် ... ဒါကြောင့်မို့လို့ မင်းကို ငါ တားဆီးလိုက်တာပဲ၊ သွားလည်း အလကားပဲလေ"

ယွန်ချောချောက တစ်ချက်ဝင်မေး၏။

"ဒါဖြင့် မေမေ အဆိပ်လက်နက်ပုန်းမီထားတာကို အစ်ကိုကြီးတင်သိနေလို့ပေါ့"

ထက်ကျင် ခေါင်းညိတ်၏။

"ဟုတ်တယ် ... သိနေတယ်"

"ထန်ဆက်ဘွန်ဂိုဏ်းရဲ့ လက်ချက်ဆိုတာလည်း အစ်ကိုသိနေတာပဲလား"

"သိနေတာပေါ့၊ အသားစားအရိုးဆွေးအဆိပ်ကို ထန်ဆက်ဘွန်ဂိုဏ်းကလွဲလို့ ဘယ်သူမှမသုံးဘူး၊ ဘာဖြစ်လို့ ဒီအကြောင်းတွေကို သိနေတယ်ဆိုတာတော့ အထူးရှင်းပြနေဖို့ လိုတော့မယ်မထင်ဘူး၊



ငါ့သွေးသောက်အစ်ကိုကြီး နန်ကင်ကိုယ်တိုင် ဒီအဆိပ်အမိခံခဲ့ရတာမဟုတ်လား"

"ဩော် ... ဘဘကြီးစင်ကီရဲ့ အခန်းမှာတုန်းက ရှင်းပြခဲ့တဲ့အကြောင်းတွေပဲပေါ့"

"ဟုတ်တယ်၊ ငါမသိတဲ့အချက်တစ်ချက်က ချောက်တောင်လင်းဆီမှာ ဘာပစ္စည်းရှိနေလဲ၊ ထန်ဆက်ဘွန်ဂိုဏ်းကလည်း ဘာဖြစ်လို့ ဒီပစ္စည်းနောက်ကို သဲကြီးမဲကြီးလိုက်နေရသလဲ၊ ဒါတွေသိရင်ပြည့်စုံပါပြီ"

"ထန်ဆက်ဘွန်ဂိုဏ်းကလည်း အပြင်က ကောလာဟလတွေကို ယုံကြည်နေသလား မသိဘူး"

"ဒါကိုတော့ အတိအကျ ဘာမှမပြောနိုင်ဘူး၊ ချောက်တောင်လင်းစိတ်ထဲမှာ ဘယ်လိုရှိနေတယ်ဆိုတာ ဘုရားမှသိနိုင်မှာပဲ"

"ညီမလေးရဲ့ ဦးလေးဝမ်းကွဲက မေမေ့အပေါ် မေတ္တာရှိချင်ရှိနိုင်တယ်လို့ ဆိုလိုတာလား"

"အဲဒီလိုသာ မေတ္တာရှိနေရင် ချောက်တောင်လင်းဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ ကမ်းလှမ်းချက်ကို လက်ခံနိုင်စရာအကြောင်း ရှိတာပေါ့၊ ထန်ဆက်ဘွန်ဂိုဏ်းကလည်း ဒီအကွက်ကို ရွှေ့ထားတာပဲ"

"တော်တော် ဦးနှောက်ခြောက်စရာကောင်းတဲ့ ကိစ္စပဲ၊ ညီ

မလေးတို့ ဘာဆက်လုပ်ရင် ကောင်းမလဲဟင်"

"အခုလောလောဆယ်တော့ ငါတို့အနေနဲ့ ဘာမှလုပ်စရာ မလိုပါဘူး"

"ရှင် ..."

"ဟုတ်တယ်လေ၊ ငါတို့အနေနဲ့ ငါတို့ဆီလာမယ့်စည်သည် တွေကို ထိုင်စောင့်ရုံပဲရှိတော့တယ်"

ယွန်ချောချော နားမလည်တော့ပေ။ ကိုယ်က လှုပ်ရှားရ မည့်အချိန်၌ ထိုင်စောင့်တော့မည်ဟု ထက်ကျင် ပြောနေပေပြီ။ သို့ သော် သူ့ထက် အတွေးအခေါ်ကောင်းသော ထက်ကျင်ကိုတော့ သူမ စောဒကမတက်ဝံ့ပေ။

ထက်ကျင်သည် သူ့စကားအဓိပ္ပာယ်ကို ယွန်ချောချော နား မလည် သဘောမပေါက်ကြောင်း ကောင်းစွာအကဲခတ်မိလေ၏။

"ငါတို့ပယောဂကြောင့် လူသတ်ကြယ်တစ်ယောက် သေ သွားခဲ့ပြီ၊ အရိပ်နံပါတ်ကိုးလည်း ငါတို့လက်ချက်နဲ့ သေသွားရပြီ၊ သူတို့ရဲ့ လျှို့ဝှက်ချက် တော်တော်များများကို ငါတို့သိသွားပြီလို့ လည်း သူတို့ယူဆတော့မယ်၊ အဲဒီလိုအခြေအနေမျိုးမှာ ငါတို့က သူ တို့ကို ရှာဖို့မလိုတော့ဘူး၊ ပိုက်ထောင်ပြီး ဝင်လာမယ့်ယုန်ကို စောင့် နေဖို့ပဲရှိတော့တယ်၊ မင်းလည်း မင်းအခန်းကိုပြန်ပြီး အနားယူပါ၊ အနားယူပါဆိုလို့ စိတ်နှလုံးတုံးတုံးချပြီး အိပ်မနေနဲ့ဦး၊ နိုးနိုးကြား



ကြားနေပါ၊ တစ်စုံတစ်ခုထူးခြားရင် ငါ့ကိုအချက်ပေးပါ"

ထက်ကျင်သည် စကားဆုံးသည်နှင့် ကျယ်လောင်စွာ သမ်း ဝေလေတော့၏။

ယွန်ချောချော ဘာမျှမပြောနိုင်တော့ပေ။ သူမ၏အခန်း သို့ ကူးသွားရလေတော့၏။

❖ ❖ ❖

## အခန်း (၂၈)
## ညစ်ညမ်းသောအကျပ်ကိုင်မှု

ယွန်းချောချောသည် ထက်ကျင်နှင့် နီးနီးကပ်ကပ်နေလိုက်ရသဖြင့် ထက်ကျင်၏အလေ့အကျင့်များ ကူးစက်ကုန်လေသည်။

အခန်းထဲရောက်သည်နှင့် ခုတင်ပေါ် ခုတင်အောက် ရှာဖွေစစ်ဆေး၏။

ပြတင်းပေါက်တံခါးများကို ပိတ်သည်။ သူမ ဆောင်းထားသည့် ခမောက်ကိုချွတ်သည်။

အားလုံး စိတ်ချလက်ချရှိသောအခါမှ ခုတင်ပေါ်သို့တက်ကာ စောင်ခြုံပြီး အိပ်တော့မည်ပြုသည်။

သို့သော် သူမနှင့်လက်လှမ်းမီသည့် ခေါင်းရင်းအခန်းထဲ၌ တွေ့ရသော ဓားရှည်တစ်စင်းကို ချိတ်ဆွဲထားလိုက်သည်။

သူမ၏အားကိုးသော ဆီးနှင်းပုလဲ အဆိပ်လက်နက်ပုန်းများကိုလည်း ခေါင်းအုံးအောက်၌ သွင်းထားလိုက်လေသည်။

သူမ၏အပြုအမူအားလုံးကို ပြန်လည်ဆန်းစစ်ပြီး စိတ်ကျေ



နပ်သောအခါမှ စောင်ခြုံကာ အိပ်စက်တော့သည်။

တကယ်တမ်း စိတ်ကိုလျှော့လိုက်သောအခါ ယွန်းချောချောသည် ထက်ကျင်မှာကြားသလို နိုးနိုးကြားကြား သတိမရှိနိုင်တော့ဘဲ တစ်ချိုးတည်း အိပ်မောကျသွားလေတော့သည်။

ယွန်းချောချော ဤသို့ အိပ်ပျော်သွားခြင်းအတွက် သူမအား အပြစ်မတင်နိုင်ပါချေ။ သူမသည် ယခုအချိန်၌ နယ်စားကြီးတစ်ယောက်၏ သမီးတော်ကလေးဖြစ်၏။

ယခင်ကဆိုလျှင် တပ်မှူးကြီး၏ သမီးတော်ကလေးဖြစ်သည်။

အိမ်တော်၌ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေထိုင်ခွင့်ရရှိခဲ့သည့် မိန်းကလေးဖြစ်သည်။

ယခုမူ ထက်ကျင်နှင့်အတူ ပြေးလွှားရသည်။ ပုန်းအောင်းရသည်။ တိုက်ခိုက်ရသည်။

ထက်ကျင်နှင့် ထွက်လာပြီးကတည်းက တစ်ကြိမ်တစ်ခါမှ အနားမယူခဲ့ရသေးပေ။

ထို့ကြောင့် အနားယူခွင့်ကြုံသည်နှင့် ဤကဲ့သို့ တစ်ချိုးတည်း အိပ်မောကျသွားခြင်း ဖြစ်ပေတော့သည်။

သူမ အိပ်ရာမှနိုးသောအခါ အမတ်ချုပ်ကြီးဟိုကွန်က သူမ၏ ခုတင်ခေါင်းရင်း၌ထိုင်ကာ သူမအား လက်ပိုက်ပြီးကြည့်နေ

သည်ကို တွေ့ရလေ၏။

"ဘယ်လိုလဲ မိန်းကလေး ... လှုပ်ရှားရ ပြေးရလွှားရလို့ အတော်ကလေး မောသွားပြီလား"

ယွန်ချောချောက ကပျာကယာ ထလိုင်လိုက်လေသည်။

"အမတ်ချုပ်ကြီး ... ကျွန်မတို့မိသားစုကို ဘာဖြစ်လို့ ခုလိုဒုက္ခ ပေးနေရတာလဲ"

"မင်းမသိဘူးလား မိန်းကလေးရဲ့ ... မင်းအဖေတပ်မှူးကြီးဟာ ကွမ်ငိုက်မှာတုန်းက ငါ့ကို အတော်ဒုက္ခပေးခဲ့တာပဲ"

ယွန်ချောချော အံကလေးကြိတ်၍ ပြောလေ၏။

"ကျွန်မဖေဖေက တိုင်းပြည်အတွက် အလုပ်လုပ်တာပဲ၊ ရှင်က တိုင်းပြည်မျက်နှာကို အိုးမည်းသုတ်ဖို့ကြံနေတာပဲ၊ ကိုယ့်ဝမ်းဗိုက်ကိုယ်ဖောက်တယ်ဆိုတာ ရှင့်လိုလူမျိုးပဲ၊ မတော်မတရားလုပ်တဲ့လူက ဖြောင့်မှန်တဲ့လူကို ဒီလိုပြန်စွပ်စွဲတာ လူကြားကောင်းပါ့မလား"

"ဟား ... ဟား ... ဟား ... လူဆိုတာ အတ္တသမားပဲ၊ ကိုယ့်အတွက် ကိုယ်ပြန်ကြည့်ရတယ်၊ ကိုယ့်အပူငြိမ်းမှ သူများအပူကို ကူငြိမ်းပေးလို့ရတယ်၊ ငါတို့ကတော့ မင်းအဖေလို သူတော်ကောင်းကြီး မဟုတ်ဘူးကွဲ့"

ယွန်ချောချောသည် ဒေါသကို မထိန်းချုပ်နိုင်တော့သဖြင့် ခုတင်ခေါင်းရင်းရှိ ဓားရှည်ကို လှမ်းဆွဲလိုက်လေသည်။



"ထန်ဆက်ဘွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ ရှင်ပဲလား"

အမတ်ချုပ်ကြီးဟိုကွန်က တဟားဟားရယ်ပြီး ...

"ဟုတ်တယ်၊ အဲဒီအချက်ကို ဘယ်သူမှမသိကြဘူး၊ မင်းက ဘယ်လိုလုပ်သိသွားရတာလဲ"

"ဒီလိုပဲ ဆက်စပ်တွေးတောယူရတာပေါ့"

"အေး ... အတွေးအခေါ်ကောင်းတဲ့ခေါင်းဟာ သူ့ခန္ဓာကိုယ်ပေါ်မှာ မမြဲဘူးဆိုတဲ့စကားဟာ ငါတို့ထန်ဆက်ဘွန်ဂိုဏ်းထဲမှာ သိပ်ကျော်ကြားတယ်"

"အဓိပ္ပာယ်မရှိတဲ့စကားပဲ"

"ငါတို့ဂိုဏ်းထဲမှာတော့ အဓိပ္ပာယ်ရှိတယ်၊ ဂိုဏ်းချုပ်ပေးတဲ့ အမိန့်ကို မှားသည်မှန်သည် မစဉ်းစားရဘူး၊ စဉ်းစားတဲ့လူ၊ ကလန်ကဆန်လုပ်တဲ့လူ၊ ပြန်လှန်မေးခွန်းထုတ်တဲ့လူရဲ့ ဦးခေါင်းဟာ မကြာခင် ပြတ်သွားတာပဲ၊ ဒီတော့ အတွေးအခေါ်ကောင်းတဲ့ မင်းရဲ့ဦးခေါင်းဟာလည်း မင်းရဲ့ခန္ဓာကိုယ်ပေါ်မှာ မမြဲသင့်တော့ဘူး"

ယွန်ချောချောသည် စကားမပြောတော့ဘဲ သူမ၏ဓားရှည်ဖြင့် ဟိုကွန်၏လည်ပင်းဆီသို့ လှမ်းထိုးလိုက်သည်။ ဟိုကွန်က ခပ်ပြုံးပြုံးဖြင့် ဓားပြားကို လက်ဝါးဖြင့်ရိုက်ထုတ်လိုက်သည်။

'ထန် ...'

ဓားရှည်ကို ယွန်ချောချော ဆုပ်ကိုင်မထားနိုင်တော့ပေ။

လက်တစ်ခုလုံး ထုံကျဉ်သွားသဖြင့် လက်ထဲမှလွှတ်ချလိုက်တော့သည်။

"တိရစ္ဆာန်ကြီး"

ယွန်ချောချောက မိုက်မိုက်ရိုင်းရိုင်းဆဲဆိုပြီး ခုန်အုပ်တော့သည်။ ဟိုကွန်က ဇာတ်မင်းသားတစ်ဦး ယိမ်းသကဲ့သို့ ရှောင်တိမ်းလိုက်ပြီး ယွန်ချောချောကို ခြေထောက်ဖြင့်ကန်ထုတ်လိုက်သည်။

'ဝုန်း ...'

ယွန်ချောချောသည် သူမ၏ခုတင်ပေါ်သို့ ပက်လက်ကလေး ပြန်ကျလာ၏။ ထိုစဉ် ပြောင်လက်တောက်ပသော ဓားရှည်တစ်လက်၏ဓားဖျားက သူမ၏လည်တိုင်ကျော့ကျော့သို့ ထိုးဖောက်ဝင်ရောက်လာလေတော့၏။

"အား ..."

ယွန်ချောချောသည် သူမ တမလွန်ဘဝသို့ ရောက်ရှိသွားပြီဟု ယူဆလိုက်မိ၏။ သူမတစ်ကိုယ်လုံး အေးစက်နေသလိုလည်း ခံစားရသည်။

"ဟား .. ဟား .. ဟား .. ဟေ့ ... ဘာတွေအိပ်မက်မက်ပြီး အော်နေတာလဲကွ၊ မင်းရဲ့လည်ပင်းလှလှလေးကို ငါတို့ လှီးတောင် မလှီးရသေးပါဘူး၊ မျက်လုံးလေးဘာလေး ဖွင့်ကြည့်စမ်းပါဦး"

ယွန်ချောချော မျက်လုံးဖွင့်ကြည့်လိုက်မိ၏။ သူမ၏လည်ပင်း၌ ဓားနှစ်စင်း ကြက်ခြေခတ်ပုံစံဖြင့် တင်ထားသည်။ သူမ အနည်းငယ်လှုပ်လိုက်သည်နှင့် ထက်မြနေသောဓားသွားက သူမ၏လည်မျိုကို လှီးဖြတ်သွားမည်မှာ သေချာနေသည်။



"ဟင် ... ငါမသေသေးပါလား"

ယွန်ချောချောသည် လက်ငင်းကျရောက်နေသည့် အန္တရာယ်ကို မကြောက်ရွံ့နိုင်အားဘဲ စောစောက သေဆုံးခဲ့သည့်အဖြစ်ကို အိပ်မက်အဖြစ်သိလိုက်ရခြင်းအတွက် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားခဲ့ရသည်။

သူမ သေသေချာချာကြည့်လိုက်အခါ သူမ၏အခန်းထဲ၌ လူစိမ်းသုံးယောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ရန်သူများဖြစ်နေသည်ကို သံသယဖြစ်ရန်မလိုပါ။

ရန်သူသုံးယောက်စလုံး မျက်နှာဖုံးများ စွပ်ထားကြ၏။ ရန်သူနှစ်ယောက်က သူမ၏လည်ပင်းပေါ်သို့ ဓားကိုယ်စီတင်ထားကြသည်။ ကြက်ခြေခတ်ညှပ်၍ တင်ထားသောဓားများသည် ကဏန်းလက်မသဖွယ် ညှပ်ရန်အသင့်ဖြစ်နေပေသည်။

သူမ၏အခြေအနေ အလွန်အမင်းဆိုးရွားနေကြောင်း ယွန်ချောချော နားလည်သဘောပေါက်သွားသည်။

ခြေလွတ်လက်လွတ်ရပ်နေသည့် ရန်သူတစ်ဦးကမူ ယွန်ချောချော၏ တစ်ကိုယ်လုံးအား စားမတတ်ဝါးမတတ် ကြည့်ရှုနေ

သည်။ မျက်လုံးနေရာ ကွင်းဖောက်ထားသဖြင့် ထိုလူ၏ ယုတ်မာကောက်ကျစ်သော မျက်လုံးအစုံကို ယွန်းချောချော ကောင်းစွာတွေ့မြင်နေရပေသည်။

ယွန်းချောချောက ခန္ဓာကိုယ်ကို အနည်းငယ်လှုပ်ရှားလိုက်သည်။

"မလှုပ်နဲ့ ... လှုပ်တာနဲ့ မင်းရဲ့လည်ပင်းလှလှလေး ပြတ်သွားလိမ့်မယ်"

ကြည့်နေသောဓားသွားများ၏ အတွေ့အထိကြောင့် ယွန်းချောချော ဆက်၍မလှုပ်ရှားဝံ့တော့ပေ။

ယွန်းချောချောသည် ဘုမသိဘမသိ အကျဉ်းအကျပ် ကျနေသည့်အဖြစ်ကြောင့် ထိတ်လန့်သွားမိသည်ကတော့ အမှန်ပင်။

"ရှင်တို့ ဘယ်သူတွေလဲ၊ ကျွန်မကို ဘာလုပ်မလို့ အခုလိုဖမ်းထားရတာလဲ"

စူးစူးရဲရဲကြည့်နေသည့်လူသည် ဤလူအုပ်စု၏ ခေါင်းဆောင်ဖြစ်ဟန်တူသည်။

"ကျုပ်တို့ ဘယ်သူတွေဆိုတာ မင်း တွေးမကြည့်နိုင်ဘူးလား"

ယွန်းချောချောသည် ထိုအခါကျမှ ထိုလူ၏ရင်ဘတ်ကိုကြည့်မိတော့သည်။ အနက်ရောင်အဝတ်အစားများ၊ ရင်ဘတ်၌ရှိနေ



သည့် နံပါတ်များက ထန်ဆက်ဘွန်ဂိုဏ်းမှ လူသတ်ကောင်ဟုအမည်တွင်သည့် လူသတ်သမားများဖြစ်ကြောင်း သိရှိလိုက်ရသည်။

သူမ၏လည်ပင်းကို ဓားဖြင့် ကြက်ခြေခတ်ထားသူမှာ နံပါတ်ခုနစ်နှင့် နံပါတ်ရှစ်ဖြစ်သည်။ စူးစူးရဲရဲကြည့်နေသူမှာ နံပါတ်လေးဖြစ်သည်။

ယွန်းချောချောသည် ကျယ်ကျယ်လောင်လောင် ပြောလိုက်၏။

"ရှင်တို့ ထန်ဆက်ဘွန်ဂိုဏ်းကလူတွေ မဟုတ်လား၊ ဟိုဘက်အခန်းမှာ ကျွန်မရဲ့အစ်ကိုကြီး ရွှေပျံလွှားထက်ကျင် ရှိနေတယ်ရှင့်"

"ဟား .. ဟား .. ဟား .."

နံပါတ်လေး လူသတ်ကောင်က ကျယ်လောင်စွာ ရယ်မောသည်။ ထိုလူ၏ရယ်သံကို ကြားပြီးသည်နှင့် ယွန်းချောချော စိတ်ဓာတ်ကျတော့သည်။ အစ်ကိုထက်ကျင်ရှိနေလျှင် ဤရန်သူများ ဤသို့ရယ်မောရဲလိမ့်မည် မဟုတ်ချေ။

နံပါတ်လေး လူသတ်ကောင်က ...

"ရွှေပျံလွှားထက်ကျင် ဟိုဘက်အခန်းမှာ ရှိမနေပါဘူး၊ ရှိနေရင် ငါတို့ပြောတာတွေ သူကြားမှာပေါ့၊ သူ့ကို ပင့်ဖိတ်နေစရာတောင် မလိုဘူး၊ သူရောက်လာမှာ သေချာပါတယ်"

ထိုလူက စကားပြောခြင်းကို ခေတ္တရပ်ဆိုင်းပြီး ယွန်းချောချောကို စူးစူးရားရားကြည့်လိုက်၏။

"အခု မင်းလုပ်ရမယ့်အလုပ်တစ်ခုရှိတယ်၊ အလုပ်က မခက်ပါဘူး ... ပါးစပ်ကလေးလှုပ်ရုံပဲ၊ ဟိုဘက်အခန်းကို ရွှေပျံလွှား ထက်ကျင် ရောက်လာတဲ့အခါ မင်းက ဒီဘက်အခန်းကိုကူးခဲ့ဖို့ လှမ်းခေါ်ရုံပဲ"

ယွန်းချောချော အံ့ကြိတ်ရင်းပြောလေ၏။

"ရှင်တို့က မိန်းမလိုမိန်းမရ ကောက်ကျစ်တာပဲ၊ တိုက်ရဲခိုက်ရဲရင် မျက်နှာချင်းဆိုင် တိုက်ခိုက်ပေါ့၊ ဘာဖြစ်လို့ ဒီလိုအောက်တန်းကျတဲ့နည်းနဲ့ သူ့ကိုဖမ်းရတာလဲ"

နံပါတ်လေးလူသတ်ကောင်က အေးစက်စက်ရယ်၏။

"ကျုပ်တို့က အရာရာကို တရားသဖြင့်ဖြစ်အောင် စီမံပေးနေတဲ့ လူတွေမဟုတ်ဘူး၊ ကျုပ်တို့အကျိုးစီးပွားအတွက်ဆိုရင် ဘာမဆိုလုပ်ရဲတဲ့လူတွေဖြစ်တယ်"

"ဟင်း .. ဟင်း .. ဟင်း .. ကျွန်မကို ငါးစာအဖြစ်အသုံးပြုပြီး သူ့ကိုဖမ်းနိုင်လိမ့်မယ်ထင်ရင် ရှင်တို့ အမှားကြီးမှားသွားလိမ့်မယ်၊ ရွှေပျံလွှားဟာ ရှင်တို့ထင်သလို လူတုံးကြီးမဟုတ်ဘူးရှင့်"

"ဒါ မင်းအလုပ်မဟုတ်ပါဘူး၊ ငါတို့အလုပ်ပါ၊ မင်းအလုပ်က ငါတို့ခိုင်းတာလုပ်ဖို့ပဲ၊ မလုပ်ရင်တော့ လည်ပင်းအပြတ်ပဲ"





ယွန်းချောချောသည် ထိုလူများ မည်သို့အစီအမံရှိသည်ကို သိလိုသဖြင့် တစ်ချက်ထောက်၍ မေးလိုက်သည်။

"ရှင်တို့ သူ့ကို မဖမ်းနိုင်ပါဘူး"

"ဖမ်းနိုင်ပါတယ်"

"ရှင်တို့သုံးယောက်လောက်တော့ အစ်ကိုကြီးထက်ကျင်က မဖြုံသေးဘူးရှင့်"

"ဟား .. ဟား .. ဟား .. ကျုပ်တို့က သုံးယောက်တည်း မဟုတ်ပါဘူး၊ ဟော ... အပေါ်က ပြလိုက်စမ်းပါ"

နံပါတ်လေးလူသတ်ကောင်သည် ရုတ်တရက် မျက်နှာကြက်ပေါ်သို့ မော့ကြည့်လိုက်ပြီး အော်လိုက်ရာ ဝတ်စုံနက်တစ်ယောက် မျက်နှာကြက်ပေါ်မှ ပေါ်လာ၏။ ထိုလူ၏ ယွန်းချောချော၏ အခန်းအထက်တွင် ပိုက်ကွန်ကြီးတစ်ခုကို လျင်မြန်စွာ တပ်ဆင်နေသည်။

"ကဲ ... ကျေနပ်ပြီလား"

ယွန်းချောချောသည် ထိုမြင်ကွင်းကိုမြင်လိုက်ရသောအခါ စိတ်ထဲ၌ မသက်မသာဖြစ်သွားရသည်။ ထက်ကျင်ပြောခဲ့သည့် 'ပိုက်ထောင်ပြီးဝငါလာလိမ့်မယ်၊ ယုန်ကိုစောင့်နေဖို့ပဲ ရှိတော့တယ်" ဟူသည့်စကားကိုလည်း သတိရမိသည်။

ယခုမူ ရန်သူတို့က ထက်ကျင်အား ပိုက်ထောင်ပြီး စောင့်

နေကြလေပြီ။

'နှီ ... နှီ ...'

လေချွန်သံနှစ်ချက် ကြားလိုက်ရသောအခါ အခန်းထဲ၌ရှိနေသည့် လူသတ်ကောင်များ လှုပ်လှုပ်ရွရွဖြစ်သွားကြလေ၏။

"လာနေပြီ ... အားလုံးသတိထားကြ"

နံပါတ်လေး၏ သတိပေးချက်သည် အခန်းထဲ၌ ခပ်တိုးတိုးထွက်လာ၏။ သူသည် သတိပေးပြီးသည်နှင့် ခုတင်ပေါ်သို့ခုန်တက်ကာ ယွန်ချောချော၏ ခန္ဓာကိုယ်ကို ထိန်းချုပ်လိုက်သည်။

"သူ အခန်းထဲဝင်သံကြားရင် မင်းက ဒီဘက်ကနေ အော်ခေါ်လိုက်"

နံပါတ်လေးက ကြိုတင်၍ညွှန်ကြားသည်။ နံပါတ်လေးသည် ဒုစရိုက်ကောင်တစ်ဦး ဖြစ်ရုံမက လူကလည်း ညစ်ပတ်လှပေသေးသည်။ ထိုသူ၏ခန္ဓာကိုယ်မှ မသတီစရာကောင်းသော အနံ့အသက်များက ထောင်းထောင်းထနေရာ ယွန်ချောချောမှာ သူမ၏တစ်သက်တာ၌ စိတ်အဆင်းရဲဆုံး ခံစားနေရတော့၏။

သူမ၏မျက်နှာထားက သူမ၏စိတ်ခံစားနေရမှုကို အပြည့်အဝဖော်ပြနေရာ နံပါတ်လေးဖြစ်သူက ကျေနပ်အားရစွာ တမျှင်းမျှင်း ရယ်လေတော့၏။

"ဟင်း .. ဟင်း .. ဟင်း .. မင်းက ကျုပ်ကို မနှစ်သက်ဘူး



မဟုတ်လား။ အေး ... ဒီလိုအခြေအနေမျိုးကို တကယ်တမ်းမနှစ်သက်ဘူးဆိုရင်တော့ ကျုပ်ပြောတဲ့အတိုင်း အတိအကျလိုက်နာပေတော့"

ထိုစဉ်မှာပင် တစ်ဖက်ခန်းမှ လှုပ်ရှားသံများကို ကြားလိုက်ရလေ၏။

နံပါတ်လေးက ခပ်တိုးတိုးပြော၏။

"ခေါ်လိုက်လေ"

ယွန်ချောချောသည် မျက်စိတ်စုံမှိတ်ပြီး အံကိုတင်းတင်းကြိတ်ထားလေ၏။ လုံးဝ ပါးစပ်မဟပေ။

"ဩော် ... မင်းက ဒီလိုလား။ မင်းကို အသက်ထွက်အောင် လုပ်နိုင်တဲ့နည်းလမ်းတွေ ငါ့ဆီမှာ အများကြီးရှိတယ်ကွ"

လေသံမှုသောအသံဖြင့်ပြောသော်လည်း ကြောက်လန့်ဖွယ် အေးစက်နေပေသည်။ သို့သော် ယွန်ချောချောက ဂရုမစိုက်ပေ။ မျက်လုံးလည်း ဖွင့်မကြည့်ပေ။ နှုတ်ခမ်းလည်း တင်းကျပ်စွာ စေ့ပိတ်ထားသည်။

"ကောင်းပြီ ... မင်း ဘယ်လောက်တောင့်ခံနိုင်မလဲဆိုတာ ကြည့်ကြသေးတာပေါ့"

'ဖြီ ...'

နံပါတ်လေးသည် ယွန်ချောချော၏ အပေါ်အင်္ကျီကို ဆွဲဖြဲ

လိုက်ရာ ဖြူဝင်းသော အသားစိုင်များ ထွက်ပေါ်လာလေတော့သည်။

ယွန်းချောချောသည် ချောက်ကမ်းပါးထိပ်မှ အသူရာတမှုနက်သော ချောက်ကြီးထဲသို့ လိမ့်ကျသွားသကဲ့သို့ ခံစားလိုက်ရသည်။ ထွက်သွားလုလုအသံကို အချိန်မီပြန်ထိန်းနိုင်လိုက်သည်။

ရှက်ရွံ့ခြင်းတည်းဟူသော ဝေဒနာကို ပြင်းထန်စွာခံစားနေရသဖြင့် မျက်ရည်ပူကြီးများ တလိမ့်လိမ့်ဆင်းလာလေတော့၏။ သို့သော် နှုတ်ခမ်းကိုမူ တင်းကျပ်စွာ စေ့ပိတ်ထားသည်။

နံပါတ်လေးသည် အေးစက်စက်ရယ်လိုက်ပြီး ...

"မင်းက တကယ့်ကို စိတ်ဓာတ်ခိုင်မာတဲ့ မိန်းကလေးကိုး၊ အေး ... မင်းကိုယ်ပေါ်က အဝတ်အစားတွေအားလုံး ကျွတ်သွားတဲ့အထိ တောင့်ခံနိုင်ရင်တော့ ငါတွေ့ဖူးတဲ့မိန်းမတွေထဲမှာ မင်းဟာ စိတ်ဓာတ်အခိုင်မာဆုံးဖြစ်မှာပဲ၊ ဟင်း .. ဟင်း .. ဟင်း .."

"ခေါ်မလား ... မခေါ်ဘူးလား"

ယွန်းချောချောသည် ပါးစပ်ကိုသာ တင်းတင်းကျပ်ကျပ်ပိတ်ထားသည်။

"ကဲ ..."

'ဖြဲ ... ဖြဲ ...'

သူမခမျာ သတိလစ်သွားသလို ခံစားလိုက်ရှာသည်။



"ဟင်း ... မင်းက ကိုယ့်ကိုယ်ကိုယ် လှတယ်ဆိုပြီး ဘဝင်မြင့်နေတာကိုး၊ အေး ... အဲဒီအလှကို ငါ ဘယ်လိုစားသုံးတတ်တယ်ဆိုတာ သိရင်တော့ မင်း ဒီလိုငြိမ်နေဦးမှာ မဟုတ်တော့ပါဘူးကွာ"

နံပါတ်လေးသည် ယွန်းချောချော၏ ဖြူဝင်းသောခါးကလေးကို သူ၏ ကြမ်းတမ်းသောလက်ဖဝါးကြီးနှင့် ကိုင်လိုက်လေ၏။

ယွန်းချောချောမှာ ထိတ်လန့်လွန်းလှသဖြင့် သူမ၏ရင်အတွင်းမှ အသည်းနှလုံးအားလုံး ပါးစပ်မှ ထွက်သွားသလို မချိမဆံ့ခံစားလိုက်ရသည်။ စိတ်ဓာတ်ကိုလည်း တင်းမထားနိုင်တော့ပေ။

"အမလေး"

❖ ❖ ❖

## အခန်း (၂၉)
## ရင်ခုန်စရာအဖြစ်အပျက်

နံပါတ်လေးသည် ချက်ချင်းပင် ယွန်ချောချော၏ပါးစပ်ကို လက်ဖြင့် လှမ်းပိတ်လိုက်လေ၏။

'ဝုန်း ...'

တံခါးချပ်ကြီးသည် ဝုန်းခနဲမြည်ပြီး ပွင့်သွား၏။

လူတစ်ယောက်သည် ရိပ်ခနဲခုန်ဝင်လာ၏။ မျက်နှာကြက်ပေါ်၌ ဖြန့်ကြက်ထားသော ပိုက်ကွန်ကြီးကလည်း ဖွေးခနဲကျလာ၏။

ဝင်လာသည့်လူရိပ်သည် ပိုက်ကွန်ထဲ၌ ကားခနဲမိသွားသည်။ ကြိုးစကို စုသိမ်းချုပ်ကိုင်လိုက်ကြသည်။

အခန်းထဲသို့ ရောက်ရှိလာသူသည် လုံးဝမလှုပ်ရှားနိုင်တော့ပေ။ ပိုက်ကွန်ဖြင့်လုံးထွေးနေသော ခန္ဓာကိုယ်ထဲသို့ ဓားတစ်စင်းက လက်ခနဲထိုးစိုက်သွား၏။ ဓားသည် စွပ်ခနဲဝင်သွား၏။

"အား ..."

နက်ကျယ်စွာအော်လိုက်သည့် အသံကြီးသည် အခန်းထဲ၌



ဟိန်းသွား၏။

နံပါတ်လေးသည် သူ့ဓားဖြင့် ဆက်ကာဆက်ကာ ထိုးလိုက်သည်။ ထိုဓားချက်များကို ထက်ကျင် မည်သို့မျှ ရှောင်နိုင်မည်မဟုတ်ပေ။

ပိုက်ကွန်ဖြင့် ရစ်ပတ်ခံရ၍ သူဖြစ်လျှင် ရှောင်လင်ကျောင်းတော်၏ ဂိုဏ်းချုပ်ကြီးသော်မှ ထိုဓားချက်များကို ရှောင်နိုင်ကောင်းမှ ရှောင်နိုင်ပေလိမ့်မည်။

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

ထန်ဆက်ဘွန်ဂိုဏ်းမှ နံပါတ်လေးလူသတ်ကောင်သည် ချင်းချိန်တည်းခိုခန်းတစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင် ရယ်မောလေတော့၏။

"ရွှေပျံလွှား ... ရွှေပျံလွှား ... မင်း ဘယ်လောက်မြန်မြန်ပျံနိုင်သလဲ၊ မင်း ဘယ်လောက်ပဲလျင်တယ်ဆိုတို နောက်ဆုံးတော့ လူသတ်ကောင်တွေရဲ့လက်ချက်နဲ့ အသက်ထွက်ရတာပဲ မဟုတ်လား"

ယွန်ချောချောမှာ ဖြေမဆည်နိုင်အောင် ငိုရှိုက်မိလေတော့၏။

သူမ၏အရှက်ကိုလုံနိုင်ရန် ခုတင်ပေါ် မှောက်လျက်ရှိနေခြင်း ဖြစ်ပေသည်။

"အစ်ကိုထက်ကျင် ... အစ်ကို့ကို ညီမလေး သတ်လိုက်သလို ဖြစ်သွားပါပြီ၊ ကျွန်မမသေသေးရင် အစ်ကို့အတွက် လက်စားချေဖို့ ကတိပေးပါတယ် အစ်ကိုရယ်"

နံပါတ်လေးက အော်ဟစ်၍ အမိန့်ပေးလိုက်သည်။

"သူရဲကောင်းကြီး ရွှေပျံလွှားရဲ့ အလောင်းကို ဂုဏ်ပြုတဲ့ အနေနဲ့ ကျီးစာခွေးစာပစ်ရမယ်၊ ပိုက်ကွန်ကို ဖြည်ချလိုက်တော့"

ဘေးမှလူနှစ်ယောက်က ပိုက်ကွန်ကို ဖြည်ချလိုက်တော့သည်။

အနက်ရောင်ဝတ်စုံဝတ်ထားသည့် အလောင်းကြီးသည် ကြမ်းပြင်ပေါ်၌ မှောက်လျက်ကြီးလဲကျနေလေသည်။ နံပါတ်လေးက ခြေထောက်ဖြင့် ထိုးကော်လှန်လိုက်သည်။

"ဟာ ..."

အားလုံး အံ့သြထိတ်လန့်ကုန်တော့၏။ နံပါတ်လေးက မယုံကြည်နိုင်သော မျက်နှာဖြင့်ကြည့်ကာ တုန်တုန်ယင်ယင်ပြောနေလေ၏။

"ဒါ ... ဒါ ... နံပါတ်ခြောက် ... နံပါတ်ခြောက်ပဲ၊ ဘယ်လိုဖြစ်တာပါလိမ့်"





"မှားကုန်ပြီ၊ နံပါတ်ခြောက် ... နံပါတ်ခြောက်က ဘာဖြစ်လို့ ခုနဝင်လာရတာလဲ"

ယွန်ချောချောမှာ သူမ၏နားကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။

"အစ်ကိုမဟုတ်ဘူးဆိုပါလား"

သူမသည် ထ၍မကြည့်ရပေ။ ခေါင်းကို အသာစောင်းငဲ့၍ ကြည့်ရ၏။ အလောင်းကိုမြင်ရုံဖြင့် ရွှေပျံလွှားထက်ကျင်မဟုတ်ကြောင်း သိလိုက်သည်။

"ဒါ ... ဒါ ... အစ်ကိုမဟုတ်ဘူး"

သူမ၏ဝမ်းထဲ၌ ဖော်မပြနိုင်လောက်သည့် ဝမ်းသာမှုကို ခံစားလိုက်ရတော့သည်။ သေသူမှာ လွန်စွာရုပ်ဆိုးလှ၏။ မျက်နှာ၌လည်း အမာရွတ်များ တင်းကြမ်းပြည့်နေသည်။ ထိုသူက ထန်ဆက်ဘွန်ဂိုဏ်းမှ နံပါတ်ခြောက်ပေတည်း။

"မင်းတို့ တော်တော်အသုံးမကျတာပဲ၊ ဘာဖြစ်လို့ ပိုက်ကွန်ကို အရမ်းချရတာလဲ၊ ခုတော့ အားလုံးမှားကုန်ပြီ"

"နံပါတ်လေးအစ်ကိုကြီး ... ခုနဝင်လာတဲ့လူဟာ ကျွန်တော်တို့ရဲ့ နံပါတ်ခြောက်ဖြစ်လိမ့်မယ်လို့ ဘယ်သူကထင်မှာလဲ၊ အစ်ကိုကြီးကော နံပါတ်ခြောက်မှန်းသိလို့လား"

နံပါတ်လေးမှာ ချက်ချင်း ပါးစပ်ပိတ်သွားတော့၏။ မည်

သူ့ကိုမူ အပြစ်တင်၍မရမှန်း သူသိပါသည်။

"ကိစ္စမရှိဘူး၊ ငါးစာဟာ ငါတို့လက်ထဲမှာပဲရှိသေးတယ်၊ သူ့ကို ဖမ်းခေါ်သွားကြမယ်"

"ဖြစ်ပါ့မလား နံပါတ်လေးအစ်ကိုကြီး၊ လမ်းမှာ သိပ်အန္တရာယ်များလိမ့်မယ်နဲ့ တူတယ်"

"ဘာအန္တရာယ်များမှာလဲ"

"ရွှေပျံလွှားက ကျွန်တော်တို့ကို ဒုက္ခမပေးဘဲ အေးအေးဆေးဆေးနေပါ့မလား"

"သူတို့ကို ဒုက္ခပေးလာမှ ငါတို့က သူ့ကို အသေသတ်နိုင်မှာပေါ့၊ ဒီငါးစာကိုခေါ်သွားတာဟာ ရွှေပျံလွှား တို့နောက်လိုက်လာအောင်လို့ပဲ"

နံပါတ်ရှစ်က ဝင်မေးသည်။

"အခု ဘယ်သူ့လက်ချက်လဲ"

နံပါတ်လေးက တင်းမာသောမျက်နှာထားဖြင့် ဖြေသည်။

"ဘယ်သူ့လက်ချက်ရမလဲ ... ရွှေပျံလွှားလက်ချက်ပေါ့၊ သူရိပ်မိသွားပြီ၊ ဒီကောင်မ အူကြောင်ကြောင်လုပ်နေတာလည်း ပါတယ်"

"ကျွန်တော်တို့ရဲ့ ထောင်ချောက်ထဲကို ဒီကောင်ဘယ်ဝင်တော့မလဲ"



"ဘာဖြစ်သလဲ ... ဒီကောင် မလိုက်လာရင် ဒီကောင်မကို သုံးပိုင်းပိုင်း သတ်ပစ်မယ်၊ အလောင်းကို နေပြည်တော်ရဲ့ လမ်းဆုံလမ်းခွမှာ ချထားလိုက်မယ်"

"အဲဒီလိုလုပ်ရင် ရွှေပျံလွှားက ကျွန်တော်တို့ကို ဘယ်လိုလက်တုံ့ပြန်မှာလဲ"

"ငါတို့ကို ဘယ်လိုပဲပြန်ပြန် အကြောင်းမဟုတ်ဘူး၊ တွေ့တွေ့ဆိုင်ဆိုင်တွေ့လို့ကတော့ ဒီကောင်မသက်သာပါဘူး၊ အခုလည်း ခိုးကြောင်ခိုးဝှက်နဲ့ မလိမ့်တပတ်လုပ်သွားတာ၊ ဉာဏ်နီဉာဏ်နက်များတဲ့ကောင်ကို ယွန်ကတော်နဲ့ ယွန်ကီးက လိုက်သတ်ကြလိမ့်မယ်၊ ဒီကောင်မ ရွှေပျံလွှားနဲ့ပါသွားတယ်ဆိုတာ သူတို့သိထားကြတာပဲ"

နံပါတ်လေး၏အစီအစဉ်မှာ ဝိရိသေသပ်ခြင်းမရှိပါ။ ရွှေပျံလွှားသည် ယွန်ချောချော အသတ်ခံရသည်အထိ စောင့်ကြည့်နေမည်မဟုတ်ကြောင်း နံပါတ်ရှစ်သိသည်။

သို့သော် ဝါစဉ်က စကားပြောသည်။ နံပါတ်လေးကို သူက ဆရာလုပ်နိုင်ခွင့်မရှိပေ။ ထန်ဆက်ဘွန်ဂိုဏ်းသည် ဝါစဉ်ကြီးသူ၏အမိန့်ကို တစ်သွေးတစ်သံတစ်မိန့် ရိုကျိုးစွာ လိုက်နာရမည်။

လူသတ်သမားများ ပြောနေသည့်စကားများကို ယွန်ချောချော ကောင်းစွာကြားနေရ၏။

သူမသည် ခုတင်ပေါ်မှ မထရဲပေ။ မှောက်လျက်ပင် အိပ်

နေရသည်။

သို့ရာတွင် ဤလူသတ်သမားများက သူမအား အပြင်သို့ ခေါ်ထုတ်မသွားရန်အတွက် တတ်နိုင်သမျှ အချိန်ဆွဲရမည်ဖြစ်ကြောင်း ယွန်ချောချော နားလည်သည်။ သို့မှသာ ထက်ကျင်အဖို့ သူမအားကယ်တင်ရန် ပြင်ဆင်ချိန်ရပေလိမ့်မည်။

"ရှင်တို့က ကျွန်မကိုသတ်ပစ်လိုက်ပြီးတာနဲ့ ဒီအပြစ်ကြီးဟာ အစ်ကိုထက်ကျင်အပေါ် ပုံကျသွားလိမ့်မယ်လို့ ရှင်တို့ထင်နေသလား"

သူမက ခုတင်ပေါ်မှ စောင်းငဲ့၍ပြောလိုက်၏။

"မင်းနဲ့သူ အတူတူလျှောက်သွားနေတာ သိုင်းလောကသားတွေ သိကြတယ်၊ မင်းကို သူမသတ်ရင် ဘယ်သူသတ်မှာလဲ"

"ဟင်း .. ဟင်း .. ဟင်း .. ရွှေပျံလွှားက လူကောင်းတစ်ယောက်၊ မိန်းကလေးတစ်ယောက်ကို သတ်ပစ်လိုက်တယ်လို့ ရှင်တို့ကြားဖူးသလား"

နံပါတ်လေး တွေဝေသွားသည်။ ယွန်ချောချောက ဆက်ပြောသည်။

"ဘယ်သိုင်းလောကသားကမှ ကျွန်မကို ရွှေပျံလွှားသတ်တယ်လို့ယူဆမှာမဟုတ်ဘူး၊ ဖေဖေနဲ့ မေမေကတော့ ဝေးရော"

နံပါတ်လေး ဒေါသထွက်လာသည်။



"အေး ... ဘာပဲဖြစ်ဖြစ် ငါတို့လူ နံပါတ်ခြောက်သေရတဲ့အတွက် နင့်ကို သုံးပိုင်းပိုင်းပြီး သတ်ပစ်ရမှာပဲ"

"ရှင်တို့က ရွှေပျံလွှားကို သတ်ဖို့ကြံတာကိုး၊ ဒီတော့ ရှင်တို့လူသေတာ ကိုယ့်အပြစ်နဲ့ကိုယ် ခံရတာပဲ"

နံပါတ်လေးက ခါးသီးစွာပြောလေ၏။

"ငါတို့လိုချင်တာ နင့်အမေယွန်ကတော်ကိုပဲ၊ နင့်ကိုမဟုတ်ဘူး၊ နင်က ခြေရှည်ပြီး ရွှေပျံလွှားကို လျှောက်ခေါ်လာလို့ အခုလို ပြဿနာတွေ တက်ကုန်ရတာ၊ နင့်ကို ရက်ရက်စက်စက်သတ်မှ ငါတို့ ဂိုဏ်းက ငါတို့ကို မျက်နှာသာပေးလိမ့်မယ်"

"ဩော် ... ရှင်တို့လုပ်သမျှ ကျွန်မတို့က ငြိမ်ခံနေရမယ်ပေါ့၊ အတော်တရားမျှတပါကလား"

နံပါတ်လေးသည် နံပါတ်ခုနစ်နှင့် နံပါတ်ရှစ်တို့ကို အမိန့်ပေးလိုက်၏။

"ကဲ ... မင်းတို့နှစ်ယောက် ရှေ့ကထွက်ပြီး လမ်းရှင်းထားစမ်း၊ ဒီကောင်မကို ငါထမ်းပြီးခေါ်ခဲ့မယ်၊ မြင်းရထားပေါ် မရောက်ခင် ဟိုကောင်ဝင်လုမှာ စိုးရိမ်ရတယ်"

နံပါတ်ခုနစ်နှင့် နံပါတ်ရှစ်တို့၏ မျက်လုံးများ၌ ထိတ်လန့်ကြောက်ရွံ့သော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

သူတို့သည် လက်မရွံ့လူသတ်သမားများ ဖြစ်သော်လည်း

ရွှေပျံလွှားထက်ကျင်ကိုမူ ကြောက်၍လာသည်။ ဖြုံကြသည်။

သို့သော် နံပါတ်လေး၏အမိန့်ကို သူတို့ မဖီဆန်ဝံ့ကြပေ။ သူတို့၏လက်နက်များကိုထုတ်ပြီး အခန်းအပြင်ကို သတိကြီးစွာထွက်ကြ၏။ ဘေးဘီဝန်းကျင်ကိုကြည့်ပြီး နံပါတ်လေးကို ပြန်လည်အစီရင်ခံကြသည်။

"အခန်းအပြင်မှာ အားလုံးရှင်းနေပါတယ်"

နံပါတ်လေးသည် ယွန်ချောချောအား ကျောခိုင်းလျက် နံပါတ်ခုနစ်နှင့် နံပါတ်ရှစ်တို့၏ အပြုအမူကို သေချာစွာ လှေ့လာနေ၏။ အထူးဂရုစိုက်အစီရင်ခံမိကြောင်းသေချာမှ ယွန်ချောချောရှိရာ ခုတင်သို့ သူ့ကိုယ်ကို ပြန်လှည့်သည်။

"ဟာ ..."

"အား ..."

အာမေဋိတ်သံနှင့် နာကျင်စွာအော်လိုက်သံသည် တစ်ဆက်တည်း ထွက်ပေါ်လာသည်။ ထို့နောက် နံပါတ်လေး ပြိုလဲကျသွားလေ၏။ သူသည် ရင်ဝကို လက်ဖြင့်ဖိရင်း အံ့သြစွာမေးလိုက်၏။

"မင်း ... မင်း ... ဘယ်လိုရောက်လာတာလဲ"

သူ့ပါးစပ်ထဲမှ သွေးများ ဝေ့ခနဲထွက်လာသည်။ ခုတင်ပေါ်၌ ရပ်နေသူကား ရွှေပျံလွှားထက်ကျင်ပေဟည်း။



ထက်ကျင်သည် ခုတင်အောက်သို့ခုန်ချလိုက်ပြီး သွေးစွန်းနေသည့်ဓားကို နံပါတ်လေး၏အင်္ကျီဖြင့် သုတ်လိုက်သည်။

"အစ်ကို ... အစ်ကိုထက်ကျင်"

ယွန်ချောချောသည် ခုတင်ပေါ်မှခုန်ထပြီးနောက် ထက်ကျင်အား ဖက်၍ငိုလေတော့၏။

ထက်ကျင်သည် ယွန်ချောချောအား အလိုက်သင့်ဖက်၍ နှစ်သိမ့်မှုပေးသည်။

"ချောချော ... မင်းဟာ တကယ်စိတ်ဓာတ်ခိုင်ကျည်တဲ့ မိန်းကလေးပါပဲ၊ နောက်ဆုံး မတတ်သာတဲ့အချိန်ကျမှ အသံထွက်ခဲ့သူပါ၊ မင်း ဒီလောက် ကိုယ့်စိတ်ကိုထိန်းနိုင်လို့ အားလုံးကို ဒီလို ဗိုဗိုရိရိ စီစဉ်နိုင်ခဲ့တာပါ၊ မငိုပါနဲ့ မိန်းကလေးရယ် ... တိတ်ပါ၊ မင်းကိုလည်း ငါ တကယ်ချီးကျူးမိပါတယ်"

ထက်ကျင်မှာ အခြေအနေအရ ဖက်၍နှစ်သိမ့်မှုပေးရသော်လည်း သူ့ရင်ထဲ၌မူ ကတုန်ကယင်ဖြစ်နေရသည်သာ ဖြစ်ပါ၏။

သူသည် မ,နှင့်ကင်းရှင်းသော လူရွယ်တစ်ဦးဖြစ်ရာ ကိုယ်အထက်ပိုင်း ဗလာကျင်းနေသည့် မိန်းမပျိုကလေးက သူ့အားဖက်ငိုနေသည့်အခါ အတွေ့အထိအရ လွန်စွာစိတ်လှုပ်ရှားနေရတော့သည်။

ထို့ပြင် ယွန်ချောချောသည် လွန်စွာချောမောသော မိန်းကလေးတစ်ဦး ဖြစ်နေပြန်သေးရာ ရိုးရိုးသားသားကူညီခဲ့သည့် သူ၏

စေတနာများ အမည်းစက်စွန်းထင်းကုန်မည်ကို စိုးရိမ်မိသဖြင့် သူမ၏ ခန္ဓာကိုယ်ကို အသာလေးခွာပြီး အဝတ်အစားများ ဝတ်ဆင်နိုင်းလိုက်တော့၏။

"ငိုမနေနဲ့တော့ ညီမလေး ... သွား ... အဝတ်တွေသွားဝတ်ပေတော့၊ အဝတ်ဟောင်းတွေ ဝတ်လို့မရရင် စောင်တစ်ထည်ခြုံထားလိုက်၊ တော်ကြာ ဆိုင်ရှင်နဲ့ အလုပ်သမားတွေဝင်လာရင် အားလုံးခက်ကုန်လိမ့်မယ်"

ယွန်းချောချောသည် ထိုအခါကျမှ သူမအဖြစ်ကို မေ့မေ့လျော့လျော့ဖြင့် ထက်ကျင်အား ပြေးဖက်မိသည့်အဖြစ်ကို သတိရတော့သည်။

မျက်နှာတစ်ပြင်လုံးလည်း ရဲရဲတွတ် နီမြန်းသွားတော့သည်။

သူမ၏ ကိုယ်အထက်ပိုင်း လုံခြုံစေရန် လက်ကလေးပိုက်ပြီး ခုတင်ပေါ်မှစောင်ကို ပြေးခြုံသည်။

သူမ၏အဝတ်ဟောင်းများကို ထူထူပူပူနှင့် ဆွဲယူဝတ်ရာ ပထမပိုင်း၌ အလွဲလွဲအချော်ချော် ဖြစ်နေသေးသည်။

ထက်ကျင်သည် ယွန်းချောချောအားလှည့်မကြည့်ဘဲ လှမ်းပြောလေ၏။

"ညီမလေး ... မနေ့ကဝတ်စုံဟောင်း ဒီအခန်းထဲမှာရှိလိမ့်





မယ်၊ ယောက်ျားဝတ်စုံလေ၊ ဒီအခန်းတွေကို အခြားဘယ်သူမှ မဝင်သေးပါဘူး။ မင်းဝတ်စုံအကောင်းတွေ ရှိနေမှာသေချာပါတယ်"

ယွန်းချောချောသည် မလုံမလဲဖြစ်နေသော အဝတ်များကို ပြန်ချွတ်ပြီး သူမ၏ဝတ်စုံအဟောင်းကို ရှာဝတ်ရပြန်၏။

ထိုအခါကျမှ သူမ၏အရှက်များ လုံခြုံသွားတော့သည်။

သူမသည် ဓားရှည်ကိုဆွဲပြီး ထက်ကျင်ဘေးမှ ဖြတ်ကျော်သွား၏။ ထက်ကျင်၏ ယွန်းချောချော၏လက်မောင်းကလေးကို ဖမ်းဆွဲလိုက်၏။

"ညီမလေး ... မင်းဘာလုပ်မလို့လဲ"

ယွန်းချောချောသည် ထက်ကျင်၏မျက်နှာကိုမကြည့်ဘဲနှင့် ခေါင်းငုံ့ပြော၏။

"အပြင် ... အပြင်မှာ လူသတ်သမား နံပါတ်ခုနစ်နဲ့ နံပါတ်ရှစ် ရှိသေးတယ်၊ သူတို့ကိုသတ်ပစ်မယ်၊ ညီမကို အရှက်ရအောင်လုပ်တဲ့ သူတွေထဲမှာ သူတို့လည်းပါတယ်"

ထက်ကျင်သည် ယွန်းချောချော အနေရထိုင်အရသက်သာစေရန် တမင်ပင် ရယ်ရယ်မောမောပြောလေ၏။

"ဟား .. ဟား .. ဟား .. ညီမရဲ့အတွေးအခေါ်တွေလည်း ဖြန်ညံ့သွားပါကလား၊ သူတို့က ရွှေပုံလွှားထက်ကျင် ထွက်လာပြီး သူတို့ကို လာသတ်တဲ့အထိ စောင့်နေမယ်လို့ မင်းထင်သလား၊ အခု

ဆိုရင် သူတို့ဟာ ဌာနချုပ်ကို ရောက်နေလောက်ရောပေါ့"

"အစ်ကိုက ဘာဖြစ်လို့ သူတို့ကို အသက်ချမ်းသာခွင့်ပေး လိုက်ရတာလဲ"

ယွန်ချောချောသည် စောစောက အရှက်ရခဲ့သည့်အဖြစ်ကို မေ့သွားပြီး နှုတ်ခမ်းကလေးစူကာ ပြောလေ၏။ ထက်ကျင်ကရယ် ပြီး ...

"ညီမလေး ငါ့ကို တန်ခိုးရှင်လူစွမ်းကောင်းကြီးများ ထင်နေသလားကွယ်၊ သူတို့ကို ငါလိုက်သတ်နေရင် မင်းက ဒီအခန်းထဲမှာ ကျန်ရစ်မယ်၊ ထန်ဆက်ဘွန်ဂိုဏ်းဆိုတာ အင်မတန်ညာဏ်များတဲ့ လူစုတွေ စုဖွဲ့ထားတဲ့ဂိုဏ်းပဲဖြစ်တယ်၊ ငါ အပြင်မှာ ဓားချွဲတိုက်နေတုန်း ထန်ဆက်ဘွန်ဂိုဏ်းသားတွေက မင်းကိုဖမ်းပြီး မတော်တရော် လုပ်ရင် မခက်ပါလား၊ ရန်သူနဲ့ ရင်ဆိုင်တဲ့အခါတိုင်း ကိုယ်က သူ့ကို ခေါင်းဖြတ်ဖို့ချည်း စဉ်းစားနေလို့ မဖြစ်သေးဘူး၊ ကိုယ့်ခေါင်းအဖြတ် မခံရဖို့ကလည်း အရေးကြီးသေးတယ်"

ယွန်ချောချောသည် သူမအပေါ် နောက်ဆံငင်လှသော ထက်ကျင်၏စေတနာကို သိလိုက်ရသောအခါ ရင်ဝယ် တသိမ့်သိမ့် ခုန်သွားရလေတော့သည်။

❖ ❖ ❖



## အခန်း (၃၀)
## မျက်စိနှားဖွင့် ပါးစပ်ပိတ်

"ဒါပေမဲ့ ဒီကောင်တွေ လွတ်သွားပြီဆိုပြီး စိတ်မကောင်းဖြစ်မနေနဲ့၊ ဒီကောင်တွေ ငါ့လက်ထဲက မလွတ်နိုင်ပါဘူး"

"အစ်ကိုက သူတို့ဌာနချုပ်ကို သိပြီးလို့လား"

"မသိပါဘူး၊ ငါ့လူတွေ လွှတ်ထားပါတယ်၊ သူတို့ကို စောင့်ပြီးသုတ်သင်လိမ့်မယ်"

ယွန်ချောချောသည် အစစအရာရာ အဆင်သင့်ပြင်ဆင်ထားတတ်သည့် ထက်ကျင်၏အပြုအမူကို ချီးကျူးမိလေသည်။

"စောစောက အခန်းထဲမှာ အစ်ကိုမရှိဘဲ ညီမလေးရဲ့အခန်းထဲကို အစ်ကို ဘယ်လိုလုပ်ရောက်လာတာလဲဟင်"

"မင်းကို ကိုယ့်အခန်းကိုယ်ပြန်နိုင်းပြီးကတည်းက ငါ အပြင်ကိုထွက်တာပဲ၊ ထန်ဆက်ဘွန်ဂိုဏ်းဆိုတာက အင်မတန်ကြီးမားတဲ့ လူဆိုးဂိုဏ်းကြီးပဲ၊ ငါက တစ်ကိုယ်တော်၊ တကယ်တမ်း ရင်ဆိုင်တွေ့ရင် အများနဲ့တစ်ယောက် သိပ်မလွယ်ဘူး၊ ဒါကြောင့်မို့ ငါ့မိတ်ဆွေ

ဟောင်းနှစ်ယောက်ဆီမှာ သွားအကူအညီတောင်းရတယ်"

"အစ်ကိုပြန်လာတော့ သူတို့ရောက်နေသည်ကို သိနေတယ်ပေါ့"

"မသိဘူး၊ တည်းခိုဆောင်အဝင်ကျရင် သတိထားရမယ်ဆိုတဲ့ အသိတော့ ရှိတာပေါ့လေ၊ အဲဒီမှာတင် လေချွန်သံနှစ်ချက် ခပ်သဲ့သဲ့ကြားလိုက်ရတယ်၊ အဲဒါ သူတို့အမှားပဲ၊ ဒီလိုနေရာမျိုးမှာ ဒီ လေချွန်သံက ဘာမှမဆိုင်ဘဲကိုး၊ ထန်ဆက်ဘွန်ဂိုဏ်းသားတွေ ရောက်နေပြီဆိုတာသိတော့ ငါလည်း နောက်က လှည့်ဝင်တယ်၊ နောက်ဘက်ကအစောင့်ကိုဖမ်းပြီး သွေးကြောပိတ်ခေါ်ခဲ့တယ်၊ အခန်းထဲကို ပစ်လွှတ်လိုက်တဲ့အခါမှာတော့ သွေးကြောဖွင့်ပြီး ပစ်လွှတ်ပေးလိုက်တာပဲ"

"အစ်ကို ... အဲဒါ လူသတ်ကောင် နံပါတ်ခြောက်လေ"

"သိတယ် ... အဲဒီဆယ့်နှစ်ယောက်စလုံး သေမှအေးမှာ"

"ညီမလေးအခန်းထဲကိုရောက်လာပုံကရော ..."

ထက်ကျင်သည် နံရံနှင့်ကပ်ထားသော သစ်သားခုတင်ကို ဘေးသို့ ဆွဲဖယ်လိုက်သည်။ အောက်ခြေ၌ လူတစ်ယောက်ဝင်နိုင်သော အပေါက်တစ်ပေါက်ရှိနေသည်။ ထိုအပေါက်ကို ပတ္တာဖြင့် အဖွင့်အပိတ်ပြုလုပ်နိုင်သည်။

"ဒီချင်းချိန်တည်းခိုဆိုင်ပိုင်ရှင်ဟာ ငါ့ကျေးဇူးမကင်းဘူး၊ ဒီ



အခန်းတွေကို လူတိုင်းကို ငှားလေ့မရှိဘူး၊ အရေးပေါ်အခြေအနေမှာမှ ဒီအပေါက်ထဲက ငါဝင်လာတာပဲ"

ပွန်ချောချောက နှုတ်ခမ်းလေးစူ၍ ပြောလေ၏။

"ဒီလိုဖြစ်နိုင်မှန်းသိရင် ညီမလေးကို ကြို့ပြောထားသင့်တာ"

ထက်ကျင်က ရယ်ပြီး ...

"ငါပြောထားသားပဲ၊ နီးနီးကြားကြားအိပ်ပါလို့၊ မင်းဘာသာ အော်မနီးခေါ်မနီး အိပ်နေတာတော့ ငါလည်းမတတ်နိုင်ဘူး"

ပွန်ချောချောသည် ကြမ်းပြင်၌ လဲကျသေဆုံးနေသည့် နံပါတ်လေးအား တွေ့လိုက်ရသောအခါ ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားသည်။ ဓားကိုဆွဲထုတ်ပြီး အပိုင်းပိုင်းအထစ်ထစ် ခုတ်ရန် ဟန်ပြင်သည်။

ထက်ကျင်က ပွန်ချောချော၏လက်ကို ဖမ်းဆွဲလိုက်လေသည်။

"ညီမလေး ... မလုပ်နဲ့"

သူသည် နံပါတ်လေး၏မျက်နှာဖုံးကို ဆွဲချွတ်လိုက်၏။ ထက်ကျင်ကိုယ်တိုင် အံ့သြသွားသည်။

"ဒီကောင် ... ဟန်ရှုပဲ"

"အစ်ကို သူ့ကိုသိသလား"

"သိတယ် ... သူ့ကို ပန်းစားဘီလူး ဟန်ရှလို့ခေါ်တယ်၊ ခပ်ရိုင်းရိုင်းပြောရင် မုဒိမ်းကောင်ပေါ့လေ"

ယွန်ချောချောမှာ စောစောကအဖြစ်ကို ပြန်လည်သတိရလာပြီး မျက်နှာတစ်ပြင်လုံး နီရဲတက်လာသည်။ ထက်ကျင်က ဆက်ပြော၏။

"သူဟာ ... တစ်ကောင်ကြွက်ပဲ၊ ငယ်ငယ်က သူများတကာရဲ့ ရောင်းစားခြင်းကို ခံခဲ့ရတယ်၊ သူများအိမ်တွေမှာ ကျွန်လိုနေခဲ့ရတယ်၊ အဲဒီကထွက်ပြေးပြီး ကျန်ရူးနယ်က အမှောင်လောကထဲရောက်လာတာပဲ၊ အောက်လမ်းသိုင်းသမားတစ်ယောက်က သူ့ကိုတပည့်အဖြစ်ပြီး သူတတ်သမျှသိုင်းပညာတွေ သင်ပေးခဲ့တယ်၊ သူကလည်း ကြိုးကြိုးစားစားသင်လို့ ထူးထူးချွန်ချွန်တတ်မြောက်ခဲ့တယ်၊ သူ့ သိုင်းပညာလည်းတတ်ပြီးရော မိန်းကလေးအတော်များများဟာ ပန်းကောင်းအညွန့်ကျိုး ဖြစ်ရတာပဲ"

ယွန်ချောချောက မျက်နှာနီနီဖြင့် မေးလိုက်သည်။

"သူက ထန်ဆက်ဘွန်ဂိုဏ်းထဲ ဘယ်လိုရောက်သွားတာလဲ"

"သိပ်မထူးဆန်းပါဘူး၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ အောက်လမ်းသိုင်းသမားတွေ၊ ဒုစရိုက်သမားတွေကို နည်းအမျိုးမျိုးနဲ့ ဖြားယောင်းသိမ်းသွင်းတဲ့ဂိုဏ်းပဲ၊ ဒီလိုကောင်မျိုး ထန်ဆက်ဘွန်ဂိုဏ်းထဲ



လွယ်လွယ်ရောက်နိုင်တာပဲ၊ ဒါပေမဲ့ လူသတ်ကောင် နံပါတ်လေးအဆင့်ရနေတာကတော့ အတော်ထူးခြားတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းထဲမှာ လူသတ်ကောင်တွေဟာ အခွင့်ထူးခံပုဂ္ဂိုလ်တွေပဲ"

ယွန်ချောချောသည် နံပါတ်လေး၏ မသတီစရာမျက်နှာကို မြင်လာမိပြီး ရင်ထဲ၌ ပျို့အန်ချင်သ ပိုဖြစ်လာသည်။ နံပါတ်လေးကြောင့် ရွှေပျံလွှားနှင့် မျက်နှာပူစရာ၊ ရင်ခုန်စရာအဖြစ်လည်း ကြုံတွေ့ခဲ့ရသည်။

"အစ်ကို ... ညီမလေးအခန်းထဲမှာ ဝိုက်ကွန်ထောင်ထားတာရော သိလားဟင်"

"ဘယ်သိမလဲ၊ မင်းကိုအကျပ်ကိုင်ပြီး ငါ့အတွက်ထောင်ချောက်တစ်ခုခု လုပ်ထားလိမ့်မယ်ဆိုတာတော့ ငါ ကောင်းကောင်းသိနေပါတယ်၊ ဒါပေမဲ့ ဒီကောင်တွေ အကျပ်ကိုင်ပုံက ယုတ်မာလွန်းတယ်"

ယွန်ချောချော၏ရှက်စိတ်များ လှိုင်းထသလို ထလာတော့သည်။ ထိုစဉ်မှာပင် ...

'ဒေါက် .. ဒေါက် ..'

ဖြည်းဖြည်းနှင့် မှန်မှန်ခေါက်လိုက်သည့် တံခါးခေါက်သံထွက်ပေါ်လာသည်။

"လောက်ချီလား ... ဝင်ခဲ့လို့ရတယ်၊ တံခါးကို မင်းတုပ်ပိတ်

မထားပါဘူး"

အသက်သုံးဆယ်အရွယ်ခန့်ရှိသော လူတစ်ယောက် အခန်းထဲ ရောက်ရှိလာသည်။

ထက်ကျော်ကိုတွေ့သည်နှင့် ဦးညွှတ်ဂါရဝပြုလေသည်။

ထို့နောက် အခန်းထဲ၌ လဲကျသေဆုံးနေသည့် အလောင်းနှစ်လောင်းကို လှမ်းကြည့်သည်။ ထက်ကျော်က ...

"ထန်ဆက်ဘွန်ဂိုဏ်းက လူသတ်ကြယ်နံပါတ်လေးနဲ့ နံပါတ်ခြောက်ပဲ"

"ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ခင်ဗျားအနေနဲ့ မြို့စောင့်အရာရှိတွေကို အကြောင်းကြားလိုက်ပါ၊ ခင်ဗျားကိုယ်တိုင် ဘာမှဝင်လုပ်စရာမလိုဘူး။ သတင်းပေးရုံပေးတဲ့သဘောပဲ၊ ခင်ဗျားနာမည်ကို ထုတ်မပြောနဲ့"

ထိုလူက စိုးရိမ်စွာပြောလေ၏။

"သခင်ကြီးထက်ကျော် ... အဲဒါဆိုရင် ပိုရှုပ်ကုန်မယ်နဲ့တူတယ်၊ သူတို့က ဆက်ပြီးစုံစမ်းကြမှာပေါ့"

ထက်ကျော်က ဟက်ဟက်ပက်ပက်ရယ်သည်။

"ရှုပ်ပါလေ့စေ၊ ဒါမှ အမတ်ချုပ်ကြီးဟိုကွန်နဲ့ ထန်ဆက်ဘွန်ဂိုဏ်း ဘယ်လိုပတ်သက်တယ်ဆိုတာ ပေါ်လာကောင်း ပေါ်လာမယ်"



"ဘယ်သူသတ်သွားတယ်ဆိုတာရော ထည့်ပြောဖို့လိုသေးသလား"

"အဲဒီအတွက် စိတ်မပူပါနဲ့၊ ဒီအလောင်းတွေဘေးနားမှာ ကျုပ်ရဲ့ စက္ကူပျံလွှားရုပ်ကလေး ချထားပစ်ခဲ့မယ်၊ ထန်ဆက်ဘွန်ဂိုဏ်းနဲ့ ရွှေပျံလွှား စစ်ဖြစ်နေပြီဆိုတဲ့ သဘောပေါ့"

လောက်ချိုက ဖြည့်စွက်၍ပြောလေ၏။

"သခင်ကြီးထက်ကျော်က စစ်ကြေညာလိုက်တဲ့သဘော ပိုသက်ရောက်သွားပါလိမ့်မယ်"

"ကိစ္စမရှိပါဘူး၊ ကျုပ်တို့က အရင်ကတည်းက မကြေညာဘဲ စစ်တိုက်နေကြတဲ့လူတွေပါ"

"သခင်ကြီးထက်ကျော်သဘောပါပဲ၊ ကျွန်တော် ဘာများလုပ်ပေးရဦးမလဲ ... ခိုင်းစရာရှိတာ ခိုင်းပါ"

ယွန်ချောချောသည် လောက်ချိုဆိုသူကို ငေးကြည့်နေမိ၏။

လောက်ချိုဝတ်ဆင်ထားသည့် အဝတ်အစားများမှာ လွန်စွာတန်ဖိုးရှိ၏။ လူကုံထံတစ်ဦး၏ ဝတ်စားဆင်ယင်ပုံအတိုင်း ဝတ်ဆင်ထားခြင်းဖြစ်သည်။

ထက်ကျော်ကမူ ဖျင်ကြမ်းဝတ်စုံကိုသာ ဝတ်ဆင်ထားခြင်းဖြစ်သည်။ ဥပဓိရုပ်ရည်ကမူ ခန့်ညားသည်။ ထက်မြက်ဖျတ်လတ်သော အသွင်အပြင်ရှိပြီး ဗိုလ်မှူးတစ်ယောက်နှင့် တူလေသည်။

လောက်ချိုသည် ထက်ကျင်အား အလွန်ရိုသေလေးစားသည်။ ထက်ကျင်က လောက်ချိုအား တစ်စုံတစ်ခု ကျေးဇူးပြုထားသည်မှာ သေချာနေသည်။ လောက်ချို၏အသက်ကို ကယ်တင်ကောင်း ကယ်ထားပေမည်။

ယွန်ချောချောသည် သူ့ရှေ့မှလူနှစ်ယောက်ကို ငေးကြည့်ရင်း တွေးနေသည်။

"လောက်ချို ... ခင်ဗျား ဒီနေရာရောက်နေတာ အတော်ကြာပြီလား"

"ငါးနှစ်လောက်ရှိပါပြီ ခင်ဗျ၊ ကွမ်လွေ့လူဆိုးတွေလက်ထဲက ကျွန်တော်တို့တစ်မိသားစုလုံး အသတ်ခံရမယ့်ဘေးက သခင်ကြီးထက်ကျင် ကယ်ပြီးကတည်းကဆိုပါတော့၊ တစ်မိသားစုလုံး ဒီကိုပြောင်းလာခဲ့ကြပါတယ်"

"ဟော ... ပေါ်လာပြီ၊ အစ်ကိုထက်ကျင်က ဒီလူ့မိသားစုကိုကယ်လိုက်တာကိုး၊ ဒါကြောင့် ဒီလူဟာ သူ့ကျေးဇူးရှင်အပေါ်မှာ ဒီလောက်ရို့ကျိုးနေတာ"

ထက်ကျင်၏အသံ ပေါ်လာသည်။

"ဒါဖြင့် တော်တော်ကလေးတော့ နှံ့နှံ့စပ်စပ်ဖြစ်နေပြီလို့ဆိုရမှာပေါ့"

"ဟုတ်ကဲ့ ... သခင်ကြီးထက်ကျင် သိချင်တာမေးပါခင်ဗျာ"



"ဒီအနီးအနားမှာ ကြီးကြီးမားမား အဆောက်အအုံ မရှိဘူးလား"

လောက်ချိုစဉ်းစားသည်။

"သခင်ကြီးထက်ကျင် ... ဒီမြို့က မြို့တော်မဟုတ်တော့ အဆောက်အအုံကြီးကြီး သိပ်မရှိပါဘူး၊ သိမ်သိမ်ငယ်ငယ် အဆောက်အအုံတွေပဲရှိတယ်၊ ဒီချင်းချိန်စားသောက်ဆိုင်ဆိုရင် အတော်ကလေးကြီးလှပါပြီ"

ထက်ကျင်သည်လည်း စဉ်းစားနေ၏။

သူသိသလောက်လည်း ဤမြို့၌ အဆောက်အအုံ ကြီးကြီးမားမားမရှိဘဲ ဖြစ်နေသည်။

"ဒီမြို့အနီးပတ်ဝန်းကျင်မှာရော"

မေးသာမေးလိုက်ရသည်။ မြို့ပေါ်မှာပင်လျှင် ကြီးမားသော အဆောက်အအုံမရှိလျှင် မြို့ပတ်ဝန်းကျင် ဆင်ခြေဖုံး တောလက်ဒေသများ၌ ပို၍မရှိနိုင်ပေ။ သို့သော် ...

"မြို့ပြင်က တိုင်ဝမ်ကျုံရွာမှာတော့ တော်တော်ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံကြီးတစ်ခုရှိတယ်"

"ဟေ ... ဘယ်သူပိုင်တာလဲ"

"ကျောင်းစွေခင်ဆိုတဲ့လူ ပိုင်ပါတယ်၊ သူ့ကို ကျောင်းသူဌေးလို့လည်း ခေါ်ကြပါတယ်"

"လူစိမ်းသူစိမ်းတွေ အဝင်အထွက်ရှိသလား"

လောက်ချိုက ခေါင်းညိတ်၏။

"အဝင်အထွက်ရှိတယ်၊ ကျွန်တော်က ဘာဖြစ်လို့သိသလဲဆိုရင် အဲဒီတိုင်ဝမ်ကျုံရွာမှာ ကျွန်တော့်ရဲ့ ကုန်စုံဆိုင် ရှိနေလို့ပါပဲ၊ သခင်ကြီးထက်ကျင် ဆုံးမထားတဲ့အတိုင်း အမြဲတမ်း နားမျက်စိဖွင့်ထားတဲ့အနေနဲ့ ကျွန်တော့်တပည့်တွေကို အမြဲတမ်း လူအဝင်အထွက် မှတ်သားထားခိုင်းလို့ ဒီလောက် တိတိကျကျပြောနိုင်တာပါ"

"ခင်ဗျားတော်တယ် လောက်ချို၊ ဘယ်နယ်သားတွေ အဝင်အထွက်များသလဲ"

"ကျန့်ဝူးနယ်သားတွေ အဝင်အထွက်များပါတယ်၊ နေပြည်တော်ကလူတွေလည်း လာတာပဲ"

ထက်ကျင်သည် လက်ဖျောက်တစ်ချက်တီးလိုက်၏။

"လူသတ်ကောင်အားလုံးဟာ ကျန်းဝူးနယ်သားတွေချည်းပဲ၊ ဒီကောင်တွေ နေပြည်တော်ကနေ ဒီချင်းချိန်ကို တိုက်ရိုက်မလာနိုင်ဘူး၊ တစ်နေရာရာမှာ စခန်းချပြီး ဒီကိုလာရမယ်"

လောက်ချိုက စဉ်းစားမိသွားဟန်ဖြင့် ...

"သခင်ကြီးထက်ကျင်က အဲဒီကျောင်းဇေ့ခင်ရဲ့ အဆောက်အအုံကို သူတို့စခန်းအဖြစ် အသုံးပြုလိမ့်မယ်လို့ ယူဆထားပါသလား"



"ယူဆတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မကြုံစဖူး လူသတ်ကောင်တွေ အများကြီးစုပြုံလာနေကြလို့ပဲ၊ အဲဒီနေရာကို တစ်ချက်သွားကြည့်ရမယ်၊ ဒါဟာ အခြေစိုက်စခန်းမဟုတ်တောင် ယာယီစခန်းတော့ ဖြစ်ဖို့များတယ်"

"သခင်ကြီးထက်ကျင်ကို ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ ကျွန်တော့်တပည့်အိမ်ကို သွားသလိုလိုဟန်ဆောင်ပြီး သွားကြတာပေါ့"

ထက်ကျင်က ခေါင်းခါသည်။

"လိုက်ပို့ဖို့မလိုဘူး၊ ခရီးစဉ်ကိုသာပြောလိုက်တော့၊ ကျုပ်အနေနဲ့ နောက်ထပ်လူတွေကို ထပ်မမေးချင်တော့ဘူး၊ ခဏခဏမေးနေရင် လူစိမ်းဆိုတာ အင်မတန်သိသာတယ်"

"ကျွန်တော် မြေပုံဆွဲပြီးပြောပြရင် ပိုကောင်းမလားမသိဘူး သခင်ကြီးထက်ကျင်"

"သိပ်ကောင်းတာပေါ့၊ အခြေအနေကို ကွက်ကွက်ကွင်းကွင်း သိနိုင်တယ်"

လောက်ချိုသည် ချက်ချင်းပင် အခန်းအပြင်သို့ ထွက်သွားလေ၏။

"အစ်ကို ... သူ မြေပုံသွားယူတာလား"

"မြေပုံဆွဲပြဖို့ စာရွက်နဲ့ စုတ်တံ သွားယူတာဖြစ်မယ်"

ထက်ကျင်ပြောသည်မှာ မှန်၏။ ချက်ချင်းလိုလိုပင် လောက်ချိုပြန်ရောက်လာသည်။

တည်းခိုဆိုင်စာရေးထံမှ စာရွက်၊ စုတ်တံ၊ မင်အိုးတို့ တောင်းယူလာသည်ဟုဆို၏။

လောက်ချိုသည် စာရွက်များကို စားပွဲပေါ် ချခင်း၏။ တိုင်ဝမ်ကျုံရွာ တည်နေပုံ၊ ကျောင်းစေ့ခင်အိမ်ကြီး၏ တည်နေရာ၊ ပတ်ဝန်းကျင် အခြေအနေတို့ကို ဆွဲလည်းဆွဲပြ၊ ရှင်းလည်းရှင်းပြသည်။

"ဒီလိုဆိုရင် ကျောင်းစေ့ခင်ရဲ့အိမ်ဟာ ထီးထီးမားမား တည်ရှိနေတယ်လို့ ဘယ်ပြောလို့ရတော့မလဲ၊ ဘေးပတ်ဝန်းကျင်မှာ တဲအိမ်တွေရှိနေတာပဲ"

လောက်ချိုက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ အဲဒီတဲအိမ်တွေဟာ လယ်သမားတွေရဲ့ တဲအိမ်တွေချည်းပဲ"

"ဘာလဲ ... ကျောင်းစေ့ခင်က မြေပိုင်ရှင်သူဌေးလား"

"ဟုတ်ပါတယ်၊ မြေပိုင်ရှင်သူဌေးပါ၊ အဲဒီတိုင်ဝမ်ကျုံရွာ ပတ်ဝန်းကျင်က လယ်မြေတွေကို ကျောင်းစေ့ခင်ဟာ လက်ထိုးမလွဲ ပိုင်ဆိုင်ပါတယ်"

"သူက ရိုးရာမြေပိုင်ရှင်လား၊ ဒါမှမဟုတ် နောက်မှ လယ်မြေတွေဝယ်ပြီး ပိုင်ဆိုင်တဲ့ မြေပိုင်ရှင်လား"



"ရိုးရာမြေပိုင်ရှင်ပါ၊ ဒီလယ်မြေတွေကို သူ့ရဲ့ဘိုးဘွားလက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့တာပါ ... ကျွန်တော် သိရသလောက်ပေါ့လေ"

ထက်ကျင် စဉ်းစားရကျပ်သွားသည်။ ရိုးရာမြေပိုင်ရှင်တစ်ယောက်အနေဖြင့် ထန်ဆက်ဘွန်ဂိုဏ်းသားဖြစ်ရန် မလွယ်ပေ။ ဖြတ်လမ်းမှ သူဌေးဖြစ်လာသောလူများသည် များသောအားဖြင့် ထန်ဆက်ဘွန်ဂိုဏ်းနှင့် ဆက်သွယ်မိကြလေ၏။

ဤကျောင်းစေ့ခင်ဆိုသောလူသည် သိပ်လောဘမကြီးလျှင် ထန်ဆက်ဘွန်ဂိုဏ်းနှင့် မည်သူမျှ ပတ်သက်လိမ့်မည်မဟုတ်ချေ။ သို့သော် ... လူ့စိတ်ကို ပြော၍မရချေ။

ထက်ကျင် စဉ်းစားနေသည်ကိုကြည့်ပြီး လောက်ချိုက ရုတ်တရက်မေးလိုက်၏။

"သခင်ကြီးထက်ကျင် ... ဒီအချက်က သိပ်အရေးကြီးလား"

"သိပ်ကြီးတာပေါ့"

"ဒီလိုဆိုရင် ခဏလေးစောင့်ပါ၊ ကျောင်းစေ့ခင်အကြောင်း အသေးအမွှမကျန်သိတဲ့ လူတစ်ယောက်ရှိပါတယ်၊ ကျွန်တော် အမြန်ဆုံးပြေးပြီး စုံစမ်းလိုက်ပါ့မယ်၊ အလွန်ဆုံး တစ်နာရီလောက်ပဲ ကြာမှာပါ"

"သွားပါ၊ သေချာဖို့အရေးကြီးတယ်၊ နှစ်နာရီကြာလည်း

အရေးမကြီးဘူး"

လောက်ချိုဲ ပြေးထွက်သွားလေတော့၏။ တစ်နာရီမျှမကြာခင် အချိန်အတွင်း ပြန်လည်ရောက်ရှိလာလေ၏။

"သခင်ကြီးထက်ကျင် ... သတင်းအတိအကျ ရလာပါပြီ"

ထက်ကျင် ခေါင်းညိတ်ပြ၏။

လောက်ချိုက အပြည့်အစုံရှင်းပြ၏။

"ကျောင်းစေ့ခင်ရဲ့အဘိုးလက်ထက်က စီးပွားပျက်ပြီး လယ်မြေတွေအားလုံး ဆုံးရှုံးသွားခဲ့သတဲ့ သခင်ကြီးထက်ကျင်၊ ကျောင်းစေ့ခင်ဟာလည်း ငယ်ငယ်လေးကတည်းက အိမ်ကထွက်သွားခဲ့သတဲ့၊ သူပြန်ရောက်လာတော့ သူဟာ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ လူချမ်းသာတစ်ဦး ဖြစ်နေပြီတဲ့၊ သူ့အဘိုးလက်ထက်က ဆုံးရှုံးသွားတဲ့ လယ်ယာတွေအားလုံး သူပြန်ဝယ်သတဲ့၊ သူ့ဘေးပတ်လည်မှာရှိတဲ့ လယ်သမားတွေဟာလည်း သူ့အသစ်ပြန်ခေါ်ထားတဲ့ လယ်သမားတွေလို့ ပြောပါတယ်၊ ဒါပေမဲ့ အဲဒီလယ်သမားတွေ ဒီမှာလုပ်နေကြတာ ဆယ်နှစ်လောက်ရှိပြီလို့ သတင်းပေးတဲ့လူက ပြောပါတယ်"

ထက်ကျင်က ကျေနပ်အားရစွာ ရယ်မောလေတော့သည်။

"ဟား .. ဟား .. ဟား .. ဒါဆိုကျေနပ်ပါပြီ၊ ခင်ဗျား ကျွန်တော့်ကို ကျေးဇူးဆပ်ဖို့ချည်း ခဏခဏပြောနေတယ်၊ အခု ခင်ဗျားပြောပြတဲ့အချက်တွေအားလုံး ကျုပ်ကို ကျေးဇူးဆပ်တာတွေ



ချည်းပဲဗျ၊ အင်း ... ခင်ဗျားရဲ့စီးပွားရေးလုပ်ငန်း အောင်မြင်အောင်လည်း ကြိုးစားပါ၊ တစ်ဖက်ကလည်း နားမျက်စိဖွင့်ထားပါ၊ နားမျက်စိဖွင့်ထားတဲ့အတွက် အကျိုးယုတ်တယ်လို့တော့ မရှိပါဘူးဗျ၊ အဲ ... တစ်ခုတော့ရှိတယ် ... ပါးစပ်ကိုတော့ မလိုအပ်ဘဲမဖွင့်နဲ့၊ ပါးစပ်ကတော့ အခန့်မသင့်ရင် ကိုယ့်ကို ကောင်းကောင်းကြီး ဒုက္ခပေးတတ်တယ်"

"သခင်ကြီးထက်ကျင်ရဲ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်ခင်ဗျား"

"ကဲ ... ကျုပ်ကို နောက်ဆုံးတစ်ခုပဲ အကူအညီပေးပါတော့၊ တိုင်ဝမ်ကျုံရွာကိုသွားဖို့အတွက် မြင်းလှည်းကလေးတစ်စီးလောက်"

"စိတ်ချပါ ... သခင်ကြီးထက်ကျင်၊ နာရီဝက်မကြာစေရပါဘူး၊ မြင်းလှည်းတစ်စီး ဆိုင်ရှေ့မှာ အဆင်သင့်ရောက်နေစေရပါ့မယ်"

လောက်ချိုသည် အပြေးကလေး ထွက်ခွာသွားလေတော့သည်။

❖ ❖ ❖

## အခန်း (၃၁)
## လုပ်ကြံခြင်း

ထက်ကျင်က ယွန်ချောချောအား သတိပေးနေသည်။

"ချောချော ... ငါတို့ပြောတာတွေကို မင်းလည်းကြားပြီးပါပြီ၊ အခုသွားမယ့်အိမ်ဟာ အင်မတန် သတိဝီရိယထားရမယ့်အိမ်ဆိုတာ ထပ်ပြီးရှင်းပြဖို့ မလိုတော့ဘူး၊ မင်းရဲ့ သိုင်းပညာက မဆိုးပါဘူး၊ ဒါပေမဲ့ အတွေ့အကြုံက နုနယ်နေတယ်၊ ဒါကြောင့်မို့ ကြိုတင်ပြီး သတိပေးပါရစေ၊ လှုပ်ရှားရမယ့်အချိန်တိုင်းမှာ လက်မနှေးစေနဲ့၊ ရန်သူ့နယ်ထဲရောက်သွားပြီဆိုရင် ကိုယ်ဟာ အမြဲတမ်း ရက်စက်နေရမယ်၊ အမြဲတမ်း လျင်မြန်နေရမယ်၊ သိုးလိုမကျင့်ရဘူး၊ ကျားလိုကျင့်ရမယ်"

"ဟုတ်ကဲ့ ... ညီမလေး ဘယ်သူ့ကိုမှမညှာပါဘူး၊ သတ်သင့်တဲ့လူကို သတ်ပါ့မယ်"

ထက်ကျင် ပြုံးလိုက်သည်။ ယွန်ချောချော၏စကားတစ်ခွန်းထဲ၌ အဓိပ္ပာယ်ဆန့်ကျင်နေပုံကို ထက်ကျင် သတိပြုမိသည်။



"တိုင်ဝမ်ကျူရွာက အဆောက်အအုံကြီးထဲမှာ ငါတို့ မသတ်သင့်တဲ့လူ ရှိမှာမဟုတ်ပါဘူး၊ မြေတွင်းထဲမှာ ဘယ်က ပွေးကလေးတွေမှ မနေဘူးကွ"

"အဲဒီထဲမှာရှိသမျှလူအားလုံး ရန်သူတွေချည်းပဲလား အစ်ကို"

ထက်ကျင်က စိတ်မရှည်တော့ပေ။

"ထန်ဆက်ဘွန်ဂိုဏ်းမှာ သူတော်ကောင်းတွေရှိသလား၊ ငါမေးတာကို မင်းတစ်ချက်လောက် ဖြေစမ်းပါဦး"

ယွန်ချောချော ခေါင်းခါ၏။

"မရှိနိုင်ပါဘူး"

"အေး ... ဒါပဲ၊ တိုင်ဝမ်ကျူရွာမှာရှိတဲ့ အဆောက်အအုံထဲမှာ ထန်ဆက်ဘွန်ဂိုဏ်းသားတွေချည်းပဲ ရှိလိမ့်မယ်၊ သူတို့ကို ကိုယ်က မသတ်ရင် သူတို့က ကိုယ့်ကိုသတ်သွားမှာပဲ၊ ငါ့စကားကို အမြဲတမ်း နှလုံးသွင်းထားရင်တော့ မင်းမသေနိုင်ဘူး၊ အေး ... မေ့သွားရင်တော့ သေပြီသာ အောက်မေ့ပေတော့"

မကြာမီ လောက်ချီရောက်လာသည်။

"သခင်ကြီး ... မြင်းလှည်းအဆင်သင့် ဖြစ်ပါပြီ"

ထက်ကျင်သည် ယွန်ချောချောကို ဆွဲခေါ်လာပြီး မြင်းလှည်းပေါ် တက်ထိုင်လိုက်သည်။ သူကိုယ်တိုင် မြင်းလှည်းမောင်း

သမားနေရာ၌ ဝင်ထိုင်သည်။

"လောက်ချိ… ခင်ဗျားလိုက်မလာနဲ့တော့၊ ဒီမှာကျန်ရစ်တဲ့ ကိစ္စတွေကို ကျုပ်ပြောထားသလိုသာ ကြည့်ရှင်းလိုက်ပါ"

"စိတ်ချပါ သခင်ကြီးထက်ကျင်"

လောက်ချိ၏စကားမဆုံးမီမှာပင် ထက်ကျင်၏မြင်းလှည်းသည် တစ်ဟုန်ထိုးထွက်သွားလေတော့၏။

သူ မြို့တံခါးအနီးသို့ ရောက်သောအခါ အချိန်အနည်းငယ်စောနေသေးသဖြင့် မြို့တံခါး မဖွင့်သေးပေ။

အရုဏ်ကျင်း အလင်းပျိုးမှ မြို့တံခါးဖွင့်ပေးလေ့ရှိ၏။

ထက်ကျင်နှင့် ယွန်ချောချောတို့သည် ဝါးခမောက်ကြီးများ ကိုယ်စီဆောင်းထားကြသဖြင့် တဖွဲဖွဲကျနေသည့် နှင်းမှုန်များ၏ဒဏ်ကို မမှုကြပေ။ ထိုခဏမှာပင် မြို့တံခါးကို ဖွင့်ပေးလေတော့၏။

ထက်ကျင်သည် သူတို့လို မြို့ပြင်ထွက်မည့်သူများကို သေချာစေ့စပ်စွာ အကဲခတ်၏။ မသင်္ကာဖွယ်လူများကို လုံးဝမတွေ့ရပေ။

မြို့ပြင်သို့ထွက်မည့်လူထက် မြို့တွင်းသို့ ဝင်မည့်လူများက များနေသဖြင့် ထက်ကျင်တို့ သည်းခံစောင့်ဆိုင်းကြရသည်။ အထမ်းသမားများ၊ ဈေးသည်များ၊ အိုးသည်များ စသည့်ဆင်းရဲသားများသည် မြို့တွင်းသို့ တအုံတမကြီး ဝင်လာကြသည်။



မြို့တွင်းသို့ဝင်မည့်လူများ ရှင်းလင်းသွားသောအခါ ထက်ကျင်သည် သူ့မြင်းဇက်ကြိုးကို ဆတ်ခနဲခါလိုက်သည်။

သန်မာထွားကျိုင်းလှသော မြင်းကြီးများသည် တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။ မိုင်နှစ်ဆယ်မျှ ခရီးပေါက်လာသောအခါ တိုင်ဝမ်ကျုံရွာကို စတင်တွေ့မြင်ရ၏။

ထက်ကျင်က ရွာအခြေအနေကို အကဲခတ်သည်။ လောက်ချိပြောခဲ့သည့်အတိုင်း အထွက်အဝင်လမ်းများမှာ မှန်ကန်နေသည်။

ရွာလယ်သို့ဝင်သောလမ်းမှာ သိပ်မကျယ်လှပေ။ ထက်ကျင်က မြင်းလှည်းကို ဖြည်းဖြည်းမောင်းသည်။ ဝဲယာပတ်ဝန်းကျင်ကို အကဲခတ်လာသည်။

ထိုစဉ် သူတို့၏ရှေ့တူရူ မြင်းလှည်း၏ဘယ်ဘက်လမ်းပေါ်၌ မုန်လာဥခြင်းနှစ်ခြင်းကို ထမ်းလာသည့် အဘွားအိုတစ်ဦးကို တွေ့ရှိရသည်။ ထိုအဘွားအိုမှာ ဒယီးဒယိုင်ဖြစ်နေသည်။

မဖြစ်စရာလည်း အကြောင်းမရှိပေ။ အဘွားအိုမှာ အသက်ခြောက်ဆယ်ခန့်မျှ ရှိနေလေပြီ။ ဤခြင်းတောင်းနှစ်တောင်းကို ထမ်းလာနိုင်စွမ်းရှိသည်ကိုပင် ချီးကျူးစရာဖြစ်နေသည်။

သို့သော် မြင်ရသူအဖို့ကား စိတ်သက်သာဖွယ်ရာမရှိပေ။

ထိုအဘွားအိုအနီးသို့ မြင်းလှည်းရောက်ရှိချိန်မှာပင် အဘွားအိုသည် ခြေချော်ကျသွားပြီး မုန်လာဥခြင်းတောင်းများ မှောက်ကျန်

တော့၏။ မှန်လာဥများ မြင်မကောင်းအောင် ပြန့်ကျဲသွားတော့သည်။

လဲကျသွားသည့်အဘွားအိုသည် သူမ၏ခြေထောက်ကို လက်ဖြင့်ဖိလျက် ညည်းညူနေသည်။ ယွန်ချောချောသည် လှည်းပေါ်မှ ရိပ်ခနဲခုန်ချသွားပြီး အဘွားအိုကို ဆွဲထူရန်ဟန်ပြင်သည်။

"ချောချော ... သတိထား"

ထက်ကျင်၏အော်သံသည် ဟိန်း၍ထွက်ပေါ်လာ၏။ ယွန်ချောချောသည် နောက်သို့လှည့်ကြည့်လိုက်လေသည်။ သူမ၏ဝဲယာနှင့် နောက်ဘက်မှဝင်လာမည့် ရန်သူကိုကာကွယ်ရန် ပြူးပြူးပျာပျာနှင့် ရှာဖွေလိုက်ခြင်းဖြစ်ပေသည်။

ထက်ကျင်သည် အခြေအနေမဟန်တော့သည်ကို ချက်ချင်းရိပ်မိဟန်ဖြင့် နောက်ကျောၝ္ချိတ်ိုင်းလွယ်ထားသည့် ဓားရှည်ကို ဖျတ်ခနဲဆွဲထုတ်လိုက်ပြီး လှစ်ခနဲ ပစ်ပေါက်လိုက်သည်။

"အား"

ထက်ကျင်၏ဓားသည် မှန်လာဥခြင်းသယ်ဆောင်လာသော အဘွားအို၏ရင်ဝ၌ ထိုးစိုက်သွားတော့သည်။ ထက်ကျင်၏လှုပ်ရှားမှုမှာ လျှင်မြန်လွန်းလှသဖြင့် ယွန်ချောချောမှာ မည်သို့မျှ စကားမပြောနိုင်ဘဲရှိသည်။ အဘွားအိုထံမှ အားခနဲအော်သံကြားရပြီးနောက် မည်သည့်အသံမျှ မကြားရတော့ပေ။



အဘွားအိုသည် သွေးအိုင်ထဲ၌ သေဆုံးသွားခဲ့ပေပြီ။

ယွန်ချောချောသည် အဘွားအိုအလောင်းကို ငေးစိုက်ကြည့်ပြီး ခြေတစ်လှမ်းနောက်ဆုတ်လာ၏။ ထို့နောက် ထက်ကျင်ကို ရင်ဆိုင်သည်။

"အစ်ကိုထက်ကျင်"

ယွန်ချောချောအသံမှာ ခြောက်ကပ်လှ၏။

"ဒီလောက်အိုကြီးအိုမ အဘွားကြီးကို ဘာဖြစ်လို့ ခုလိုရက်ရက်စက်စက် သတ်ရတာလဲဟင်"

ထက်ကျင်သည် မြင်းပေါ်မှခုန်ဆင်းလာပြီး အဘွားအို၏ရင်ဝမှ သူ့ဓားကိုဆွဲနှုတ်သည်။ အဘွားအို၏အင်္ကျီဖြင့် သွေးများကိုသန့်စင်ပြီး ဓားအိမ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် အဘွားအို၏ခေါင်း၌ ပေါင်းထားသည့် ပဝါတစ်စကို ဆွဲဖြုတ်သည်။

နားထင်စအနားရှိ အရေတစ်ခုကို လက်ဖြင့်ဆွဲလှန်လိုက်သောအခါ သားရေပျော့မျက်နှာတုကြီးသည် ထက်ကျင်၏လက်ထဲ၌ ပါသွားတော့၏။

အဘွားအို၏မျက်နှာနေရာ၌ အသက်သုံးဆယ်အရွယ်ယောကျ်ားတစ်ယောက်၏မျက်နှာ ပေါ်လာသည်။ အံ့ဩဖွယ်ရာ မြင်ကွင်းပေတည်း။

ထိုလူ၏လက်တစ်ဖက်သည် အတွင်းအကျႌအိတ်ထဲကို နှိုက်ထားသည်။ ထက်ကျင်က ဓားဖြင့်ထိုးခွဲလိုက်သော အိတ်ထဲမှ ဓားမြှောင်တစ်ချောင်း ဆုပ်ကိုင်ထားကြောင်း တွေ့လိုက်ရသည်။

ယွန်ချောချောမှာ မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားတော့သည်။

"ဒါ ... ဒါ ဘယ်လိုဖြစ်သွားရတာလဲ"

ထက်ကျင်သည် မြင်းလှည်းပေါ်သို့ ခုန်တက်လိုက်ပြီး ယွန်ချောချောကိုလည်း မြင်းလှည်းပေါ်သို့ ခုန်တက်ခိုင်းသည်။

"တို့ ခရီးဆက်ကြမယ်၊ မကြာခင် သူ့လူတွေ အလောင်းလာသိမ်းကြလိမ့်မယ်"

"ရှင် ..."

လမ်းပေါ်၌ အခြားရွာသူရွာသားများမရှိသဖြင့် ထက်ကျင်တို့သည် ပြဿနာကို ကြီးကြီးကျယ်ကျယ် ဖြေရှင်းခြင်းမပြုရတော့ပေ။

မြင်းလှည်းပေါ်တွင်ပါလာသော ယွန်ချောချောမှာမူ တုန်လှုပ်နေသည်။ ထက်ကျင်သည် သူ့မြင်းလှည်းကို ခပ်သွက်သွက်ကလေး မောင်းသည်။

"အစ်ကို ... အဘွားကြီးဟာ ရုပ်ဖျက်ထားတဲ့ ထန်ဆက်အွန်ဂိုဏ်းသားလို့ အစ်ကို ဘယ့်နှယ့်သိသလဲ"



ထက်ကျင်သည် သူ့လက်ထဲမှနှင်တံဖြင့် မြင်းကြီးနှစ်ကောင်ကို ရွမ်းခနဲရိုက်လိုက်၏။

"ဘာကြောင့်သိသလဲဆို သူ အဘွားကြီးလိုဟန်ဆောင်လာတာ မတူလို့ဘဲ"

ယွန်ချောချောမှာ သူမ၏ရင်ကလေးကို ဖိမိသည်။

"ရှင် ... ဒီလောက် အဘွားကြီးနဲ့တူတဲ့ဥစ္စာ၊ အစ်ကိုမို့ မတူဘူးပြောရက်တယ်၊ ကျွန်မ အနီးကပ်သွားတဲ့အထိ သူဟာ အဘွားကြီးတစ်ယောက်လို ချွတ်စွတ်တူတုန်းပဲ"

"မင်းက သူ့မျက်နှာပဲကြည့်တာကိုး‌ကွ၊ မျက်နှာကတော့ သားရည်ပျော့မျက်နှာတုဆိုတော့ အဘွားကြီးနဲ့တူတာပေါ့၊ တခြားမတူတာတွေကို မင်းမှမမြင်ဘဲ"

ယွန်ချောချောမှာ ပါးစပ်ကလေး အဟောင်းသား ဖြစ်နေရှာတော့သည်။

ထက်ကျင်က ...

"သူထမ်းလာတဲ့မုန့်လာဥတွေဟာ အနည်းဆုံး ပိဿာတစ်ရာလောက်ရှိတယ်၊ သူ့လိုအိုကြီးအိုမ အဘွားကြီးမပြောနဲ့ အားကောင်းမောင်းသန် ယောကျာ်းကြီးတစ်ယောက်တောင် ဒီမုန်လာဥတွေကို မနည်းထမ်းရမယ်"

"ဒီတစ်ချက်တည်းပဲလား"

"ဘယ်ကမလဲ၊ အခု ငါတို့လှည်းမောင်းလာတာက လှည်းလမ်း ... လူသွားလမ်း မဟုတ်ဘူး၊ လူသွားလမ်းက ဟိုဘက်မှာ ... တွေ့တယ်မဟုတ်လား၊ သူက ထူးထူးခြားခြား လှည်းလမ်းပေါ်က ထမ်းလာတယ်၊ ဒါလည်း မရိုးသားတဲ့အချက်ပဲ"

"ဒီအချက်နဲ့ဆိုရင် နှစ်ချက်ပေါ့"

"သုံးအချက်က ငါတို့လှည်း သူ့ဘေးနားရောက်တာနဲ့ ကြုံကြိုက်ကြိုက် သူလဲသွားတဲ့ကိစ္စပဲ"

"ဒါဆိုရင် မသင်္ကာစရာ အချက်သုံးချက်ရှိတယ်ဆိုတဲ့ သဘောပေါ့နော်"

"မကဘူး၊ အခု သူ မုန်လာဥတွေထမ်းလာတယ်၊ ဘယ်ကို ထမ်းမှာလဲ"

"မြို့ထဲကိုထမ်းမှာပေါ့"

"ဒီပုံစံနဲ့ထမ်းသွားရင် မြို့ထဲကို မိုးချုပ်မှရောက်မယ်၊ တံခါးပိတ်ပြီးမှ ရောက်မယ်၊ သူ့မုန်လာဥတွေကို လူတွေ ဝယ်နိုင်မှာမဟုတ်ဘူး၊ ငါတို့ မြို့ထဲကထွက်လာတော့ အထမ်းသမားတွေမတွေ့ဘူးလား၊ ကြက်ဘဲတွေ ထမ်းလာတဲ့လူတွေ၊ သူတို့က ညတစ်ချက်တီးနှစ်ချက်တီးလောက်ကတည်းက သူတို့ရွာတွေက ထွက်လာကြတယ်၊ ဒါမှ မိုးလင်းအမီ မြို့ထဲကို ဝင်နိုင် ရောင်းနိုင်မှာပေါ့၊ သူက အခုမှ မုန်လာဥခြင်းကြီး ထမ်းလာတယ် ... ဘယ်လိုမှ သဘာဝမကျဘူး"



ယွန်ချောချောမှာ ငြိမ်ကျသွားတော့သည်။ ထက်ကျင်တွေးသလို သူမ မတွေးတတ်သဖြင့် စိတ်ဓာတ်ကျသွားသည်။

"ဟင်း ... အစ်ကိုပြောတော့လည်း အမှန်တွေချည်းပဲပါလား၊ သူ့ကို ဘယ်မှာယုံစရာရှိတော့မှာလဲ၊ ညီမ သိပ်တုံးတာပဲ၊ ဘာမှ မစဉ်းစားတတ်ဘူး"

ထက်ကျင်က တည်ကြည်လေးနက်စွာ ပြောသည်။

"မျက်လုံးကိုဖွင့်ထားရမယ်၊ နားကိုစွင့်ထားရမယ်၊ ပါးစပ်ကို ပိတ်ထားရမယ်၊ ဒါပေမဲ့ ဦးနှောက်ကတော့ ကောင်းကောင်း အလုပ်လုပ်ရမယ်၊ လူက လမ်းမှာသွားနေပေမယ့် မျက်လုံးက အဝေးကြီးကို လှမ်းကြည့်ထားရမယ်၊ ဘာပဲဖြစ်ဖြစ် သဘာဝနဲ့ဆန့်ကျင်လာပြီ၊ ကျော်လွန်လာပြီဆိုရင် အဲဒါ တစ်စုံတစ်ခုမှားနေပြီလို့ သိရမယ်၊ မြန်မြန်ကြီးကို ဖော်ထုတ်ရမယ်၊ နှေးနေရင် ဘာမှမဖော်ထုတ်နိုင်ခင် ကိုယ်သေသွားလိမ့်မယ်"

ယွန်ချောချောမှာ ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုသလို ထွက်ထွက်ချင်း လုပ်ကြံခံလိုက်ရသဖြင့် စိတ်အတော်ကလေး မသက်မသာဖြစ်သွားသည်။

"အစ်ကို ... အခြေအနေက သိပ်မကောင်းတော့ဘူးနဲ့ တူတယ်"

"ဘာဖြစ်လို့လဲ"

"ညီမလေးတို့ ခုပဲ မြို့ထဲကထွက်တယ်၊ ခုပဲ ရန်သူက လုပ်ကြံတာပဲ၊ အခြေအနေ ဘယ်ကောင်းတော့မလဲ အစ်ကိုရယ်၊ ရန်သူတွေက ညီမလေးတို့ မြို့ထဲကထွက်လာကတည်းက သိနေပုံရတယ်"

"သိပ်သေချာတာပေါ့၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ မြို့တံခါးဘေးနှစ်ဖက်စလုံးမှာ အထောက်တော်တွေ၊ သတင်းပေးတွေ ချထားပုံရတယ်"

ယွန်ချောချော အံ့သြသွားသည်။

"ဟင် ... မြို့ထဲကထွက်လာတော့ တိုင်ဝမ်ကျုံရွာဘက်ကို ထွက်လာတာ ကျွန်မတို့ပဲရှိတယ်၊ ကျွန်မတို့အရင် ဘယ်သူမှ မထွက်ပါဘူး၊ ဒီရွာက ထန်ဆက်ဘွန်ဂိုဏ်းက ဘယ်လိုကြိုသိနေတာလဲ"

ဟက်ကျင်က ဟက်ဟက်ပက်ပက် ရယ်လိုက်လေ၏။

"မိန်းကလေး ... မင်းကို သိုင်းလောကအတွေ့အကြုံကကြီးနဲ့ခွေးကို အစကပြန်သင်ပေးရမလို ဖြစ်နေပြီ၊ သတင်းပို့တဲ့နည်းတွေ အများကြီးရှိတယ်လို့သာ မှတ်လိုက်ပါတော့ကွာ၊ နောင်အေးအေးဆေးဆေးကျမှ ရှင်းပြတော့မယ်"

ယွန်ချောချောသည် ထန်ဆက်ဘွန်ဂိုဏ်းနှင့် တိုက်ခိုက်သည့်စစ်ပွဲ၌ အတော်လေး အားကြိုးမာန်တက် တိုက်ခိုက်ရမည်ကို နားလည်သဘောပေါက်လာသည်။

"ချောချော ... မင်း အခု သင်ခန်းစာတစ်ခုရသွားပြန်ပြီ



ငါ ထပ်ပြီး သတိပေးပါဦးမယ် ... အခြေအနေမဟန်ဘူးဆိုတာနဲ့ လက်မနှေးပါစေနဲ့"

ယွန်ချောချောက ခေါင်းညိတ်လေ၏။

"စိတ်ချပါ အစ်ကိုရယ် ... ဒီတစ်ခါ ညီမလေး မနံမအတော့ပါဘူး"

ထက်ကျင်သည် သူ့ဇီဇအကျင့်စရိုက်အရလည်းကောင်း၊ ယွန်ချောချောတို့၏ ထန်တီးဂိုဏ်းသည် သူ့ဆရာဘိုးဘိုးနှင့် ပတ်သက်မှုရှိ၍လည်းကောင်း ဤသို့ လိုက်လံကူညီခဲ့ခြင်းဖြစ်ပေသည်။

သို့သော် ... ယခုအခါတွင်မူ ချစ်စဖွယ်ကောင်းလှသော မိန်း မချောလေးက သူ၏ မာကျောသောအသည်းနှလုံးများကို နူးညံ့ပျော့ပျောင်းအောင် ပြုလုပ်နေခဲ့ပေပြီ။

ထက်ကျင်၏မြင်းလှည်းသည် ရွာလယ်လမ်းမထဲသို့ အတော်ကလေး ဝင်စပြုလာလေပြီ။

"အစ်ကို ... တိုင်ဝမ်ကျုံရွာဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ တကယ့်အခြေခံစခန်း ဖြစ်နိုင်စရာ အကြောင်းအချက်တွေ ရှိနေပြီလား"

ထက်ကျင်က ခေါင်းညိတ်လေ၏။ တိုတိုပင်ပြောသည်။

"ဖြစ်နိုင်တယ်"

ထက်ကျင်သည် သူ၏မြင်းလှည်းကို ခပ်ပြင်းပြင်းမောင်းသွားသည်။ ကျောင်းဇေ့ခင်၏ ကြီးမားသောအိမ်ကြီးကို မြင်တွေ့ကြ

ရပြီဖြစ်သော်လည်း ထက်ကျင်က ဆက်လက်မောင်းချသွားသည်။

"အစ်ကို ကျော်သွားပြီ"

"ကိစ္စမရှိဘူး၊ တမင်ကျော်မောင်းတာ၊ လောက်ချိုပြောတာနဲ့ ကိုက်ရဲ့လားလို့ စစ်ဆေးကြည့်တာ"

"ကိုက်ရဲ့လား"

"ကိုက်တယ်၊ ဘေးပတ်လည်က တဲတွေဟာလည်း သိပ်မရှိးသားဘူး၊ လယ်သမားတွေ အယောင်ဆောင်တဲ့ ထန်ဆက်ဘွန်ဂိုဏ်းသားတွေ ဖြစ်ဖို့များတယ်"

"အစ်ကို ကျောင်းစေ့ခင်ဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်များဖြစ်နေသလား"

"မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"လောက်ချိုလိုလူမျိုးကတောင် ကျောင်းစေ့ခင်ဆီ ကျန်ရှူးလူတွေ အဝင်အထွက်များနေတာကို သိနေတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းချုပ်ဟာ သံသယကွင်းဆက်ကလေးတွေနဲ့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းအစွပ်ခံမယ့် လူမျိုးမဟုတ်ဘူး၊ ဒီတော့ ကျောင်းစေ့ခင်ဟာ ဂိုဏ်းချုပ်မဖြစ်နိုင်တော့ဘူးပေါ့"

"ဂိုဏ်းချုပ်မဟုတ်ရင် ညီမလေးတို့က ဘာဖြစ်လို့ သူ့ရဲ့အရိပ်ကုန်နေတော့မလဲ"



ထက်ကျင်က အေးစက်စက်ရယ်လိုက်ပြီး ...

"ယွန်ချောချော ... မင်းဟာ တစ်ခါတလေ ထက်မြက်လာပုံရပေမယ့် တစ်ခါတလေကျတော့လည်း အတွေးအခေါ်က သုံးမရအောင် ညံ့သွားတယ်၊ ထိပ်ကိုတက်ချင်ရင် ဘယ်က စတက်မလဲ၊ တောင်ထိပ်ကို စတက်လို့ရမလား"

ယွန်ချောချောမှာ မျက်နှာငယ်ကလေးနှင့် ဖြစ်သွားသည်။

"အစ်ကို ... ညီမလေးကိုလည်း ခွင့်လွှတ်ပါ၊ အစ်ကို အပြစ်တင်ရင်လည်း ခံရမှာပါပဲ"

"အေး ... မင်းသဘောပေါက်ရင် ပြီးတာပဲ၊ မိုင်ပေါင်းများစွာ လျှောက်လှမ်းတဲ့ခရီးဟာ ခြေတစ်လှမ်းကစတယ်ဆိုတာ မမေ့ရင်ပြီးတာပဲ"

"ဒါဖြင့်ရင် ကျောင်းစေ့ခင်ရဲ့ အဆောက်အအုံကြီးထဲ ဝင်ကြရတော့မှာပေါ့"

"ဝင်ရမယ် ... ဖြောင့်ဝင်ရမယ်"

"ဖြောင့်ဝင်ရင် ညီမလေးတို့ လူအင်အား နည်းနေမလား"

ထက်ကျင်က ခပ်တိုးတိုးရယ်လေ၏။

"လူအင်အားများချင်လို့ကော ငါတို့မှာ ထပ်တိုးနိုင်တဲ့လူရှိလို့လား၊ တစ်ခါတစ်ရံကျတော့လည်း အရေအတွက်က အဆုံးအဖြတ်ပေးတယ်၊ တစ်ခါတစ်ခါကျတော့လည်း အရည်အချင်းက

အဆုံးအဖြတ်ပေးတယ်၊ ကာလ၊ ဒေသ၊ အခြေအနေအရ ထိုက်သင့်သလို ကြည့်လုပ်ရတာပဲ၊ ငါတို့နှစ်ယောက်တည်းနဲ့ လူသတ်ကောင်သုံးယောက်၊ အရိပ်တစ်ယောက် ... ပေါင်းလေးယောက်ကို ရှင်းလင်းသုတ်သင်ပြီးပြီ၊ ဒီအဆောက်အအုံထဲက ဒုစရိုက်ကောင်တွေကိုလည်း ငါတို့ မရှင်းလင်း မသုတ်သင်နိုင်ဘူးလို့ ဘယ်သူကပြောရဲမလဲ၊ သတိနဲ့ လျင်မြန်မှုကို တွဲပြီးအသုံးချရမယ်"

ထက်ကျင်သည် ရှည်ရှားစွာရှင်းပြပြီးနောက် သူ၏မြင်းလှည်းကို ပြန်ကွေ့ကာ ရွာလယ်လမ်းမဆီသို့ နောက်တစ်ကြိမ် ပြန်မောင်းနှင်လာပြန်လေ၏။ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပေတော့မည်။

❖ ❖ ❖



## အခန်း (၃၂)
## မဟူရာမြစ်ထဲက တစ္ဆေနှစ်ကောင်

ထက်ကျင်သည် ရွာအစွန်သို့ မြင်းလှည်းကိုမောင်းထွက်ပြီး သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်လိုက်၏။

"မြင်းလှည်းကို ဒီမှာထားပစ်ခဲ့ရမယ်၊ ခြေလွတ်လက်လွတ်ဝင်ရမယ်၊ အထဲကိုဝင်ရင် နှစ်ယောက်စလုံး တွဲမဝင်ဘူး၊ ခွဲဝင်မယ်၊ မင်းကိုစိတ်မချပေမယ့် ဒီနေရာမှာတော့ စွန့်ရမှာပဲ၊ မင်းဝင်ရဲရဲ့လား"

ယွန်ချောချောမှာ သွေးကြောင်သည့် မိန်းကလေးမဟုတ်ပေ။

"ဘာဖြစ်လို့မဝင်ရဲရမှာလဲ ... ဝင်ရဲပါတယ်"

"ကောင်းတယ်၊ သတိထားရမယ်၊ မညာရဘူး၊ ငါပြောတာမှတ်မိရဲ့လား"

ယွန်ချောချောက ပြုံးသည်။

"မှတ်မိပါတယ် အစ်ကိုရယ်"

ထက်ကျင်က ခပ်ဆတ်ဆတ်ပြောသည်။

"မပြုံးနဲ့ အတွေ့အကြုံမရှိသေးတဲ့လူကို ငါ ဘယ်လိုမှ စိတ်မချနိုင်ဘူး၊ ပထမတော့ မင်းတို့ပြုံးတာပဲ၊ ငါလုပ်ရင် ဖြစ်တယ်လို့ ဒါပေမဲ့ တကယ့်အရေးအကြောင်းလည်းကြုံရော အားလုံး အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်ရော၊ အတွေ့အကြုံကို ချက်ချင်း ငွေနဲ့ တက်ဝယ်လို့မရဘူး၊ အတွေ့အကြုံကို တန်ဖိုးမထားတဲ့လူလောက် တန်ဖိုးမရှိတဲ့လူဟာ ဒီလောကမှာမရှိဘူး"

ယွန်းချောချောမှာ မပြုံးရဲတော့ပေ။ သို့သော် ထက်ကျင်က ဒေါ်ပွပွနှင့် ဆက်ပြောနေလေ၏။

"ရေကလေးတစ်စက်ချင်းကိုစုရင် အိုးစရည်းအပြည့်ရတယ်ဆိုတာ လူတိုင်းသိတယ်၊ အတွေ့အကြုံကို အဲဒီလိုစုရတယ်ဆိုတာတော့ လူတိုင်းမသိဘူး"

ယွန်းချောချော ကတိပေး၏။

"အစ်ကိုပြောတဲ့အတိုင်း သတိထားပါ့မယ်၊ မညာပါဘူး၊ စိတ်ချပါ"

"မင်းက ရှေ့ဘက်ကဝင်၊ ငါက နောက်ဘက်ကဝင်မယ်၊ ရန်သူတွေဟာ ရှေ့ဘက်ထက် နောက်ဘက်ကို ပိုပြီးဂရုစိုက်တတ်တယ်၊ နောက်ဘက်မှာ ပိုပြီး အတားအဆီးများတတ်တယ်၊ ဒါကြောင့်မို့ ငါ နောက်ဘက်ကဝင်တာပဲ၊ ကဲ ... သွားပေတော့၊ ခုချိန်ကစပြီး တွေ့တဲ့လူဘိုင်းကို မင်းအနားတစ်လံကွာအထိ အကပ်မခံနဲ့တော့"



ထက်ကျင်သည် ရွာအနောက်ဘက်သို့ ပြေးထွက်သွားရာ မကြာခင် ပျောက်ကွယ်သွားတော့သည်။

ယွန်းချောချောသည် အတန်ကြာငေးကြည့်ပြီးမှ သူ့အတွက် သတ်မှတ်ပေးထားသည့် လမ်းအတိုင်းလိုက်သည်။ ကျောင်းဇရပ်ခင်၏အိမ်သို့ဝင်ရန်လမ်းသည် လမ်းမကြီး၏တစ်ဝက်ခန့်၌ ရှိသည်။

ထိုလမ်းထဲသို့ချိုးဝင်လိုက်သည်နှင့် ကလေးနှစ်ယောက်ကို စတင်တွေ့ရသည်။ နှစ်ယောက်စလုံး ဆယ့်လေးငါးနှစ်သားမျှ ရှိကြပေလိမ့်မည်။

တစ်ယောက်က ယောက်ျားကလေးဖြစ်ပြီး တစ်ယောက်က မိန်းကလေးဖြစ်သည်။ သူတို့နှစ်ယောက်စလုံး အရွယ်နှင့်မလိုက်သည့် ဦးထုပ်ကြီးကြီးကို ဆောင်းထားကြလေသည်။ နှစ်ယောက်စလုံး နှင်းကာအင်္ကျီများ ဝတ်ဆင်ထားကြသည်။

ဆီးနှင်းတောထဲ၌ ထိုင်နေကြသဖြင့် ဆီးနှင်းများနှင့် ကစားနေဟန်တူသည်။ သူတို့အနီး၌ ယွန်းချောချော ရပ်လိုက်သည့်အခါ သူမအား မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကြည့်ကြသည်။ လူစိမ်းသူစိမ်းဖြစ်၍ အံ့သြသွားဟန်တူပေသည်။

ယွန်းချောချောက စတင်နှုတ်ဆက်လိုက်၏။

"ကလေးတို့က ဒီရွာကလားကွယ့်"

မိန်းကလေးက ခေါင်းညိတ်ပြ၏။

"ဟုတ်ပါတယ်၊ ကျွန်မတို့က ဒီရွာကပါ၊ ဒေါ်လေးက ဘယ်သူ့ကို ရှာချင်လို့လဲ"

မိန်းကလေး၏အသံမှာ လူကြီးသံပေါက်နေသည်။

ရုတ်တရက် ယွန်ချောချော စိတ်ပူသွားသည်။ သို့သော် ကလေးငယ်နှစ်ဦးနှင့် စတင်တွေ့ရှိခြင်းမှာ သူမအတွက် ကံကောင်းသည်ဟု တွေးမိပြန်သည်။

လူကြီးများဖြစ်နေပါက စကားကို ဆင်ဆင်ခြင်ခြင်ပြောရမည် မဟုတ်ပါလား။

"ဒါ တိုင်ဝမ်ကျေးရွာ မဟုတ်လား"

"ဟုတ်ပါတယ်"

သည်တစ်ကြိမ်တွင်တော့ ယောက်ျားလေးက ပြော၏။ သူလည်း လူကြီးသံပေါက်နေသည်။

"ဒေါ်ဒေါ်က ဘယ်သူ့ဆီလာတာလဲ"

ယောက်ျားလေးက ဆက်မေးသည်။

"ဒေါ်ဒေါ်က ကျောင်းဈေခင်ဆိုတဲ့ သူဌေးကြီးဆီလာတာပါ၊ အဲဒီသူဌေးကြီးကော ရှိရဲ့လား၊ ခရီးများထွက်သွားသလား"

ယောက်ျားလေးက ရယ်ပြီးပြောသည်။

"ဘယ်ကခရီးထွက်ရမှာလဲ၊ အခုချိန်ဆိုရင် သူဌေးကြီး အိမ်ရာက ဘယ်ထဦးမလဲ"





"ဟုတ်လား ... တော်သေးတာပေါ့၊ ငါ့မှာ အရေးကြီးတဲ့ ကိစ္စ ရှိတယ်၊ သူနဲ့တွေ့မှဖြစ်မယ်"

မိန်းကလေးက ဝင်ပြောလာ၏။

"ဒါဆိုရင် ကျွန်မတို့လိုက်ပို့ပေးမှာပေါ့၊ သူဌေးကြီးကိုလည်း နှိုးပေးမယ်"

ယွန်ချောချောသည် ကလေးနှစ်ယောက်၏ လိမ္မာသိတတ်မှုအတွက် အလွန်သဘောကျသွားသည်။

လယ်သမားသားသမီးများဖြစ်ပါလျက် မြေခွေးရေဖြင့်ပြုလုပ်ထားသည့် နှင်းကာဝတ်စုံများ ဝတ်ဆင်ထားသည့် ကလေးနှစ်ယောက်ကို သေချာစွာကြည့်ပြီး ယွန်ချောချောက မေးမြန်းမိလေ၏။

"မင်းတို့က ဘယ်ဆိုးလို့လဲ ... နှင်းကာဝတ်စုံတွေ ဘာတွေနဲ့၊ မြေခွေးရေနဲ့လုပ်ထားတဲ့ နှင်းကာဝတ်စုံဆိုတာ ဈေးကသေးတာမဟုတ်ဘူး၊ ဒေါ်ဒေါ့်ကိုကြည့်စမ်း ... ဘာနှင်းကာမှ မဝတ်နိုင်ဘူး၊ နှင်းဒဏ်ခံနိုင်ဖို့ ခမောက်ကြီးကြီးတစ်လုံးပဲ ဆောင်းထားရတယ်၊ မင်းတို့ရဲ့ မြေခွေးနှင်းကာအင်္ကျီက ဘယ်လောက်တောင် ကုန်ကျသလဲကွယ့်"

ယောက်ျားလေးက ခေါင်းခါ၏။

"ကျွန်တော်တို့လည်း မသိပါဘူးဗျာ၊ ဒေါ်ဒေါ်တို့အရွယ်ဆိုရင် မြေခွေးတစ်ကောင်တည်းရဲ့ အရေခွံနဲ့တော့ ရမယ်မထင်ဘူး"

ထိုစဉ် ကလေးမလေးက ယွန်ချောချောကို အသေအချာကြည့်၍ မေးလေ၏။

"ဒေါ်လေးအင်္ကျီက ပါးပါးလေးပဲ၊ ဒီလောက်နှင်းတွေကျနေတဲ့အချိန်မှာ မချမ်းဘူးလားဟင်"

"ဒီလောက်မပါးပါဘူးကွယ်၊ ဖျင်ကြမ်းဝတ်စုံပဲဥစ္စာ"

"ပါးပါတယ်"

"မပါးပါဘူး"

ကလေးမလေးက ယွန်ချောချောထံသို့ လက်လှမ်းလိုက်လေ၏။

ထိုစဉ် ...

'ရွှစ် ...'

လေတိုးသံတစ်ချက်ပေါ်လာပြီး အလင်းရောင်တန်းတစ်ခုပေါ်လာသည်။ ယွန်ချောချောမှာ နံဘေးသို့လိမ့်ချလိုက်၏။ တစ်ချိန်တည်းမှာပင် ရွှမ်းခနဲမြည်သည့်အသံကို ကြားရပြန်သည်။

သူမ ထရပ်လိုက်သည့်အခါတွင် ကလေးမကလေး၏နဖူးထက်၌ မြားတစ်ချောင်းစိုက်ဝင်လျက်ရှိပြီး ယောကျ်ားကလေး၏လည်ပင်းမှာလည်း သူ၏ခန္ဓာကိုယ်နှင့် အိုးစားကွဲလျက်ရှိနေလေပြီ။

ယွန်ချောချောသည် သူ့နံဘေးသို့ ရောက်ရှိလာသူကို ချာခနဲ လှည့်ကြည့်လေ၏။ ရွှေပျံလွှားထက်ကျင်ပေတည်း။



ယွန်ချောချော အကြီးအကျယ် အံ့အားသင့်သွားရပြန်သည်။ အဆောက်အအုံ၏ အနောက်ဘက်မှ ဝင်မည်ဟူသော ရွှေပျံလွှားသည် အဘယ်ကြောင့် ရှေ့ဘက်သို့ရောက်လာရပြန်သနည်း။

ဤကလေးငယ်နှစ်ယောက်ကို အဘယ်ကြောင့် ရက်ရက်စက်စက် သတ်ရသနည်း။ ဤကလေးငယ်နှစ်ယောက်သည် ရန်သူက ရုပ်ဖျက်အယောင်ဆောင်နေသူများဟု ပြောဆိုဦးမည်လော။

သည်တစ်ကြိမ်တွင်တော့ ယွန်ချောချောက မေးခွန်းမထုတ်မီ ထက်ကျင်က စတင်ကြိမ်းမောင်းလေ၏။

"ချောချော မင်းဟာ အတော့်ကို အသုံးမကျတဲ့မိန်းကလေးပဲ"

"ရှင် ..."

"မင်းကို ငါ အထပ်ထပ်မှာကြားခဲ့တယ်၊ မင်းဟာ ငါမှာတဲ့စကားကို ခေါင်းထဲလုံးဝမထည့်ဘူး"

"ရှင်"

"ဘာ ... တစ်ရှင်တည်းရှင် ဖြစ်နေတာလဲ၊ ဒီထဲကိုဝင်တာနဲ့ ဘယ်လူစိမ်းကိုမှ လက်တစ်လံအထိ အကပ်မခံပါနဲ့လို့ သေသေချာချာ မှာလိုက်တယ် မဟုတ်လား"

ယွန်ချောချောသည် ထက်ကျင်က ဖိ၍ဟိန်းဟောက်ကြိမ်းမောင်းနေသဖြင့် ဘာပြောရမှန်းမသိဘဲ ဖြစ်နေသည်။

"အစ်ကိုထက်ကျင် ... သူတို့ ... သူတို့က ကလေးလေးတွေပဲ၊ ရန်သူကြီးတွေမှ မဟုတ်တာ"

"ဘာ ... ဒါ ကလေးလေးတွေ မှတ်နေသလား"

ထက်ကျင်က စိတ်ဆိုးမာန်ဆိုးပြောပြီး ယောကျ်ားကလေး၏လက်ထဲရှိ ကြိမ်တုတ်လိုလို၊ ဝါးပုလွေလိုလို ပစ္စည်းကလေးကို ဆွဲယူလိုက်၏။

ထို့နောက် ထိုပစ္စည်းကလေးကို ဖြည်းဖြည်းခေါက်လိုက်၏။ ထိုပစ္စည်းထဲမှ မည်းနက်နေသော သံမဏိအပ်ကလေးများ ထွက်ကျလာသည်။

"ရော့ ... ဒါဘာပစ္စည်းလဲ ... ကြည့်စမ်း"

ယွန်ချောချောသည် ထက်ကျင်လှမ်းပေးသည့် ဝါးလုံးလိုလို ပစ္စည်းကလေးကို ယူကြည့်လိုက်၏။ သံမဏိပိုက်လုံးကလေးသာ တည်း။

"မည်းနက်နေတဲ့ အပ်ကလေးတွေကိုလည်း ကောက်ကြည့်စမ်းပါဦး။ အားလုံး သေမင်းတမန်တွေချည်းပဲ၊ ဒီပိုက်နဲ့မှုတ်လိုက်တာနဲ့ တစ်ပြုကြီး ခန္ဓာကိုယ်ထဲဝင်သွားမယ်"

ယွန်ချောချောမျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ တုန်လှုပ်သွားသည်။

"တိုင်ဝမ်ကျုံးရှာက ဒီလောက် ကြောက်စရာကောင်းသ



လား။ ကလေးတွေလည်း လူသတ်တာပဲလား။ ညီမတော့ မယုံနိုင်တော့ဘူး"

သူမသည် ကလေးနှစ်ယောက်အလောင်းကို လှမ်းကြည့်လိုက်ပြီး ...

"ကလေးနှစ်ယောက်က လူသတ်တယ်ပဲထားဦး၊ အစ်ကို့လက်ချက်က ပြင်းထန်လွန်းပါတယ်၊ မသကာ မေ့ရုံမြောရုံလောက်ပဲ လုပ်သင့်တယ်၊ ခုတော့ ..."

"ဪ ..."

ထက်ကျင်က စိတ်ဆိုးမာန်ဆိုးဖြင့် အော်သည်။

"မင်းကများ ငါ့ကို ပြန်တရားဟောနေရတယ်ရှိသလား၊ မင်းကို ငါ ဘာတွေအထပ်ထပ်သိပေးခဲ့သလဲ၊ ကျောင်းဆရာခင်ရဲ့အဆောက်အအုံနားရောက်ရင် မညှာပါနဲ့ မညှာပါနဲ့ မြန်မြန်ဆန်ဆန်လုပ်ပါလို့ အထပ်ထပ်သတိပေးခဲ့တယ် မဟုတ်လား။ မင်း ငါ့စကားကို ဘာများနားထောင်သလဲ"

ယွန်ချောချော၏မျက်နှာသည် သွေးရောင်ပြန်တက်လာသည်။

"သူတို့က ကလေးလေးတွေပဲ"

"ဘာ ကလေးလေးတွေလဲ"

ထက်ကျင်က သူ၏ဓားဦးဖြင့် ကလေးမလေး၏အင်္ကျီရှေ့

ဝိုင်းကို ခွဲချလိုက်သည်။ ချိန်သားကိုက်လှသဖြင့် ကလေးမလေး၏ အသားကိုမထိဘဲ အပေါ်အင်္ကျီသာ ရှဲခနဲပြတ်သွားသည်။ ထို့နောက် တစ်ကိုယ်လုံး ဗလာကျင်းသွားစေရန် သွားဖြင့် အဝတ်များကိုလှီး ဖြတ်ခြင်း ထိုးကော်ဖယ်ရှားခြင်း ပြုသည်။

"အစ်ကို ဘာတွေလုပ်နေသလဲ"

"အသာနေစမ်း ... အခု မင်းရှေ့မှာသေနေတဲ့လူတွေဟာ ကလေးလေးတွေလား၊ လူကြီးတွေလားဆိုတာ ချက်ချင်းသက်သေ ပြမလို့ပဲ၊ မင်း မျက်မြင်ကိုယ်တွေ့ဖြစ်မှ ယုံမယ်၊ ကဲ .. မင်း ကလေး လေးတွေလို့ပြောတဲ့ မိန်းကလေးကို ကြည့်စမ်းပါဦး"

ယွန်ချောချောသည် မိန်းကလေး၏အလောင်းကို မြင်လိုက် ရသည်။ သူမ ချက်ချင်း မျက်နှာလွှဲပစ်ရ၏။ မျက်နှာတစ်ပြင်လုံး လည်း ရှက်သွေးတတ်ပြီး နီရဲနေ၏။

"အို ..."

ယွန်ချောချောထံမှ ရှက်ရွံ့သော အာမေဍိတ်သံ ပေါ်လာ ၏။

သူမ မှားခဲ့ပြန်လေပြီ။ သူမအနေဖြင့် ကလေးမလေးဟု ထင်ထားခဲ့သည့် ကလေးငယ်သည် အသက်အရွယ်ကြီးရင့်နေသည့် အမျိုးသမီးကြီးတစ်ယောက်ဖြစ်ကြောင်း သေသူ၏ ခန္ဓာကိုယ်အခြေ အနေများက ပြသလျက်ရှိနေလေပြီ။



ထက်ကျင် ယောကျ်ားကလေးအလောင်းကို ဓားဦးဖြင့်ညွှန် ပြရင်း ...

"ဟောဟိုကောင်ကိုရော သက်သေထပ်ပြရဦးမလား"

ယွန်ချောချောက လက်တကာကာ ခေါင်းတခါခါဖြင့် တောင်း ပန်လေ၏။

"အစ် ... အစ်ကို ... တော်ပါတော့၊ ညီမလေး ယုံပါပြီ"

သူမသည် စကားဆုံးသည်နှင့် ကလေးမလေးဟု ထင်ထား ရသည့် မိန်းမကြီး၏အလောင်းပေါ်သို့ အဝတ်ဟောင်းများဖြင့် ပြန် လည်လွှမ်းခြုံပေးလိုက်မိသည်။

ယွန်ချောချောသည် ထူးဆန်းအံ့ဩဖွယ်ကောင်းလှသော လူနှစ်ယောက်၏အလောင်းကိုကြည့်ပြီး ထက်ကျင်အား မဝံ့မရဲမေး မြန်းမိလေ၏။

"အစ်ကို ... သူတို့ကို ကောင်းကောင်းသိနေတယ် မဟုတ် လား"

"သိတယ်၊ သူတို့နှစ်ယောက် ဘယ်လိုတော်စပ်တယ်လို့ ထင်သလဲ"

"ညီမလေး မမှန်းဆတတ်ဘူး"

"သူတို့ဟာ လင်မယားနှစ်ယောက်ပဲ"

"ဘယ်လိုလုပ်ပြီး ကလေးလေးတွေလို ဖြစ်နေတာလဲ"

"ဒါကတော့ သဘာဝအလျောက် ဖြစ်နေတာပါ၊ သိုင်းလောကသား အတော်များများဟာ ဒီလင်မယားနှစ်ယောက်ကို အတော်ကလေးသိထားကြတယ်၊ ဟစ်ပိုရှန်ရန်ဆိုတာ ဒီလင်မယားနှစ်ယောက်ရဲ့ နာမည်ပဲ၊ အဓိပ္ပာယ်ကတော့ 'မဟူရာမြစ်ထဲက တစ္ဆေနှစ်ယောက်' တဲ့"

"နာမည်နဲ့ သူတို့ပုံစံနဲ့ကတော့ တခြားစီပါလား"

"လူခန္ဓာကိုယ်တွေကသာ ကလေးငယ်ကလေးတွေလို့ ထင်မှတ်ရပေမယ့် အပြုအမူနဲ့ စိတ်ဓာတ်ကတော့ ဘီလူးသရဲတွေလို တကယ်ပဲ ရက်စက်ကြမ်းကြုတ်လှတယ်၊ သိုင်းပညာအဆင့်လည်း မြင့်မားတယ်၊ အင်မတန်ကြောက်စရာကောင်းတဲ့ လင်မယားပဲ"

"ညီမလေးတော့ မြင်လို့သာယုံရတာ၊ ပြောရုံနဲ့တော့ ဘယ်လိုမှ ယုံမိမှာမဟုတ်ဘူး"

"သူတို့ ရက်စက်သလား မရက်စက်သလား ငါပြောပြမယ်၊ သူတို့နှစ်ယောက် လူဘယ်နှစ်ယောက် သတ်ပြီးပြီလို့ထင်သလဲ"

"မပြောတတ်ဘူး"

"သူတို့ကြောင့်သေတာ လူတစ်ထောင်ရှိနေပြီ၊ သေတဲ့လူအားလုံး သာမန်အရပ်သားတွေမဟုတ်ဘူး၊ နာမည်ကြီးသိုင်းသမားတွေနဲ့ အာမခံပို့ဆောင်ရေးဌာနက သိုင်းဆရာတွေပဲ၊ အထူးသဖြင့် သူတို့လက်ချက်ကြောင့် အများဆုံးသေဆုံးရတဲ့လူတွေကတော့ အာမခံပို့ဆောင်ရေးဌာနက သိုင်းဆရာတွေပါ"



"သူတို့ကို နိုင်တဲ့လူမရှိဘူးလား"

"အတီအလင်း ယှဉ်တိုက်ရင်တော့ နိုင်မယ့်လူ ပေါချင်ပေါလာမှာပေါ့၊ ဒီလင်မယားက ဘယ်တုန်းကမှ တရားသဖြင့် တိုက်ခိုက်တာမဟုတ်ဘူး၊ အလစ်တိုက်ခိုက်တယ်၊ နောက်ကလုပ်ကြံတယ်၊ သူတို့ရဲ့ ကလေးဆန်တဲ့ ရုပ်လက္ခဏာနဲ့ ကိုယ်ခန္ဓာပုံသဏ္ဌာန်ကြောင့်လည်း သိုင်းသမားတွေ အလစ်ခံလိုက်ရတာချည်းပဲ"

"ကျွတ် ... ကျွတ် ... ကျွတ် ... တကယ်ကြောက်စရာကောင်းပါလား"

"အခုလည်း မင်းကို အလစ်သတ်ဖို့ အယုံသွင်းနေကြတော့ ငါရောက်လာတာ သူတို့မသိလိုက်ဘူး၊ ဒါကြောင့်လည်း သူတို့ကို အလွယ်တကူ သုတ်သင်နိုင်လိုက်တာ"

ယွန်ချောချောမှာ ထက်ကျင်အား မည်သည့်စကားမျှ မပြောရဲတော့ပေ။ သူမသည် အရာရာကို ယုံလွယ်နေသည် မဟုတ်ပါလား။

အရာရာကို ယုံလွယ်တတ်သူသည် သိုင်းလောက၌ သေရန် အလွယ်ဆုံးလူပေတည်း။

❖ ❖ ❖

## အခန်း (၃၃)
## ထန်ဆက်ဘွန်ဂိုဏ်း၏ စခန်းတစ်ခု

ထက်ကျင်သည် ယွန်ချောချော၏ အကူအညီဖြင့် ဟစ်ဟို ရှန်ရန်လင်မယားကို ကောင်းစွာမြှုပ်နှံသဂြိုဟ်ပေးလိုက်သည်။

ဤကား ထက်ကျင်၏ မြတ်နိုးဖွယ်ကောင်းသော အကျင့်တစ်ခုဖြစ်သည်။

သူ့အတွက် လုံလောက်သောအချိန်ရလျှင် မည်သည့်အခါမျှ ရန်သူ့အလောင်းကို ခွေးစားစား၊ ကျီးထိုးထိုး ပစ်ထားလေ့မရှိပေ

ထက်ကျင်က ...

"မင်းနဲ့ငါ ဆုံပြီးကတည်းက ငါ လူသုံးလေးယောက်ကို သတ်ခဲ့ရပြီးပြီ၊ ဒါပေမဲ့ ဒီနှစ်ယောက်ကို သတ်ရသလောက် ဝမ်းမြောက်ဝမ်းသာမဖြစ်ခဲ့ပါဘူး"

ယွန်ချောချော အံ့ဩသွားသည်။

"သူတို့ သိပ်ဆိုးတဲ့လူတွေမို့လို့ ဝမ်းသာတာလား"

"အင်း ... သိပ်ဆိုးတာလည်း တစ်ကြောင်းပေါ့၊ နောက်ပြီး



သူတို့က သိပ်အပုန်းကောင်းတယ်၊ အခု ကံကောင်းလို့တွေ့ရတာ၊ သိုင်းလောကသားတွေအတွက် ငါဟာ ကောင်းကျိုးတစ်ခု ပြုပြီးသွားပြီ"

ထက်ကျင်က သက်ပြင်းချ၏။

"အင်းလေ ... မင်းကိုလည်း သိပ်အပြစ်တင်လို့မရပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက သူတို့အကြောင်းမှ သိမထားတာကိုး၊ သူတို့ကိုသိထားတဲ့လူတွေတောင် သေခဲ့ကြသေးတာဆိုတော့ မင်းကို သိပ်အပြစ်တင်လို့မရဘူးပေါ့၊ ဒါပေမဲ့ ..."

"ပြောပါ ... အစ်ကို"

"မင်းသာ စဉ်းစဉ်းစားစားလုပ်မယ်ဆိုရင် သူတို့ မှုမမှန်တာကို မင်း နည်းနည်းလောက် ရိပ်မိမှာပါ၊ ရိပ်မိရင် ကိုယ့်အသက်ကိုကာကွယ်နိုင်တာပေါ့"

"ညီ ... ညီမ အပြစ်ပါ၊ လုံးဝမစဉ်းစားခဲ့ပါဘူး၊ ချို့ယွင်းချက်လည်း မတွေ့ရပါဘူး"

ထက်ကျင် သက်ပြင်းချပြန်သည်။

"ငါ တစ်ချက်ပြောမယ်၊ အခု ဒီရွာထဲမှာ လူတွေလှုပ်လှုပ်ရှားရှားသွားနေတာ မင်းတွေ့မိသလား"

"မတွေ့မိပါဘူး"

"သူတို့နှစ်ယောက်ကလွဲလို့ တခြားကလေးတွေ ထွက်ဆော

နေတာ တွေ့သလား"

"မတွေ့ပါဘူး"

"ဒီလောက် တိတ်ဆိတ်ငြိမ်သက်နေတဲ့ ရွာထဲမှာ ဒီကလေးနှစ်ယောက် နှင်းထဲထွက်ကစားနေတာ ထူးခြားတယ်လို့ မင်းမစဉ်းစားမိဘူးလား"

ယွန်ချောချော ငိုင်သွားပြန်သည်။

"မင်းကို ငါပြောထားသားပဲ ... သဘာဝနဲ့ ဆန့်ကျင်နေပြီဆိုရင် နည်းနည်းစဉ်းစားပေတော့လို့၊ နောက်ဆိုရင်တော့ စဉ်းစားပါ၊ ဒီနှစ်ယောက်ကြောင့် ကျန်ဝူးက လူတော်တော်များများ သေဆုံးခဲ့ပြီးကြပြီ၊ ငါကတော့ ကံကောင်းလွန်းလို့ သူတို့ရုပ်ကိုသိနေတာ၊ သူတို့နဲ့တွေ့သမျှလူဟာ မရဏသေမင်းနဲ့ မျက်နှာချင်းဆိုင် တွေ့ရသလိုပဲ၊ တွေ့ပြီးရင် သေကြရတာပဲ၊ ငါကတော့ ခြွင်းချက်ပေါ့လေ"

"အစ်ကိုကတော့ သူတို့နဲ့ မျက်နှာချင်းဆိုင် မတွေ့ဖူးဘူးဆိုပါတော့"

ထက်ကျင်က ခေါင်းညိတ်ပြ၏။

"အဖြစ်ကဒီလို ... ဒီမကောင်းဆိုးဝါးလင်မယားဟာ သူတို့ရဲ့ လက်အောက်ငယ်သားတစ်ယောက်ကိုသတ်ပြီး လမ်းဘေးမှာပစ်ထားခဲ့ကြတယ်၊ ကတိုက်ကရိုက် လုပ်ကြခဲ့တာဆိုတော့ အဲဒီလူဟာ မသေဘူး၊ အသက်မျှင်းမျှင်းကျန်နေသေးတယ်၊ တိုက်တိုက်ဆိုင်ဆိုင်



ဖြစ်ချင်တော့ ငါဟာ အဲဒီနေရာရောက်သွားပြီး သူ့အသက်ကို ကယ်တင်နိုင်ခဲ့တယ်၊ အဲဒီလူက ဒီမကောင်းဆိုးဝါးလင်မယားရဲ့ အပြုအမူ၊ အမူအကျင့်နဲ့ သွင်ပြင်လက္ခဏာတွေကို ပြောပြခဲ့လို့ ငါဟာ သူတို့နှစ်ယောက်ကို ကောင်းကောင်းသိနေခဲ့တယ်"

ထက်ကျင်သည် စကားကို ဆုံးအောင်မပြောဘဲ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"အစ်ကို ... ဘာဖြစ်လို့လဲ ဆက်ပြောပါ"

"အဲဒီလူအတွက် စိတ်မကောင်းလို့ပါ၊ ငါဟာ သူ့အသက်ကို ကယ်ခဲ့ပေမယ့် သူနောင်ရေးစိတ်အေးရအောင် စီစဉ်မပေးခဲ့ဘူး၊ သူ့ကို သူ့မိသားစုဆီပဲ ပြန်ပို့ပေးခဲ့မိတယ်၊ ငါ သူ့အသက်တစ်သက်ကယ်တာ နောက်ထပ်အသက်ခုနစ်သက် ဆုံးရှုံးအောင်လုပ်လိုက်သလိုပဲ၊ ဒီမကောင်းဆိုးဝါး လင်မယားနှစ်ယောက်က အဲဒီလူ အသက်ရှင်နေတာကိုသိပြီး အဲဒီလူရော၊ သူ့အိမ်သား ခုနစ်ယောက်ကိုပါ ရက်ရက်စက်စက် သတ်ပစ်ခဲ့တယ်"

"ဒီနှစ်ယောက်ပဲ သတ်လိုက်တာ ... ဟုတ်လား"

ထက်ကျင်က နှင်းတောထဲမှ အဆိပ်ပြောင်းကလေးကို မြှောက်ပြလိုက်၏။

"ဒီပြောင်းထဲမှာ အဆိပ်အပ်တွေထည့်ပြီး မှုတ်တာလေ"

ယွန်ချောချောသည် စိတ်ဆိုးမာန်ဆိုးဖြင့် ထိုနှစ်ယောက်ကို

မြုပ်ထားသည့် မြေပုံပေါ် ခြေထောက်ဖြင့် သွားဆောင့်သည်။

"သေသင့်တယ်၊ သူတို့က လူတွေမှမဟုတ်ဘဲ၊ တကယ့် မကောင်းဆိုးဝါးတွေပဲ"

ထက်ကျင်က ပြုံးကြည့်နေသည်။

"အဲ့တာပဲ၊ လောကမှာ နေသင့်တဲ့လူတွေရှိသလို မနေသင့်တဲ့လူတွေလည်း ရှိတယ်၊ သူတို့နှစ်ယောက်ကတော့ မနေသင့်တဲ့ လူတွေပါ"

"အစ်ကို ... ကျွန်မတို့ ဘာလုပ်ကြမလဲဟင်"

"ဘာလုပ်ရမှာလဲ၊ နောက်ဘက်မှာလည်း လူတစ်ယောက်မှ မတွေ့ဘူး။ အခု အရှေ့ဘက်မှာ တွေ့တဲ့လူနှစ်ယောက်လည်း သေပြီ၊ ဒီတော့ ဒီအဆောက်အအုံကြီးထဲ ဒီရှေ့ဘက်ကဝင်ရုံပဲ ရှိတော့တာပေါ့"

ထက်ကျင်သည် စကားဆုံးသည်နှင့် ရှေ့မှဦးဆောင်ဝင်တော့သည်။ ယွန်ချောချောမှာ ကပျာကယာ ပြေးလိုက်သွားရလေ၏။

ယွန်ချောချောက ထက်ကျင်အား လှမ်းပြောသည်။

"အစ်ကို ... အချက်တစ်ချက်ကို သတိထားမိသလား"

"ဘာအချက်လဲ"

"ဒီမကောင်းဆိုးဝါးနှစ်ကောင်က လမ်းအလယ်ကစောင့်ပြီး



လုပ်ကြံမှတော့ ဒီကျောင်းဇေခင်ရဲ့ဂေဟာကြီးဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ အခြေစိုက်စခန်းမဟုတ်တောင် ဘယ်နည်းနဲ့မှ နေရာကောင်းတစ်ခုတော့ မဖြစ်နိုင်ဘူး"

ထက်ကျင်က ယွန်ချောချောအား ချီးကျူးသောအကြည့်ဖြင့် ကြည့်သည်။

"အေး ... ဒီလိုစဉ်းစားမှပေါ့၊ ဒီလို မကောင်းတဲ့နေရာဖြစ်ဖို့ များနေရင် ဒီထဲမှာတွေ့တဲ့လူတွေကို သိပ်ပြီးစိတ်ကောင်းစေတနာ ကောင်း ထားမနေနဲ့တော့"

"ဟုတ်ကဲ့၊ လူတို့ကို မျက်စိဒေါက်ထောက်ကြည့်ပါ့မယ်၊ အမြန်ဆုံး လှုပ်ရှားပါ့မယ်"

ထက်ကျင်နှင့် ယွန်ချောချောတို့သည် တဲအိမ်ကလေးများကို ဖြတ်ကျော်လာကြ၏။

တဲအိမ်များအတွင်း၌ လူသူဟူ၍ တစ်ဦးတစ်ယောက်မျှပင် ရှိမနေကြပေ။

ကျောင်းဇေခင်၏ ဂေဟာကြီးကား တိုင်ဝမ်ကျွန်းရွာအတွင်း၌ စာသူငယ်ကြား လင်းတနားဆိုသကဲ့သို့ ရှိနေလေသည်။

ကြီးမားခန့်ထည်သော အဆောက်အအုံကြီးကို မည်သည့်တဲငယ်ကမျှ ယှဉ်ပြိုင်နိုင်လိမ့်မည် မဟုတ်ပေ။

ဂေဟာကြီးမှာ ဟောင်းနွမ်းနေသည်ကတော့ မှန်၏။ သို့

သော် ထိုပေါင်းနှမ်းမှုကြောင့်ပင် ဗိုဗျ တည်ငြိမ်ရင့်ကျက်သလို ဖြစ်နေသည်။

ဂေဟာကြီးကို ဗိုမိုခန့်ညားစေသည့်အရာမှာ ပတ်လည်၌ ရံထားသော ဝင်းနံရံကြီးဖြစ်၏။ ဆေးနီများသုတ်ထားသဖြင့် ဂေဟာကြီးအတွက် ဗိုဗျပန်ရလေ၏။

ထက်ကျင်နှင့် ယွန်ချောချောတို့သည် ဝင်းတံခါးဝ၌ ရပ်လိုက်ကြ၏။

တံခါးမကြီး၏ တံခါးတစ်ဖက်တစ်ချက်ဆီတွင် ကြေးဝါခြင်္သေ့ရုပ်ကြီးများ ရှိနေ၏။ ခြင်္သေ့ရုပ်ကြီးများ၏ ပါးစပ်ထဲ၌ ကြေးလက်ကိုင်ကွင်းကြီးများ ရှိနေသည်။

တံခါးအဖွင့်အပိတ်လုပ်လျှင် ထိုလက်ကိုင်ကွင်းများကို အသုံးပြုပေမည်။

ထက်ကျင်ကတော့ ထိုလက်ကိုင်ကွင်းများကို လုံးဝမကိုင်ဘဲ ထုထည်ကြီးမားသော တံခါးမကြီးကိုသာ တဝုန်းဝုန်းထုရိုက်သည်။

"ကျောင်းစေ့ခင် ... ကျုပ် ရွှေပျံလွှားရောက်လာပြီ၊ ပုန်းမနေနဲ့တော့"

ထက်ကျင်သည် အော်ပြီးသည်နှင့် ယွန်ချောချောအားအပေါ်သို့ခုန်တက်မည်ဖြစ်ကြောင်း အချက်ပြသည်။

ထို့နောက် ယွန်ချောချော၏လက်မောင်းကိုဆွဲပြီး ဝင်းနံရံ



ကြီးပေါ်သို့ ခုန်တက်လေ၏။ ထို့နောက် ခြံဝင်းထဲ၌ပေါက်နေသည့် သစ်ပင်ကြီးပေါ်သို့ခုန်ကူးပြီး အိမ်ခေါင်မိုးပေါ်သို့ ထပ်တက်ရန် အချက်ပြသည်။ ယခုအချိန်၌မူ တစ်ယောက်ချင်း ခုန်ကူးရသည်။

ယွန်ချောချောသည် ထက်ကျင်လှုပ်ရှားသည့်အတိုင်း အမီ ~ာ်၍ လှုပ်ရှားနိုင်ပေသည်။

ဂေဟာကြီး၏ ခေါင်မိုးပေါ်သို့ ရောက်သောအခါ ယွန်ချောချောက မေးခွန်းထုတ်ရန်ဟန်ပြင်သည်။

ထက်ကျင်က နှုတ်ခမ်း၌ လက်ညှိုးကို ကန့်လန့်ဖြတ်ကာ၍ ရှူးခနဲအချက်ပြသည်။

မမေးနဲ့ စကားမပြောနဲ့ဟူ၍။

ယွန်ချောချောသည် အိမ်ခေါင်မိုးပေါ်၌ ဝမ်းလျားထိုးမှောက်ရင်း ဝင်းနံရံတံခါးမကြီးဆီသို့ မျက်တောင်မခတ်တမ်း ကြည့်နေမိတော့သည်။

အမြင့်မှကြည့်နေခြင်းဖြစ်၍ မြင်ကွင်းက ရှင်းလှလေသည်။

လူကြီးငါးယောက်သည် ကြီးမားသောလေးကြီးများကိုကိုင်၍ ထွက်လာကြ၏။

လေးညှို့များကို ဆွဲတင်ပြီးနေကြလေသည်။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူနှစ်ယောက်က တံခါးမကြီးဆီသို့ ခြေဖော့ပြေးသွားသည်။

'အင်း ... ကျောင်းစေ့ခင်ဟာ ဒီတစ်ခါတော့ ညှို့လွန်းလှတယ်'

ထက်ကျင်တွေးနေခြင်းသာ ဖြစ်ပါသည်။ ထက်ကျင် ထိုသို့တွေးမည်ဆိုကလည်း တွေးလောက်သည်။ ထက်ကျင်တို့လာမည်ဆိုသည်ကိုသိသဖြင့် လမ်းခရီး၌ အဘွားအိုယောင်ဆောင်၍လည်း လုပ်ကြံခဲ့ပြီးပြီ။

မကောင်းဆိုးရွား လင်မယားနှစ်ဦးဖြင့်လည်း လုပ်ကြံခဲ့ပြီးပြီ။

ထိုအတားအဆီးများကို ကျော်လွှန်လာသည့်လူများကို တံခါးဆွဲဖွင့်၊ လေးနှင့်ပစ်ခွင်း၊ အသေသတ်ဟူသည့် လုပ်ရပ်မှာ ကလေးကလားနိုင်လှပေသည်။ ကြံချင်းကြံလျှင် သည့်ထက်သေချာသည့် ထောင်ချောက်များဖြင့် သတ်ဖြတ်လုပ်ကြံသင့်သည်။

ထက်ကျင်သည် ရန်သူအား မည်သည့်အခါကမျှ အထင်သေးလေ့မရှိခဲ့ပေ။

သို့သော် ယခုတစ်ကြိမ်၌မူ ကျောင်းစေ့ခင်ကို အထင်မသေးဘဲ မနေနိုင်အောင် ဖြစ်သွားရပေသည်။

ထိုအချိန်အတွင်းမှာပင် တံခါးဖွင့်မည့်သူနှစ်ဦးက တံခါးကိုဆွဲဖွင့်လိုက်ကြသည်။ လေးသမားများသည် လေးကိုင်း၌ဆွဲတင်ထားသည့် လေးညှို့များကို တရှိန်းရှိန်းပစ်လွှတ်ကြတော့၏။



မြားတံကား တံခါးပေါက်ဆီသို့ ပြေးသွားပါ၏။ သို့သော် ပစ်မှတ်ကားမရှိပေ။

'အတော်မိုက်တဲ့အကောင်တွေပဲ၊ သားကောင်ကို သေသေချာချာမတွေ့ဘဲနဲ့များ သူတို့မို့ မှန်းပစ်ရက်တယ်၊ တောထဲတောင်ထဲမှာသာ တကယ်မုဆိုးလုပ်ရရင်တော့ အသက်ဆယ်သက်လောက်အပို့ဆောင်းယူသွားရမယ့် ကောင်တွေပဲ'

ထက်ကျင်စိတ်ထဲမှာ ပြောနေမိသည်။ ပြောလည်းပြောစရာ။ တံခါးဟင်းလင်းပွင့်သွားသည်ဖြစ်၍ တံခါးဝ၌ အားလုံးကို ရှင်းရှင်းလင်းလင်းမြင်နေရသည်။ လေးသမားများအနေဖြင့် မည်သည့်ရန်သူကိုမျှ မတွေ့ရတော့ပေ။

ယွန်ချောချောမှာမူ သိုင်းလောကအတွေ့အကြုံမရှိသဖြင့် ထက်ကျင်၏လုပ်ရပ် မှန်ပါပေသည်ဟု စိတ်ထဲမှချီးကျူးနေသည်။ ကျောင်းစေ့ခင်၏လူများ စဉ်းစားဉာဏ်ညံ့ဖျင်းပုံကို မတွေးမိချေ။

လေးသမားများသည် ရန်သူအားမတွေ့ရသောအခါ ရန်သူသည် တံခါးဝ၌မရပ်ဘဲ ဘေးဘက်အုတ်နံရံ၌ ပုန်းကွယ်နေကြသည်ဟု ယူဆကာ လေးများကိုပစ်ချပြီး ဓားများကိုဆွဲထုတ်လျက် တံခါးဝသို့ ခုန်ထွက်ကြသည်။

တံခါးဝ၌ ဓားတယမ်းယမ်းဖြင့် ဓားရေးပြနေကြသည့် လူကြမ်းကြီးများ၏အဖြစ်ကိုကြည့်ကာ ထက်ကျင် ရယ်ချင်နေသည်။

"ငတုံးတွေ"

လေးသမားများရပ်နေသည့်နေရာ၌ အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူတစ်ယောက် ရပ်နေသည်။ ထိုလေးသမားများကို ကြီးကြပ်ဟန်တူသည်။

ထက်ကျင် တိုးတိုးအမိန့်ပေးလိုက်၏။

"ချောချော ... ဆီးနှင်းပုလဲတစ်လုံးလောက် လက်ဆောင်ပေးလိုက်ပါ"

သူမက သည်လိုတော့မြန်သည်။ ထက်ကျင်၏စကားဆုံးသည်နှင့် သူမ၏လက်က လျှပ်ပြက်သလို လှုပ်ရှားသွားသည်။

ဆီးနှင်းပုလဲလုံးကလေးက လေထုကို ဖိုးခနဲထိုးခွဲသွား၏။ ငွေရောင်အလင်းတန်းကလေး ဖြစ်ပေါ်သွားသည်။

ထိုအလင်းတန်းကလေးသည် အစိမ်းရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူကြီး၏ ဘယ်ဘက်မျက်လုံးထဲသို့ တန်းဝင်သွားသည်။ ယွန်ချောချောက သူ့လက်သူ ယုံကြည်လာပြီဖြစ်ကြောင်း သက်သေပြလိုက်ခြင်းပင်တည်း။

"အား ..."

'ဝုန်း ...'

ဗုံးရှနာကျင်စွာ အော်ဟစ်သံနှင့်အတူ ဝုန်းခနဲပြိုကျသွားသဖြင့် တံခါးဝမှ ဓားသမားများ အပြေးအလွှား ပြန်ဝင်လာကြသည်။





ရှေ့ပိုင်းမဲနေစဉ် နောက်ပိုင်းကို ရန်သူဝင်ခဲ့လေပြီဟု သူတို့ သိရှိသွားကြ၏။

ထက်ကျင်သည် သူမအား အချက်ပြ၏။ သူမက ခပ်တိုးတိုးပြန်မေး၏။

"ဘာလဲ အစ်ကို ... အဲဒီလူတွေကိုပါ ဆီးနှင်းပုလဲနဲ့ ထပ်ပစ်ရမှာလား"

"ဟင့်အင်း ... ဆီးနှင်းပုလဲနဲ့ပစ်ရင် သေကုန်မှာပေါ့၊ သူတို့ကို နည်းနည်းပါးပါးပဲ ဆုံးမရမယ်၊ အောက်ကိုခုန်ဆင်းကြမယ်လို့ မင်းကို အချက်ပေးတာ"

သူမသည် ခေါင်းညိတ်ပြပြီး ထက်ကျင်နှင့်အတူ ခုန်ချလိုက်တော့သည်။

တံခါးဝ၌ ရန်သူရှာမတွေ့ဘဲ ယောက်ယက်ခတ်နေသည့် ဓားသမားများသည် ထက်ကျင်နှင့် ယွန်ချောင်ချောင်တို့ ခုန်ဆင်းလာသည်ကို ရုတ်တရက် တွေ့လိုက်ရသောအခါ လန့်သွားသည်။

"ဟား ... ဟား ... ဟား ... ငနုံတွေ၊ ငတုံးတွေ၊ ရန်သူဘယ်ရောက်နေလို့ ရောက်နေမှန်းမသိတဲ့ ငအ,တွေ"

ထက်ကျင်က ဒေါသကိုနှိုးဆွသည့် စကားများဖြင့် စိန်ခေါ်လိုက်ရာ ဓားသမားများသည် ပဒူအုံကို တုတ်ဖြင့်ထိုးလိုက်သကဲ့သို့ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး သူတို့နှစ်ယောက်ကို ကြောက်

မက်ဖွယ်ရာ ခုန်ဝင်တိုက်ခိုက်ကြတော့၏။

"အို ..."

"အီ ..."

"ယား ..."

မာန်သွင်းသံများ၊ ဓားချင်းထိခတ်သံများ ဆူညံသွားပြီးနောက် နာကျင်စွာ အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဓားသမားများ အတုံးအရုံးဖြစ်ကုန်၏။ လက်၌လည်းကောင်း၊ ပေါင်၌လည်းကောင်း၊ ခြေသလုံး၌လည်းကောင်း အသီးသီး ဒဏ်ရာရကုန်၏။

စင်စစ် ဤဓားသမားအနေဖြင့် ယွန်ချောချောနှင့်တိုက်ခိုက်လျှင် မုချကြည့်ကောင်းမည်။ ထက်ကျင်နှင့်ကား သူတို့ဘက်မဟုတ်ကြပေ။ ထက်ကျင်၏သိုင်းပညာမှာ ထိပ်တန်းအဆင့်၌ရှိ၏။

ထက်ကျင်က ...

"မင်းတို့ကို ငါမသတ်ချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့ဟာ စစ်တုရင်ခုံပေါ်က နယ်ရုပ်ကလေးတွေဖြစ်လို့ပဲ၊ ငါသတ်ရင်ခံရမယ့် လူတွေအပေါ်မှာ ငါဟာ မညှာမတာမသတ်ချင်ဘူး၊ တစ်ခုပဲ မှာလိုက်ချင်တယ် ... ကိုယ်လုပ်နေတဲ့အလုပ်ဟာ လူအများကို ကောင်းကျိုးပေး၊မပေး၊ ကိုယ်သာ ခံရတဲ့လူတွေဘက်မှာနေရရင် ဘယ်လိုခံစားရမလဲဆိုတာ တွေးတောစဉ်းစားကြဖို့ပဲ၊ ကဲ ...



ငါတို့တော့ မင်းတို့ သခင်ကြီးနဲ့ တွေ့ဖို့ဝင်ပြီ"

ထက်ကျင်သည် ဓားရှည်ကိုဆွဲကာ ရှေ့မှ မားမားမတ်မတ်ဖြင့် ဝင်သွားလေ၏။ ယွန်ချောချောလည်း နောက်မှ ထက်ကြပ်မကွာ။

❖ ❖ ❖

## အခန်း (၃၄)

## စေ့စပ်ဆွေးနွေးပွဲ

ခန်းမကြီး ...။

ကျောင်းဆောင်၏ ဂေဟာကြီးက ကြီးမားလှသလို ခန်းမကြီးကလည်း ကြီးမား၏။ ဂေဟာကြီးအား အပြင်ဘက်မှအကဲခတ်စဉ်က ဟောင်းနွမ်းနေသည်ကို တွေ့ခဲ့ကြရသည်။ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည့် အဆောက်အအုံကြီးသည် ဤမျှတော့ ဟောင်းနွမ်းရပေလိမ့်မည်ဟု ထက်ကျင်ခန့်မှန်းခဲ့သည်။

သို့သော် ...

ဤခန်းမကြီးထဲသို့ ရောက်လာသည့်အခါတွင်မူ အထင်နှင့်အမြင် တခြားစီဖြစ်ကြောင်း တွေ့ရှိကြရသည်။ ခန်းမကြီး၏နံရံများကို အနီရောင်ဆေးရဲနီသုတ်ထားပြီး ရွှေရောင်စက္ကူအိမ်ကြီးများဖြင့် အနားကွပ်ထား၏။ မျက်နှာကြက်၌ ပန်းဆိုင်းမီးအိမ်များ ချိတ်ဆွဲထားရာ အလွန်တရာ ခံ့ညားလှပနေသည်။

မြို့စား၊ နယ်စားကြီး၏ အိမ်တစ်အိမ်၌ပင် ဤမျှခံ့ညား



လှပလိမ့်မည် မဟုတ်ချေ။ တပ်မှူးကြီး၏သမီး ယွန်းချောချောသည်ပင်လျှင် ပါးစပ်အဟောင်းသားဖြင့် ငေးမောနေခဲ့ရ၏။

အဘယ်မှာပင် မငေးမောဘဲ နေအံ့နည်း။ နီရဲသောနံရံ၌ အလွန်တန်ဖိုးကြီးပြီး အလွန်လက်ရာမြောက်သော ပန်းချီကားချပ်ကြီးများကိုပါ အစီအရီချိတ်ဆွဲထားသည်ကို သူမ တွေ့နေရသောကြောင့် ဖြစ်ပါသည်။

သူမက ခန်းမကြီးတစ်ခုလုံးကို ပတ်ပတ်လည် မျက်စိကစားနေစဉ် ထက်ကျင်က ခန်းမအလယ်မှ ကြီးမားလှသော စားပွဲကြီးပေါ်သို့ မျက်စိရောက်နေလေ၏။

ထိုစားပွဲကြီး၌ အသက်ငါးဆယ်ခန့်ရှိသည့် ရုပ်ရည်သားနားသော လူကြီးတစ်ယောက် ထိုင်နေသည်။ ထိုလူကြီးအား အသက်အရွယ်ငယ်ရွယ်၍ အလွန်တရာကြံ့ခိုင်သန်စွမ်းလှသည့် လူငယ်လေးယောက်က ဝန်းရံစောင့်ရှောက်နေကြ၏။ ထိုလူကြီး၏ ကိုယ်ရံတော်လေးယောက်ဖြစ်မည်ကို ထက်ကျင် ကောင်းစွာခန့်မှန်းနိုင်သည်။

သက်တော်စောင့် လူငယ်လေးယောက်စလုံးက လက်ပိုက်ပြီး ထက်ကျင်ကို စောင့်ကြည့်နေသည်။ သူတို့အနေဖြင့် ထက်ကျင်အား မှုစရာမလိုဟူသော ဟန်ပန်အဓိပ္ပာယ်မျိုး ပြသနေကြသည်။

ထက်ကျင်ကမူ ထိုလူငယ်လေးယောက်ကို လွန်စွာနှာမြောမိလေ၏။ သူတို့၏စွမ်းအားသာ အလင်းဘက်ရောက်လာပါက ကျန်

ရှုးနယ်မြေမှ ဒုစရိုက်သိုင်းသမားများအနေဖြင့် တဖြည်းဖြည်း အမြစ်ပြတ်သွားနိုင်သည်။

ယခုသော် ထန်ဆက်ဘွန်ဂိုဏ်း၌ မည်သည့်အဆင့်ရှိမှန်းမသိသော ကျောင်းစေ့ခန်၏ တပည့်သားမြေးများဖြစ်နေရှာခဲ့လေပြီ။

ဝမ်းနည်းဖွယ်ကောင်းလေစွ။

ကျောင်းစေ့ခင်ကို ထက်ကျင် မြင်ဖူးသည်မဟုတ်ပါ။ သို့သော် ထိုင်နေသည့်အမူအရာဟန်ပန်နှင့် ရုပ်ရည်သွင်ပြင်အရ ထိုလူကြီးသာ ကျောင်းစေ့ခင်ဖြစ်မည်ကို ထက်ကျင်ခန့်မှန်းသည်။

"ကျောင်းစေ့ခင် .. ဧည့်သည်တွေကို ဒီလိုပဲ ကြိုဆိုသလား"

ထက်ကျင်သည် သိုင်းလောကထုံးစံကို ဂရုစိုက်သူမဟုတ်ပေ။ ရန်သူဖြစ်ကြောင်း ထင်ရှားနေလျှင် သူ ဦးညွှတ်ဂါရဝပြုလိမ့်မည်မဟုတ်ချေ။

"မောင်ရင်က ဘယ်သူလဲ၊ မောင်ရင်ဘယ်သူဆိုတာ ကျုပ်မသိဘဲနဲ့ မောင်ရင့်ကို ဘယ်လိုကြိုဆိုဧည့်ခံရမှာလဲ၊ ကျောင်းစေ့ခင်ရဲ့ ဂေဟာကြီးဟာ မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့်သည်တွေကို ပျူပျူငှာငှာကြိုတဲ့ ထုံးစံမရှိဘူး၊ ဒီကိုမလာခင် နည်းနည်းကလေးတောင် တီးခေါက်စုံစမ်းခြင်း မရှိဘူးလား၊ ကဲ ... ရောက်လာမှတော့ မေးရတော့မှာပဲ၊ ဒီကသူရဲကောင်းကြီးက ဘယ်သူများပါလိမ့်"



ထက်ကျင်က ရယ်သည်။

"သူခိုးလိမ္မာ မျက်နှာကြီးတွေက သိပ်ကြောက်စရာကောင်းတာပဲကိုး၊ ဟန်ဆောင်တဲ့နေရာမှာ အတော်ကလေး ပြောင်မြောက်ပါပေတယ်"

ကျောင်းစေ့ခင်၏မျက်နှာမှာ တည်ကြည်သွားသည်။ ထက်ကျင်အား တစ်ကိုယ်လုံး ထိုးဖောက်သွားမတတ် စူးရှစွာကြည့်၏။

"မောင်ရင့်စကားက ရင့်သီးလှချေကလား၊ အိမ်ရှင်ကို ဧည့်သည်က ဒီလိုပဲ စော်ကားတာပဲလား"

"စောစောကတော့ ကျုပ်က ဧည့်သည်မဟုတ်ဘူးဆို"

"မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့်သည်လို့ပဲ ကျုပ်ပြောခဲ့တယ်"

"မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့်သည်မို့လို့ ခင်ဗျားက ဓားလှံ၊ လေးမြားတွေနဲ့ တည်ခင်းဧည့်ခံတယ်၊ ကျုပ်ကလည်း မပျူငှာတဲ့အိမ်ရှင်ကို ရင့်သီးတဲ့စကားနဲ့ ဆက်ဆံတယ်၊ ဘဲစားဘဲချေပေါ့ဗျာ"

"ထားပါတော့ ... မောင်ရင်ဘယ်သူလဲ"

ထက်ကျင်က ဟက်ဟက်ပက်ပက်ရယ်လေ၏။

"ခင်ဗျား တကယ်မသိဘူးလား"

"ပြောမှာပြောစမ်းပါလေ"

"ရွှေပုံလွှားထက်ကျင်ဆိုတာ ကျုပ်ပဲ"

"ဩော် ... ရွှေပုံလွှားထက်ကျင်ကိုး"

ထက်ကျင်သည် အဓိပ္ပါယ်မရှိဘဲ ဟန်ဆောင်နေသည့် ကျောင်းဇေခင်အား စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ စိတ်မရှည်ခြင်းသည် ဆိုးကျိုးများကိုသာ ပေးစွမ်းနိုင်ကြောင်း စသည်တို့ကို ထက်ကျင်သည် အတွေ့အကြုံများအရ ကောင်းစွာသိရှိပြီးဖြစ်၏။ ကျောင်းဇေခင်က ခပ်အေးအေး စ,ပြောသည်။

"သူရဲကောင်းကြီးထက်ကျင်နဲ့ ကျုပ်ကျောင်းဇေခင်တို့ဟာ ဘာမှအဆက်အသွယ် မရှိခဲ့ဘူး၊ ရွှေပုံလွှားဆိုတဲ့နာမည်ကိုတော့ ကျုပ် ကြားဖူးခဲ့တာတော့ ကြာပါပြီ၊ ဒါပေမဲ့ ခုမှပဲ မြင်ဖူးတွေ့ဖူးတယ်၊ မောင်ရင်ကလည်း ကျုပ်ကို ခုမှပဲ မြင်ဖူးတွေ့ဖူးလိမ့်မယ်လို့ ထင်တယ်၊ ဘာအကြောင်းကြောင့် ကျုပ်ဆီလာသလဲ"

ထက်ကျင်က ခပ်ပြုံးပြုံးကြည့်လိုက်၏။

"အိပ်ချင်ယောင်ဆောင်နေတဲ့လူကို နှိုးရခက်တယ်ဆိုတာ သိပ်မှန်တာပဲ၊ ကျုပ်ကလည်း အပိုစကားတွေကို သိပ်မပြောချင်တော့ တည့်တည့်ပဲမေးမယ်၊ ကျောင်းဇေခင်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ထန်ဆက်ဘွန်ဂိုဏ်းမှာ ဘယ်အဆင့်လောက်ရှိပါသလဲ"

"ဟား .. ဟား .. ဟား .. ဟား .."

ကျောင်းဇေခင်သည် အားရပါးရ ရယ်မောလေတော့သည်။





"သူရဲကောင်းကြီးထက်ကျင် ... ဘာဖြစ်လို့ ကျုပ်ကို ထပ်မံစော်ကားရပြန်တာလဲ"

ထက်ကျင် စိတ်မရှည်ချင်တော့ပေ။

"ကျောင်းဇေခင် ... ကျုပ်တို့ မိန်းမတွေလို စကားစစ်ထိုးမလား၊ ယောကျ်ားတွေလို စကားစစ်ထိုးမလား"

"ကျုပ် ကျောင်းဇေခင်ကာ ဘယ်လိုလူမျိုးဆိုတာ ဒီတိုင်ဝမ်ကျိုတစ်ရွာလုံး သိရှိကြပါတယ်၊ ကျုပ်ဟာ အေးချမ်းစွာနေထိုင်တဲ့ တိုင်းသူပြည်သားတစ်ယောက်ဖြစ်တယ်၊ ထန်ဆက်ဘွန်ဂိုဏ်းဆိုတာ တိုင်းသူပြည်သားတွေကို ဒုက္ခအမျိုးမျိုးပေးနေတဲ့ ဂိုဏ်းကြီးဖြစ်တယ်၊ ကျုပ်နဲ့ ထန်ဆက်ဘွန်ဂိုဏ်းဟာ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ ဘယ်လိုလုပ်ပြီး ထန်ဆက်ဘွန်ဂိုဏ်းဟာ ကျုပ်နဲ့ပတ်သက်နိုင်မှာလဲ"

သည်တစ်ကြိမ် အော်ကြီးဟစ်ကျယ် ရယ်သူကတော့ ထက်ကျင်ပင်ဖြစ်တော့သည်။

"ဟား .. ဟား .. ဟား . အဲဒီစကားထဲမှာပဲ ခင်ဗျားဘယ်လိုလူလဲဆိုတာ အဖြေပေါ်နေပြီ"

ကျောင်းဇေခင်၏မျက်နှာ၌ အံ့ဩသည့်အရိပ်အယောင်များ ပေါ်လာသည်။ မည်သည့်အမှားများ ပါဝင်သွားခဲ့ပါသနည်းဟု စဉ်းစားမိသည်။

"ကျုပ်စကားထဲမှာ ဘာများအဖြေပေါ်နေလို့လဲ၊ ကျုပ် အားလုံးကို ရိုးရိုးသားသားပြောပြတာပါ"

"ဟား .. ဟား .. ဟား .. ကျုပ်မေးမယ်၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ ဘယ်လိုဂိုဏ်းမျိုးလဲ"

"အင်မတန်ကြောက်စရာကောင်းတဲ့ ဂိုဏ်းပဲဖြစ်တယ်"

"ဒီဂိုဏ်းအကြောင်းသိတဲ့လူ အတော်များများရှိသလား"

"သိပ်မသိကြပါဘူး"

"ဘာဖြစ်လို့ မသိကြတာလဲ"

"ဒီဂိုဏ်းဟာ လူဆိုးဂိုဏ်းကြီးဖြစ်နေလို့ပဲ"

"မှန်တယ် ... ထန်ဆက်ဘွန်ဂိုဏ်းဟာ ရှောင်လင်တို့လို၊ ဝူ တန်းတို့လို၊ ခွန်းလွန်တို့လို၊ ဝါမေတို့လို သိုင်းပညာဖြန့်ဖြူးတဲ့ ဂိုဏ်းတွေမဟုတ်ဘူး၊ ကြောက်ရွံ့ခြင်းနဲ့ သေခြင်းတရားကို ဖြန့်ဖြူးပေးတဲ့ ဂိုဏ်းကြီးဖြစ်တယ်၊ ဒီဂိုဏ်းကြီးရဲ့ နာမည်ကို သာမန် အရပ်သူ အရပ်သားတစ်ယောက် မပြောနဲ့ ... နာမည်ကျော် သိုင်းသမားကြီးတွေတောင် ထုတ်ဖော်မပြောရဲကြဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ထန်ဆက်ဘွန်ဂိုဏ်းက အင်နဲ့အားနဲ့ ဒုက္ခပေးတတ်လို့ပဲ"

"အဲဒါ ဘာဖြစ်သလဲ၊ ကျုပ်ပြောတဲ့စကားနဲ့ ဘာများပတ်သက်လို့လဲ"

"ပတ်သက်တာပေါ့၊ အကြီးအကျယ်ပတ်သက်တာပေါ့၊ ခင်



ဗျားနှုတ်က ထန်ဆက်ဘွန်ဂိုဏ်းဆိုတဲ့နာမည်ကို လွယ်လွယ်ကူကူ ထုတ်ပြောပုံတယ်၊ ဒါတင် မကသေးဘူး ... ထန်ဆက်ဘွန်ဂိုဏ်းရဲ့ ကြောက်စရာဂုဏ်ပုဒ်ကိုလည်း ထုတ်ဖော်ပြောဆိုသေးတယ်၊ ဒီတစ်ချက်တည်းနဲ့ ခင်ဗျားဟာ ထန်ဆက်ဘွန်ဂိုဏ်းမှာ အရေးပါအရာရောက်တဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာကို ကျုပ်သိနိုင်ခဲ့တယ်"

ကျောင်းစေ့ခင် အကြီးအကျယ် မျက်နှာပျက်သွား၏။ ထက်ကျင်ပြောသည့်အချက် အားလုံးမှန်သည်။ ထန်ဆက်ဘွန်ဂိုဏ်းအကြောင်း ပြောလိုသည့် အရပ်သားများသည် နှစ်ကိုယ်ကြား နှစ်ကိုယ်နား ပြောဆိုကြပေသည်။

သို့သော် ချက်ချင်း ဣန္ဒြေပြန်ဆည်သည်။

"သူရဲကောင်းကြီးပြောတဲ့အချက်လည်း မမှားပါဘူး၊ ဒါပေမဲ့ ကျုပ်ဟာ ဘယ်သူနဲ့မှ မုန်းတီးခြင်းမရှိခဲ့ဘူး၊ ရန်ငြိုးရန်စလည်း မရှိဘူး၊ တရားဥပဒေကို ရိုသေလေးစားတဲ့လူလည်းဖြစ်တယ်၊ ဒါကြောင့်မို့ ထန်ဆက်ဘွန်ဂိုဏ်းကို ကျုပ် မကြောက်မရွံ့ ပြောထွက်ခဲ့တာပဲ"

ထက်ကျင်သည် အူလှိုက်သည်းလှိုက် ရယ်မိပြန်လေသည်။

"တရားဥပဒေကို ရိုသေလေးစားတဲ့လူက အိမ်တံခါးမကြီးကိုဖွင့်ပြီး လေးတွေမြားတွေနဲ့ အသေသတ်ပစ်ခတ်တော့တာပဲလား"

ကျောင်းစေ့ခင်မှာ သူ့စကားနှင့်သူမိပြီး ဘာမှပြန်မပြော

နိုင်အောင် ဖြစ်သွားရပြန်သည်။ ထက်ကျင်က ...

"လှည်းလမ်းပေါ်မှာ အဘွားကြီးလိုရုပ်ဖျက်ထားတဲ့ လူသတ်သမား တစ်ယောက်ကိုလည်း တွေ့ခဲ့ရတယ်၊ ခင်ဗျားရဲ့ဂေဟာအဝင်လမ်းကျဉ်းထဲမှာလည်း မဟူရာမြစ်ထဲကတာရွှေနှစ်ကောင်ကို တွေ့ခဲ့ရတယ်၊ သူတို့အားလုံး ကျုပ်တို့ကို လုပ်ကြံခဲ့တယ်၊ ဒါတွေအားလုံး ခင်ဗျားလက်ချက်မဟုတ်ရင် ဘယ်သူ့လက်ချက်လဲ၊ ကြေးရတတ်လူကုံထံပုံသဏ္ဌာန်နဲ့ ကျုပ်ကို ဖြီးဖြန်းမနေနဲ့၊ ကျုပ်တို့နှစ်ယောက်ပွင့်ပွင့်လင်းလင်းဆက်ဆံရင် အကောင်းဆုံးပဲဆိုတာ ခင်ဗျားသိဖို့ကောင်းပြီ"

ကျောင်းစေ့ခင်သည် ထက်ကျင်ကို သေချာစွာ အကဲခတ်၏။ ဤလူငယ်ကား လှည့်ပတ်ဆက်ဆံ၍ မဖြစ်နိုင်ကြောင်း ကောင်းစွာရိပ်မိသိရှိလာသည်။ ကျောင်းစေ့ခင်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ...

"ကောင်းပြီ ... ကျုပ်သဘောတူတယ်၊ ဒီတော့ ကျုပ်ကလည်း ပွင့်ပွင့်လင်းလင်းပဲ မေးတော့မယ် ... သူရဲကောင်းကြီး ရွှေမြဲလွှားထက်ကျင်က ကျုပ်တို့ထန်ဆက်ဘွန်ဂိုဏ်းနဲ့ အတိုက်အခံလုပ်မယ်လို့ တိတိကျကျ ဆုံးဖြတ်ချက်ချပြီးပြီလား"

ထက်ကျင်က တဟားဟား အော်ဟစ်ရယ်မောတော့သည်။

"ဒါကတော့ ခင်ဗျားတို့က ကျုပ်ကို စခဲ့တာပါ၊ ကျုပ်က





ခင်ဗျားတို့ကို စတာမဟုတ်ပါဘူး၊ ခင်ဗျားပြောတဲ့စကား ပြောင်းပြန်ဖြစ်နေပြီ"

ကျောင်းစေ့ခင်က မျက်မှောင်ကြုတ်၍ပြောလေ၏။

"သူရဲကောင်းထက်ကျင် ... ကျုပ်က ဓာတ်ကြောင်းပြန်လှန်မြှရဦးမှာလား၊ ချောင်စုန်စွန်းတောင်ခြေမှာ မောင်ရင်က ဘာဖြစ်လို့ကျုပ်တို့ကိစ္စထဲ လက်ဝင်လျှိုရတာလဲ၊ မောင်ရင်နဲ့ ကျုပ်တို့ ဘယ်သူက စပြီးစွက်ဖက်ကြတာလဲ"

"ဟား .. ဟား .. ဟား .. ရယ်စရာပဲ၊ ချောင်ဟုန်စွန်းတောင်ခြေကကိစ္စဟာ အသေးအဖွဲ့ပါ၊ ခင်ဗျားတို့က ကျုပ်ကို သည့်အရင်ကတည်းက စစ်ကြေညာခဲ့တာပဲ"

ကျောင်းစေ့ခင်၏မျက်နှာ၌ အံ့သြသွားသည်။ မည်သည့်အကြောင်းကို ထက်ကျင်ရည်ရွယ်ပြောဆိုနေမှန်း သူ မသိပေ။

"မောင်ရင်က ဘာကိုဆိုလိုတာလဲ"

"ရုပ်ဖျက်ဝိဇ္ဇာနန်ကင်ဆိုတာ ကျုပ်ရဲ့သွေးသောက်အစ်ကိုကြီးပဲ၊ သူ့ဇနီးဟာ ခင်ဗျားတို့လက်ချက်ကြောင့် သေဆုံးခဲ့ရတယ်၊ သူလည်း အသားစားအရိုးဆွေးအဆိပ်ထိပြီး သိုင်းပညာတွေ ပျောက်ဆုံးခဲ့တယ်၊ အဲဒီအချိန်က ခင်ဗျားတို့က ကျုပ်ကို စစ်ကြေညာတဲ့အချိန်ပဲ၊ အဲဒီကတည်းက ကျုပ်ကလည်း ခင်ဗျားတို့ကို လိုက်ရှာနေခဲ့တယ်"

ကျောင်းစေ့ခင်က လေးလေးနက်နက် သတိပေးလေသည်။

"မောင်ရင် သေသေချာချာစဉ်းစားပြီးမှ ပြောပါ၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ မောင်ရင့်ကို ကြောက်မနေဘူး၊ ဒါပေမဲ့ မောင်ရင်နဲ့ ပြဿနာဖြစ်နေခြင်းအားဖြင့် ကျုပ်တို့မှာ အလုပ်ရှုပ်တယ်၊ အချိန်ကုန်တယ်၊ ငွေကုန်တယ်၊ တစ်ဖက်မှာ ကျုပ်တို့ရစရာရှိတဲ့ ငွေကြေးတွေလည်း မရနိုင်ဘူး၊ ဒီအချက်တွေကြောင့် မောင်ရင်နဲ့ ပြေပြေလည်လည် ဖြစ်ချင်တာပဲသိတယ်"

ထက်ကျင်က ရယ်သည်။

"ဘာပြောတယ် ... ကျုပ်နဲ့ ပြေပြေလည်လည်ဖြစ်ချင်တဲ့လူက ကျုပ်ကို သုံးကြိမ်တိတိ လူလွှတ်ပြီးလုပ်ကြံခိုင်းရသလား"

"ဒါကိုတော့ မောင်ရင် အပြစ်ပြောလို့မရဘူး၊ ကျုပ်တို့အနေနဲ့ အလွယ်လမ်းကို ပထမဦးဆုံး ဆောင်ရွက်ရမှာပဲ၊ အဲဒီသုံးကြိမ်လုပ်ကြံတုန်းက မောင်ရင့်ကို မှဲ့တစ်ပေါက်စွန်းစေသလား"

"ဒါကတော့ ကျုပ်က ခင်ဗျားတို့ထက် ဦးသွားလို့ကိုးဗျ"

"ဘာပဲဖြစ်ဖြစ်လေ ... ကျုပ်တို့လူတွေပဲ ဆုံးပါးခဲ့ရတာပါပဲ၊ ဒီအတွက် ကျုပ်တို့ တောင်းပန်ဖို့လည်း ဝန်မလေးပါဘူး"

ထက်ကျင်သည် အတန်ကြာမျှ စဉ်းစားနေလေသည်။ သူ့ဘေးမှ ယွန်ချောချောကမူ ဘေးပတ်ဝန်းကျင်ကို တစ်ချက်မှအလွတ်မပေးဘဲ စောင့်ကြည့်နေသည်။



ခန်းမကြီး၏ ဘေးဖက်နံရံများမှ ရန်သူများ ရုတ်တရက်ပေါ်ပေါက်လာပါက ရုတ်တရက် ပြန်လှန်တိုက်ခိုက်နိုင်ရန် သူမ၏လက်ထဲ၌ ဆီးနှင်းပုလဲလက်နက်များကို အသင့်ပြင်ဆင်ထားသည်။

ယွန်ချောချောသည် သိုင်းလောကအတွေ့အကြုံမရှိသော်လည်း သိုင်းလောကနှင့်ပတ်သက်သည့် ဗဟုသုတများမှာမူ အသင့်အတင့်ရှိသည်။

ထိုဗဟုသုတကြောင့် ခန်းမဆောင်၏ ပန်းချီကားချပ်များနောက်ကွယ်မှ လျှို့ဝှက်လက်နက်ပုန်းများ ထွက်ပေါ်လာလေမည်လား။

သို့တည်းမဟုတ် ခန်းမကြီး၏ကြမ်းပြင်မှ လျှို့ဝှက်အံ့ဝှက်တံခါးများ ပွင့်သွားပြီး သူမနဲ့ ထက်ကျင်တို့ မြေအောက်ခန်းများအတွင်းသို့ ရောက်ရှိသွားလေမလားဟူ၍ စိုးရိမ်ထိတ်လန့်နေမိသည်။

သူမ၏ စိုးရိမ်မှုထားရှိခြင်းကို မှားသည်ဟုမဆိုနိုင်ပါ။ အချို့သော အောက်လမ်းဂိုဏ်းသမားများသည် ထိုသို့သော ထောင်ချောက်များကို အမှန်တကယ်ပင် ပြုလုပ်ထားတတ်ကြပေသည်။

ထက်ကျင်သည် အတန်ကြာစဉ်းစားပြီးမှ ...

"ကျုပ်ရွှေပုံလွှားနဲ့ ခင်ဗျားတို့ ထန်ဆက်ဘွန်ဂိုဏ်း ရန်မဖြစ်တော့မယ်ဆိုတဲ့ သဘောတူညီချက်ကို ဘယ်သူက တာဝန်ယူမှာလဲ"

"ကျုပ် ကျောင်းစေ့ခင်က တာဝန်ယူတယ်"

ထက်ကျင်က ရယ်ပြီး ...

"ခင်ဗျားနာမည် ကျောင်းစေ့ခင်ဆိုတာကလွဲပြီး ခင်ဗျား ဘယ်သူမှန်း မသိဘူး၊ ခင်ဗျား ဘာမှန်းမသိဘူး၊ ခင်ဗျားတာဝန်ခံချက်ကို ကျုပ်က ဘယ်လိုယုံကြည်ရမှာလဲ"

ကျောင်းစေ့ခင်က တည်ကြည်လေးနက်သောလေသံဖြင့် ပြောလေ၏။

"ကျုပ် ကျောင်းစေ့ခင်က နယ်နယ်ရရလူ မဟုတ်ပါဘူး။ ကျုပ်ဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ မြောက်ပိုင်းတာဝန်ခံပါ"

"ခင်ဗျားတို့ဂိုဏ်းကို ဘယ်နှစ်ပိုင်းတောင် ခွဲခြားထားလို့လဲ"

"နှစ်ပိုင်းတည်းပါ။ မြောက်ပိုင်းနဲ့ တောင်ပိုင်း နှစ်ခုတည်းပါ။ မြောက်ပိုင်းမှာ ပြည်နယ်ငါးခု ပါဝင်တယ်၊ မြောက်ပိုင်းကိစ္စအားလုံးကို ကျုပ်တစ်ယောက်တည်း တာဝန်ယူဆုံးဖြတ်နိုင်တယ်"

ထက်ကျင်သည် စကားပြောရင်း ကျောင်းစေ့ခင်၏ ရာထူးဂုဏ်ဒြပ်ကို အတိအကျသိရှိလာရတော့သည်။ ရှေ့ဆက်၍ အစ်အောက်မေးလျှင် ထန်ဆက်ဘွန်ဂိုဏ်း၏ လျှို့ဝှက်ချက်အချို့ကို သိရှိနိုင်လိမ့်မည်ဟူ၍ ရိပ်မိလာသည်။

ကျောင်းစေ့ခင်သည် သူ၏ကမ်းလှမ်းချက်ကို ထက်ကျင် စိတ်ဝင်စားနေသည်ဟု ယူဆနေ၏။

ထက်ကျင်က ...



"ခင်ဗျားပြောပုံကတော့ ယုံချင်စရာပါပဲ၊ ဒါပေမဲ့ ဒီခန်းမထဲမှာ ခင်ဗျားနဲ့ကျုပ် နှစ်ဦးသဘောတူတယ်ဆိုရုံလောက်ကလေးနဲ့တော့ ကျုပ် လက်မခံနိုင်ဘူးဗျ"

"မောင်ရင်က ဘယ်လိုလုပ်မှ လက်ခံနိုင်မှာလဲ၊ ကျုပ်တို့ ဘယ်လိုလုပ်ပေးရမလဲ"

"ဒီလိုလုပ်ဗျာ ... နောက်ငါးရက်ကြာရင် ကျန်ဝူးနယ်က ကျုပ်မိတ်ဆွေအချို့ကို ဖိတ်ခေါ်မယ်၊ သိုင်းလောကသား မိတ်ဆွေတွေပါဗျ ... မစိုးရိမ်ပါနဲ့၊ ခင်ဗျားတို့ ထန်ဆက်ဘွန်ဂိုဏ်းက တာဝန်ရှိသူ သုံး၊လေးယောက်လည်း အဲဒီပွဲကို တက်ပေါ့ဗျာ၊ အဲဒီပွဲမှာ ခင်ဗျားတာဝန်ယူပါတယ်လို့ ကြေညာပေးရမယ် ... ဘယ်လိုလဲ ... ဖြစ်နိုင်ပါ့မလား"

ကျောင်းစေ့ခင်က မျက်မှောင်ကြုတ်၍ ပြောလေ၏။

"မောင်ရင် ကျုပ်ကို ရယ်စရာစကားတွေ လာပြောနေတာလား၊ ကျုပ်က မောင်ရင့်ကို ရယ်စရာပြောနေတာမဟုတ်ဘူး"

ထက်ကျင်က ဒေါနှင့်မောနှင့်ပြန်ပြော၏။

"ဘာလဲဗျ ... လူမသိ၊သူမသိ သဘောတူကြပြီး လူမသိ သူမသိ ကျုပ်က အသတ်ခံသွားရမှာလား"

"မောင်ရင် အဓိပ္ပာယ်မရှိတဲ့စကားတွေ မပြောစမ်းပါနဲ့၊ ကျုပ်တို့ သုံးကြိမ်တိုင်တိုင် လုပ်ကြံတာတောင် မောင်ရင့်ကို လုပ်ကြံ

လို့မရခဲ့ဘူး မဟုတ်လား"

ထက်ကျင် ငြိမ်နေရသည်။ သူ့အကြောင်းပြချက်မှာ မနိုင်လုံ လှပေ။

ကျောင်းစေ့ခင်က ဆက်ပြောနေ၏။

"ကျုပ်တို့ ထန်ဆက်ဘွန်ဂိုဏ်းဟာ အင်မတန်မှ လျှို့လျှို့ ဝှက်ဝှက် သိပ်သိပ်သည်းသည်း နေနေကြတယ်၊ ဘယ်တုန်းကမှ ထင် ထင်ပေါ်ပေါ် မနေခဲ့ကြဘူး၊ ထန်ဆက်ဘွန်ဂိုဏ်းအကြောင်း ကျယ် ကျယ်လောင်လောင်ပြောတဲ့လူကိုတောင် ကျုပ်တို့က လျှာဖြတ်ပစ် စေတာပဲ၊ အဲဒီလို သူလူအမြင်ခံရတဲ့ ဆွေးနွေးပွဲကြီးမှာ ကျုပ်က ထပ်ပြီးအာမခံစကား ပြောရမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ထက်ကျင်က တဟားဟား အော်ရယ်လေတော့၏။

"အင်း ... ခင်ဗျားဟာ ကျုပ်ထင်သလောက်တော့ မအမန သေးပါဘူး။ ရွှေပျံလွှားရဲ့ အတိတ်သမိုင်းကြောင်းဟာ ဘယ်လိုရှိခဲ့ တယ်ဆိုတာ သေသေချာချာ ပြန်လေ့လာဖို့ကောင်းတယ်၊ ရွှေပျံလွှား ဟာ ဘယ်တုန်းကမှ လူဆိုးဓားပြတွေနဲ့ အပေးအယူမလုပ်ခဲ့ဖူးဘူးဗျ တကယ်တော့ အခုလောက် ဟုတ္တိပတ္တိလျှောက်ပြောနေတာတွေ ဟာ ခင်ဗျားတို့ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေကို နှိုက်ယူချင်လို့ပဲဗျ"

ကျောင်းစေ့ခင်၏မျက်နှာမှာ ရုတ်ခြည်း တင်းမာခက်ထန် သွားသည်။ သူ၏ခန့်ညားမှုများလည်း ပျောက်ကွယ်သွားသည်။



"ရွှေပျံလွှား ... မင်းကို လူလိမ္မာလူယဉ်ကျေးတစ်ယောက် လို ငါက တလေးတစားဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ မင်းကတော့ ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခဲ့တယ်၊ တိုင်ဝမ်ကျုံ့လိုနေရာမျိုးမှာ လာပြီး ခုလို စွာကျယ်ကျယ်လုပ်လို့ရမယ် ထင်သလား၊ မင်းဟာ ကိုယ့်သေ တွင်း ကိုယ်တူးနေတာပဲ"

ကျောင်းစေ့ခင်လေသံက ကြောက်မက်ဖွယ်အေးစက်တင်း မာနေသည်။ အဘယ်မှာလျှင် သူဒေါသမထွက်ဘဲ ရှိပါအံ့နည်း။ သူ သည် တလေးတစားဆွေးနွေးတိုင်ပင်ခဲ့သည်။ ထက်ကျင်က သူ့ စကားအားလုံးကို ပြက်ရယ်ပြုပစ်သည်။ ထန်ဆက်ဘွန်ဂိုဏ်း၏ မြောက်ပိုင်းတာဝန်ခံကြီးတစ်ယောက်အဖို့ နာသာခံခက်ဖြစ်ဖွယ်ရာ ကြီးပင် မဟုတ်ပါလား။

ဤတွင် ငြိမ်းငြိမ်းချမ်းချမ်း စကားပြောဆိုသောအဆင့် ကုန်ဆုံးသွားခဲ့ရပြီ ဖြစ်ပေသည်။

❖ ❖ ❖

## အခန်း (၃၅)
## ဂေဟာသခင်ကြီး၏ စည်းသုံးတန်

ကျောင်းဇေ့ခင်ဘေး၌ရပ်နေသည့် လူငယ်တစ်ယောက်သည် မပြောမဆို ထက်ကျင်ရှိရာသို့ ခုန်ဝင်လာ၏။ ထိုလူ၏လှုပ်ရှားပုံ အလွန်တရာလျင်မြန်နေသဖြင့် သိုင်းပညာအဆင့်မနိမ့်ကြောင်း ထက်ကျင်ရိပ်မိလိုက်သည်။

ထက်ကျင်သည် လက်ထဲ၌အသင့်ကိုင်ထားသော ဓားနှင့်ခံလိုက်၏။ ထိုလူငယ်က လျင်သည်။ သူ ခုန်ဝင်ခုတ်ချလာသောဓားသည် တကယ့်ဓားချက်မဟုတ်ပေ။ ယောင်ပြန်ဓားကွက်သာ ဖြစ်သည်။ သူ့ဓား တကယ်တမ်းသွားသည့်ပစ်မှတ်မှာ ထက်ကျင်၏ လက်ဝဲနံစောင်းဆီသို့ ဖြစ်သည်။

သည်လို ရရိုးလား။ ထက်ကျင်လို အရင့်အမာသိုင်းသမားတစ်ယောက်အတွက် ယောင်ပြတိုက်ကွက်များမှာ အဆန်းမဟုတ်တော့ပေ။ သူ့ဓားက လက်ဝဲနံစောင်းဆီသို့ လိုက်၍ကာကွယ်ပြီးဖြစ်သည်။



ထို့ပြင် သူ၏ညာဘက်ခြေထောက်က လူငယ်၏လက်ဝဲနံရိုးဆီသို့ ခတ်ကန်ပြီးဖြစ်နေ၏။

လူငယ်သည် ခုန်အကျ၌ အကန်ခံရခြင်းဖြစ်၍ အတော်ခက်ခက်ခဲခဲ ရှောင်တိမ်းလိုက်ရသည်။ ထက်ကျင်၏ခြေကန်ချက် လွဲချော်သွားခဲ့ရသည်။

'ရွှမ်း ...'

ဒုတိယအကြိမ် ဓားဖြတ်လာသောအခါ ထက်ကျင်က ခြေတစ်လှမ်းစာ ဆုတ်ရှောင်ရသည်။ သူ့ဓားကို ထောက်ခံပေးလိုက်ရာ မီးပွင့်များပင် ထွက်သွားသည်။ ထိုလူငယ်၏ဓားကွက်များ အတော်ကလေး သွက်သွက်လက်လက် ပိပိရိရိရှိကြောင်း အံ့သြဖွယ်တွေ့ရှိလာရသည်။

ဤသို့ဖြင့် သိုင်းကွက်ဆယ့်နှစ်ကွက်မျှ တိုက်ခိုက်မိပြီးသွားကြသည်။ ထက်ကျင်သည် သိုင်းပညာ၌ နှံ့စပ်သူ၊ လေ့လာသူဖြစ်သည့်အတိုင်း ထိုလူငယ်၏သိုင်းကွက်များကို သိမြင်သဘောပေါက်သွားလေ၏။

"ဟား .. ဟား .. ဟား .. ဟူတန်းဂိုဏ်းကလူက ဘယ့်နှယ့် ထန်ဆက်ဘွန်ဂိုဏ်းထဲဝင်ပြီး လူသတ်သမားလုပ်နေရတာလဲ၊ ငါဖြင့် အံ့ရောကွာ"

ရန်သူလူငယ်သည် ထိုးခုတ်တိုက်ခိုက်နေသည့် ဓားကွက်

များကိုရုပ်သိမ်းပြီး နောက်ဆုတ်သွား၏။ ထိတ်လန့်သွေးပျက်သော မျက်နှာဖြင့် ငြင်းဆန်သည်။

"ခင်ဗျား မဟုတ်တာတွေ လျှောက်မပြောနဲ့၊ ဘယ်သူက ဟူတန်းဂိုဏ်းသားမို့လို့လဲ၊ ဒီမှာ ဘယ်က ဟူတန်းသိုင်းသမားမှ မရှိဘူး"

"ဟေ့ ... သိုင်းသမားရဲ့မျက်လုံးဟာ အင်မတန်စူးရှတယ်၊ အတွေ့အကြုံရင့်ကျင်တဲ့လူဟာ ဓားကွက်တစ်ကွက်နှစ်ကွက်တွေ့ရုံနဲ့ ဘယ်ဂိုဏ်းကသိုင်းကွက်လဲဆိုတာ ရိပ်မိသိရှိကြတယ်၊ ငါကတော့ မင်းရဲ့ဓားကွက်ကို ဆယ်ကွက်လောက်အထိ စောင့်ကြည့်ခဲ့တယ်၊ မင်းရဲ့ဓားကွက်ဟာ ဟူတန်းဂိုဏ်းရဲ့ဓားကွက်တွေပဲကွ"

"မဟုတ်တရား မပြောစမ်းပါနဲ့၊ ဒါ ကျုပ်ရဲ့ ကိုယ်ပိုင်ဓားကွက်ပါ"

"အရူး ... တိတ်စမ်း၊ မင်း ထန်ဆက်ဘွန်ဂိုဏ်းထဲဝင်နေတာ ဘာမှအံ့သြစရာမရှိတော့ဘူး၊ ကိုယ့်ဂိုဏ်း ကိုယ့်ဆရာရဲ့ ပညာကို တောင် စော်ကားရဲတဲ့သူဟာ ဘာကိုသစ္စာစောင့်သိတော့မှာလဲ"

"ခင်ဗျား မဟုတ်တာတွေ မပြောနဲ့"

"မင်းသုံးတဲ့ဓားကွက်တွေဟာ ဟူတန်းဂိုဏ်းရဲ့ဓားကွက်တွေပဲ၊ မင်းမျက်နှာကို ငါ ကောင်းကောင်းမှတ်မိတယ်၊ မင်းရုပ်ရည်ကို ပြောလိုက်တာနဲ့ မင်းဟာ ဟူတန်းဂိုဏ်းသားဟောင်း ဘယ်သူဆို



တာ ဟူတန်းတောင်ကဆရာကြီးတွေ အတပ်ပြောနိုင်မှာ သေချာတယ်"

ရန်သူလူငယ်သည် စကားမပြောနိုင်တော့ပေ။ သူသည် စကားပြောမည့်အစား အပြတ်တိုက်ခိုက်ခြင်းက ပိုကောင်းသည်ဟု ယူဆလိုက်သည်အလား မဆိုနိုင်၊ နောက်တစ်ကြိမ်ခုန်ဝင်လာပြီး အပြင်းအထန် တိုက်ခိုက်တော့၏။

ထိုရန်သူ၏ဓားကွက်များမှာ လျင်မြန်ရုံမျှမက ပြင်းလည်း ပြင်းထန်သည်။ ထက်ကျင် ပေါ့ပေါ့ဆဆမခုခံရဲသဖြင့် ဂရုစိုက်နေရသည်။ ဟူတန်းဓားကွက်ကို အထင်သေးမိလျှင် အသက်ထွက်သွားနိုင်ပေသည်။

ဓားစက်ဝိုင်းကလေးများသည် လက်ဝဲဘက်၌ ပေါ်လာလိုက်၊ လက်ယာဘက်၌ ပေါ်လာလိုက်ဖြင့် ထက်ကျင်အား ဗျာများအောင် ပြုလုပ်နေသည်။ သို့သော် စိတ်တိုင်းကျ အထက်စီးမှ တိုက်ခိုက်နိုင်သည်တော့ မဟုတ်ပေ။

အတွေ့အကြုံရင့်ကျက်သော ထက်ကျင်သည် လူငယ်၏ ဓားကွက်များ တဖြည်းဖြည်းမှားယွင်းစပြုလာသည်ကို တွေ့ရှိရလေတော့၏။

ပျက်စရှိလျှင် ပျက်လေလေ ဆိုသည့်စကားအတိုင်း နောက်ဆုံးခံစစ်သို့ရောက်ရှိသွားကာ ထက်ကျင်၏ဓားချက်များကို သူ့အား

မထိခိုက်အောင် အထူးကြိုးစားကာကွယ်ရသည့်ဘဝသို့ ရောက်ရှိသွားတော့သည်။

ယွန်းချောချောကမူ တိုက်ပွဲစည်းအပြင်၌ ရှောင်နေပြီးလျှင် အလစ်ဝင်ရောက်လုပ်ကြံမည့်သူများကိုသာ ဂရုတစိုက်စောင့်ကြည့်နေမိသည်။

ကျောင်းစေ့ခင်၏ စားပွဲကြီးပေါ်၌ တင်ထားသည့်လက်များသည် တင်းကျပ်သော လက်သီးဆုပ်ကြီးများအဖြစ်သို့ ပြောင်းလဲသွားသည်။

"ဟင်း ... သောက်သုံးမကျတဲ့ကောင်၊ မင်း ဘာကိုစိုးရိမ်နေရတာလဲ"

ရန်သူလူငယ်သည် ကျောင်းစေ့ခင်၏ ကြိမ်းမောင်းသံကို ကြားလိုက်ရသောအခါ တုန်တုန်ယင်ယင်ဖြင့် ပြန်လည်ဖြေကြားလေ၏။

"သူ ... သူက ... ကျွန် ... ကျွန်တော့်ကို ... ဟူ ... ဟူတန်း"

"ခွေးကောင် ... လူသေက စကားပြောနိုင်တယ်လို့ ဘယ်သူက ပြောသလဲ"

"သူ ... သူ ... သူက သေမှမသေတာဘဲ"

"ခွေးကောင် ... သေအောင်သတ်လိုက်ပေါ့၊ သေသွားရင် ဒီသတင်းကို ဘယ်လိုဖြန့်ဖြူးနိုင်မှာလဲ၊ မင်း ဟူတန်းကိုဏ်းကဖြစ်





တယ်လို့ ဝန်ခံလိုက်တယ်၊ နောက်ပြီး သူ့ကိုသတ်ပစ်လိုက်၊ သူ ဘယ်သူ့ကို ပြန်ပြောနိုင်ဦးမှာလဲ၊ အရူး ... ဘာမှအသုံးမကျဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ရန်သူလူငယ်၏ဓားကွက်များ ပြန်လည်တည်ငြိမ်လာသည်။ အဆုတ်အတက်များ မှန်ကန်လာ၏။ ဟူတန်းကိုဏ်းသည် အလကားကျော်ကြားနေခြင်းမဟုတ်ကြောင်း ထက်ကျင် တဖြည်းဖြည်း သဘောပေါက်လာ၏။

ဤလူငယ်သည် ဟူတန်းကိုဏ်း၏ ထိပ်တန်းသိုင်းသမားဖြစ်ဟန် မရှိချေ။ ဤလူငယ်၏ဓားသိုင်းပင် ဤမျှကောင်းနေလျှင် ဟူတန်းကိုဏ်း၏ ထိပ်တန်းသိုင်းသမားများအဆင့်ကို ဆိုဖွယ်ရာမရှိတော့ပြီ။

ထက်ကျင်သည် ခါးဖြတ်ဝင်လာသည့်ဓားကို ခန္ဓာကိုယ်တစ်ပတ်ကျွမ်းထိုး၍ ရှောင်တိမ်းလိုက်ပြီး လူငယ်၏ရင်ညွန့်သို့ ဓားဖြင့် ထိုးစိုက်လိုက်၏။ လူငယ်ကလည်း လျင်မြန်၏။ သူ့ဓားကိုရုပ်သိမ်းပြီး တစ်လှမ်းဆုတ်၏။

ထက်ကျင်၏ဓားသည် ရင်ညွန့်နှင့် သီသီလေးလွဲသွားသည်။

ကျွမ်းထိုးလိုက်သည့် သူ့ခန္ဓာကိုယ်ကမူ မတ်တတ်ရပ်လျက်ပင်။

ထက်ကျင်သည် ခြေလှမ်းသုံးလှမ်းတိုးပြီး တရစပ်ဖိတိုက်သည်။

ထက်ကျင်၏စားချက်တိုင်းကို ထိုလူငယ်က ဖယ်ထုတ်နိုင်သည်။ ထက်ကျင်သည် ရုတ်တရက် နောက်သို့ ခုန်ဆုတ်လိုက်၏။

"ဘာဖြစ်လို့ နောက်ကိုဆုတ်သွားရတာလဲ၊ ကြောက်သွားပြီလားဗျ၊ ရှေ့ကိုတိုးခဲ့စမ်းပါ"

ထက်ကျင်က ရယ်ပြီး ...

"ဘာဖြစ်လို့ရှေ့တိုးရမှာလဲ၊ ငါက ထန်ဆက်ဘွန်ဂိုဏ်းကို ခြေရာခံလိုက်တာပဲ၊ အခုဆိုရင် ထန်ဆက်ဘွန်ဆိုတဲ့ တောင်းဆိုးပလုံးဆိုးကြီးထဲမှာ ဟူတန်းဂိုဏ်းက အစုတ်အပြတ် လေလွင့်ပစ္စည်းတွေ ရောက်နေပြီဆိုတာ သိရပြီပဲ၊ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ လုပ်ငန်းကို ရှင်းပြလိုက်တာနဲ့ ဟူတန်းဂိုဏ်းဟာ ဒီအတိုင်းလက်ပိုက်ကြည့်နေမှာ မဟုတ်တော့ဘူး၊ သူကိုယ်တိုင် ထန်ဆက်ဘွန်ဂိုဏ်းကို လာရှင်းတော့မှာပဲ"

ကျောင်းစေ့ခင်၏ ရူးရူးရားရား အော်ဟစ်အမိန့်ပေးသံသည် ခန်းမကြီးထဲ၌ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

"ဒီကောင့်ကို လုံးဝအလွတ်မပေးနဲ့၊ သတ်စမ်း ... ဒီကောင်လွတ်သွားရင် အားလုံး ပြဿနာတွေရှုပ်ကုန်လိမ့်မယ်"

ရန်သူလူငယ်၏ စိုးရိမ်စိတ်များမှာ ငယ်ထိပ်သို့ တက်ဆောင့်တော့သည်။

သူသည် ထက်ကျင်အား အသေအကြေ အပြတ်ရှင်းနိုင်ရန်



ကမန်းကတန်း ခုန်ဝင်သွားလေတော့သည်။ သူသည် အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံး ဓားကွက်များကို ထုတ်သုံးတော့သည်။

ကျောင်းစေ့ခင်သည် သူ့ဘေးနားတွင် လက်ပိုက်ရပ်နေသည့် ကိုယ်ရံတော်သုံးဦးအား ငေါက်ငမ်းလိုက်လေသည်။

"မင်းတို့ကကော ဘာငေးနေကြတာလဲ၊ မင်းတို့ဘိုးအေ မင်းတို့ကို သိုင်းအလှပြလာကစားနေတာလို့ ထင်သလား၊ ထွက်လမ်းတွေကို နှစ်ယောက်က ပိတ်၊ တစ်ယောက်က ဝင်ကူစမ်း"

ကိုယ်ရံတော်နှစ်ယောက်သည် ထက်ကျင်တို့ ထွက်နိုင်သည့် အပေါက်ဆီသို့ ခုန်ပျံပြေးလွှားသွားကြ၏။ ကျန်တစ်ယောက်က ထက်ကျင်ဆီသို့ ခုန်ပျံဝင်သွားတော့၏။

"အား ..."

ထက်ကျင်ဆီသို့ ခုန်ဝင်လာသူမှာ လေထဲ၌ပင် ပစ်လဲကျသွားတော့၏။

'ဝုန်း ...'

သေပြီ။ လုံးဝလှုပ်ရှားနိုင်စွမ်းမရှိဘဲ သေဆုံးသွားခဲ့လေပြီ။

ကျောင်းစေ့ခင်က ဒေါသတကြီး အော်ဟစ်မေးမြန်းလိုက်လေ၏။

"ဘာလဲ ... မင်းတို့က အဆိပ်လက်နက်ပုန်းနဲ့ ဒီလိုပဲ တိတ်တိတ်လုပ်ကြရသလား၊ ဒါက သိုင်းလောကရဲ့ ထုံးစံလား"

မှန်သည်။ နောက်ထပ်ဝင်ကူသည့် သိုင်းသမား သေသွားရခြင်းမှာ ယွန်ချောချော၏လက်ချက်ကြောင့်ပင် ဖြစ်ပေသည်။

ယွန်ချောချောက ဆီးနှင်းပုလဲလက်နက်ပုန်းဖြင့် ပစ်ခတ်သတ်ဖြတ်လိုက်ခြင်းသာ ဖြစ်သည်။

"ရှင်တို့ကို တိတ်တိတ်ပုန်းလုပ်ကြံတာ မဟုတ်ဘူး၊ တစ်ယောက်ချင်းတိုက်ခိုက်နေတဲ့ တိုက်ပွဲစည်းထဲကို နောက်တစ်ယောက်ဝင်လာလို့ တမင်တားဆီးလိုက်တာပဲ၊ အများနဲ့တစ်ယောက်တိုက်တာကို ကျွန်မ ဒီအတိုင်းရပ်ကြည့်နေရမှာလား"

ကျောင်းစေ့ခင်က စားပွဲခုံကြီးကို ဖြန်းခနဲရိုက်ပြီး မတ်တတ်ရပ်လိုက်၏။

"မတရားဘူးထင်ရင် မင်းဝင်တိုက်ပါလား၊ ဘာဖြစ်လို့ လက်နက်ပုန်းနဲ့ လုပ်ကြံရတာလဲ"

"ကျွန်မလုပ်ကြံမှန်း ရှင်တို့မသိဘူးလား၊ သိရင် ခုခံပါလား"

ကျောင်းစေ့ခင်သည် သူ့လူများကို အော်ဟစ်အမိန့်ပေးလိုက်၏။

"ဒီကောင်မစုတ်လေးကို ဝိုင်းဖမ်းကြစမ်း၊ သူ့ကို ညှဉ်းဆဲပြီးမှ သတ်မယ်"

ကျောင်းစေ့ခင်သည် စားပွဲခုံကြီးမှခုန်ထွက်ပြီး နောက်ဘက်သို့ဆုတ်သွား၏။





ယွန်ချောချောက ရယ်သည်။

"ဒါ ရှင့်အကြံအကုန်ပဲလား၊ ကျွန်မကိုဖမ်းဖို့ အမိန့်ပေးပြီး ရှင်က နောက်ဘက်က လစ်ထွက်ပြေးမလို့မဟုတ်လား၊ ရှင် အဲဒီနေရာမှာပဲ ရပ်နေလိုက်စမ်းပါ၊ နို့မို့ဆိုရင် မလွယ်ဘူး"

"ဟား .. ဟား .. ဟား .. သူခိုးက လူပြန်ဟစ်နေတယ်၊ ငါ့ ပညာအဆင့် ဘယ်လောက်ရှိတယ်ဆိုတာ မင်းတို့သိကြရဲ့လား"

"ရှင့်ပညာအဆင့် ဘယ်လောက်ရှိသလဲ ... အမိန့်ရှိပါဦး၊ ကြားစမ်းပါရစေ"

"မင်းတို့နှစ်ယောက်ပေါင်းပြီး တိုက်တာတောင် ငါ့ကိုမနိုင်နိုင်ဘူး၊ ငါကလည်း ဂရုမစိုက်ဘူး၊ ဘာဖြစ်လို့ ငါက ထွက်ပြေးရမှာလဲ"

ကျောင်းစေ့ခင်သည် စကားဆုံးသည်နှင့် ရိပ်ခနဲထွက်ပြေးသွားတော့သည်။ သူထွက်ပြေးသွားပုံကိုကြည့်၍ ကိုယ်ဖော့ပညာမည်မျှကောင်းကြောင်း မပြောဘဲနှင့် သိနိုင်ပေသည်။

ကျောင်းစေ့ခင်သည် ဝမရှိဘဲ ဝီလုပ်တတ်သူမဟုတ်ပေ။

အစွမ်းအစမရှိဘဲ အပြောကြီးခဲ့သူမဟုတ်ပေ။

ယွန်ချောချောသည် ကျောင်းစေ့ခင်ထွက်ပြေးသွားရာနောက်သို့ တရကြမ်းလိုက်သည်။

ထက်ကျင်သည် သစ္စာဖောက် ဟူတန်းဂိုဏ်းသားနှင့် တိုက်

ခိုက်နေသည်ဆိုသော်လည်း ယွန်းချောချော ပြေးထွက်သွားသည်ကိုမူ ကောင်းစွာတွေ့မြင်သည်။

ထန်ဆက်ဘွန်ဂိုဏ်း၏ မြောက်ပိုင်းတာဝန်ခံကြီး၏ စွမ်းရည်မှာ တော်ရုံတန်ရုံစွမ်းရည်မဟုတ်နိုင်ကြောင်း ထက်ကျင်အနေဖြင့် ခန့်မှန်းသိရှိပြီးဖြစ်သည်။

ယွန်းချောချောကဲ့သို့သော သိုင်းလောကအတွေ့အကြုံ နုနယ်သူကလေးက ကျောင်းစေ့ခင်ကဲ့သို့သော ပုဂ္ဂိုလ်အား မည်သို့မျှ ယှဉ်နိုင်မည်မဟုတ်ကြောင်း ထက်ကျင်သိသည်။ ထို့ကြောင့် အရေးတကြီး အော်ဟစ်တားမြစ်လိုက်သည်။

"ချောချော ... ဘယ်ကိုပြေးတာလဲ၊ ပြန်လာခဲ့၊ ငါ့ကိုလာကူတိုက်စမ်းပါ"

ယွန်းချောချောက ပြန်လည်ဟစ်အော်ပြောသည်။

"အစ်ကို ... ကျွန်မ သူ့နောက်ကိုလိုက်သွားမယ်၊ သူ့ပညာဘယ်လောက်စွမ်းသလဲဆိုတာ ကျွန်မစမ်းသပ်ကြည့်ချင်သေးတယ်"

"ချောချော ... ငါပြောသလိုလုပ်စမ်း"

"အစ်ကို ... ကျွန်မကိုခွင့်လွှတ်ပါ၊ ထန်တီးဂိုဏ်းရဲ့ ဆီးနှင်းဝုလဲကို သူဘယ်လိုရှောင်တိမ်းနိုင်သလဲဆိုတဲ့ အချက်ကို စောင့်ကြည့်ရမယ်"

ယွန်းချောချောသည် ခန်းမကြီး၏အနောက်ဘက်အပေါက်ဝ



သို့ ရောက်ရှိသွားလေပြီ။ သို့သော် ကျောင်းစေ့ခင်၏ အရိပ်အယောင်ကို မမြင်ရတော့ပေ။

ထိုအချိန်တွင် တံခါးဝ၌ပိုင်း ဝိုင်းရပ်နေကြသော ကျောင်းစေ့ခင်၏ ကိုယ်ရံတော်နှစ်ယောက်သည် ထက်ကျင်ကို ဝင်ရောက်တိုက်ခိုက်...က်ရှိနေကြလေပြီ။

ထက်ကျင်သည် ထိပ်တန်းသိုင်းပညာရှင်ဖြစ်သည်ကတော့ မှန်ပါသည်။ ထိုသုံးယောက်ကိုတော့ လွယ်လွယ်ကလေး အနိုင်ယူနိုင်သူ မဟုတ်ပါပေ။

"ချောချော ... မင်း ငါ့စကားကိုနားမထောင်ဘဲ ကျောင်းစေ့ခင်နောက်လိုက်သွားပြီးရင် ငါ့ဆီပြန်မလာခဲ့နဲ့တော့၊ ငါ့အကူအညီကိုလည်း မမျှော်လင့်နဲ့တော့ ... ဒါပဲ"

ယွန်းချောချော ခန်းမကြီးထဲသို့ ပြန်ဝင်လာခဲ့ရတော့သည်။

"အစ်ကို ... ကျွန်မ ဘာကူညီရဦးမလဲ"

ထက်ကျင် ဒေါသထွက်သွားသည်။ ရိုင်းရိုင်းစိုင်းစိုင်းမဆိုမိအောင် သူ့ကိုယ်သူ အတော်ကလေး ထိန်းချုပ်လိုက်ရသည်။

"အေး ... ငါက မင်းကို သိုင်းကပွဲအတွက် အပျော်ကြည့်ဖို့ ခေါ်လာတာ၊ အလှူပြပွဲမှာ ငါသေသွားရင်လည်း ငါ့ကိုသင်္ဂြိုဟ်ပေးမယ့်လူ မရှိမှာစိုးလို့ မင်းကိုခေါ်လာတာ၊ ဒီတော့ မင်းအနေနဲ့ ဘာမှလုပ်စရာမလိုဘူး ... ထိုင်သာကြည့်နေ ... ဒါပဲ"

ထိုအချိန်တွင် ကျောင်းစေ့ခင်၏ ကိုယ်ရံတော်သုံးဦးသည် တိုက်ပွဲစည်းကို ကျဉ်းသည်ထက်ကျဉ်းအောင်လုပ်ပြီး ထက်ကျင်၏ခံမှုကို ဖျက်ဆီးပစ်ရန် ကြိုးစားနေကြ၏။

ယွန်ချောချောမှာ ထက်ကျင်ဒေါသထွက်နေသည်ကို သိလိုက်ရသဖြင့် ပျာယာခတ်သွား၏။

"အစ်ကို … စိတ်မဆိုးပါနဲ့ ညီမလေးက ဘယ်သူ့ကိုတိုက်ရမယ်မှန်း မသိလို့ပါ၊ အစ်ကိုပြောတဲ့လူကို ညီမ တိုက်ပါ့မယ်၊ ပြောပါ"

"မြွေခေါင်းပုံစံဓားကိုင်ထားတဲ့လူကို မင်းတိုက်၊ ကျန်တဲ့နှစ်ယောက်ကို ငါတိုက်မယ်"

ယွန်ချောချောသည် အထွေအထူး စကားပြောမနေတော့ဘဲ ထိုမြွေခေါင်းပုံစံဓားကိုင်ထားသူ၏ နောက်ကျောကို ဓားနှင့်ပြေးထိုးသည်။

'ချွမ်း' … 'ချလွမ်း'

မြွေခေါင်းဓားပိုင်ရှင်သည် ထက်ကျင်၏အမိန့်အရ သူ့အား တိုက်ခိုက်တော့မည်ကို သိနေသဖြင့် ကိုယ်တစ်ပတ်လှည့်ကာ ချက်ချင်းခုခံလိုက်လေ၏။

ထို့ကြောင့် တိုက်ပွဲဝင်သည့်အုပ်စုနှစ်စု ဖြစ်သွားတော့သည်။



ယွန်ချောချောနှင့် မြွေခေါင်းဓားပိုင်ရှင်က တစ်စု၊ ထက်ကျင်နှင့် ကိုယ်ရံတော်နှစ်ဦးက တစ်စု။ အနိုင်မခံအရှုံးမပေးဘဲ တိုက်ခိုက်နေကြတော့သည်။

ထက်ကျင်သည် သူ့ရန်သူနှစ်ယောက်အား အပြင်းအထန်ခံရင်း ယွန်ချောချောအား အော်ဟစ်သတိပေးနေပေသည်။

"ချောချော … မင်းနဲ့တိုက်နေတဲ့လူကို သတိထား၊ သူဟာ မားမျိုးရိုးက သိုင်းသမားဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ … သတိထားပါ့မယ်"

ယွန်ချောချောကလည်း တိုက်ခိုက်ရင်း ပြန်အော်ပြောသည်။

"မားမျိုးရိုးဟာ မြွေခေါင်းဓားတွေကို ကိုင်လေ့ရှိကြတယ်၊ ဒီကောင်ဟာ မားမျိုးရိုးဝင်မိသားစု မဖြစ်တာတောင် မားမျိုးရိုးရဲ့ တပည့်ဖြစ်နိုင်တယ်၊ မြွေခေါင်းဓားထဲမှာ အဆိပ်လက်နက်ပုန်းတွေရှိတယ်၊ အဲဒီအချက်ကို သတိထားပြီး တိမ်းရှောင်ပေတော့"

မြွေခေါင်းဓားပိုင်ရှင်မှာ ထက်ကျင်စကားကြောင့် မျက်နှာတစ်ခုလုံး ညိုပုပ်သွားတော့၏။

သူသည် ယွန်ချောချောနှင့် ယှဉ်ပြိုင်ထိုးခုတ်နေရင်းမှ ထက်ကျင်အား လှမ်း၍ခြိမ်းခြောက်သည်။

"ရွှေပျံလွှား … ခင်ဗျားဟာ ဘာမဆိုသိနေတာပဲကိုး၊ ကျုပ်

တို့မားမျိုးရိုးဟာ အင်မတန် လျှို့ဝှက်သိပ်သည်းတဲ့ မိသားစုဖြစ်တယ်၊ ဒါတောင် ခင်ဗျားကသိနေတယ်ဆိုတော့ ခင်ဗျားကို ဘယ်နည်းနဲ့မှ အသက်ရှင်လျက်ထားလို့ မရတော့ဘူး၊ ဒီအမျိုးသမီးကို သတ်ပြီးတာနဲ့ ခင်ဗျားကိုသတ်ရတော့မှာပဲ"

"ဟား .. ဟား .. ဟား .. အခုလည်း မင်းတို့ သတ်ဖို့ကြိုးစားနေတာပဲ မဟုတ်လား၊ ငါ့ကို ဘုရားစင်ပေါ်တင်ဖို့ ဝိုင်းတင်နေကြတာတော့ မဟုတ်ပါဘူးနော်"

ထက်ကျင်သည် အာဂလူ။ အာဂစိတ်ဓာတ်ရှိသူ။

ယခု အသက်လုတိုက်ခိုက်နေစဉ်အတွင်း သရော်လှောင်ပြောင်ခြင်းကို ပြုနေနိုင်စွမ်းရှိသည်။

တစ်ခုတော့ရှိသည်။

သူ့အားတိုက်ခိုက်နေသည့် ရန်သူနှစ်ဦးကို သူ့အနေဖြင့် အချိန်မရွေး သုတ်သင်နိုင်သည်ဟု ယူဆထားသလားတော့ မသိပေ။

"ရွှေပျံလွှား ... ခင်ဗျား သိပ်ပြီးအမောက်ထောင်မနေနဲ့၊ ဒီဂေဟာထဲ ရောက်လာပြီးတဲ့ ဘယ်ရန်သူမှ အသက်ရှင်လျက် ပြန်မထွက်နိုင်သေးဘူး"

ဤစကားကိုပြောသူမှာ ဟူတန်းဂိုဏ်း၏ ဓားသိုင်းကိုအသုံးပြုနေသည့် သိုင်းသမားဖြစ်သည်။ ဤသူသည် ဟူတန်းဂိုဏ်းမှ အကြောင်းတစ်စုံတရာကြောင့် ထွက်ပြေးလာသည့် သစ္စာဖောက်သာ



ဖြစ်ပေမည်။

ထက်ကျင်က လှည့်ပတ်ရှောင်တိမ်းပြီး ပြန်လည်မေးခွန်းထုတ်လိုက်၏။

"မင်းတို့ အယုတ်တမာနည်းလမ်းတွေနဲ့ အကောက်ကြံပြီး သတ်လို့သေတဲ့ သစ္စာရှိသိုင်းသမားတွေ အတော်များခဲ့ပြီဆိုပါတော့၊ ဒီဂေဟာကြီးထဲမှာ ဘာထောင်ချောက်တွေများ လုပ်ထားသေးလဲ"

သစ္စာဖောက် ဟူတန်းဂိုဏ်းသားက ဒေါနှင့်မောနှင့် အော်ငေါက်ဟန့်တားလိုက်သည်။

"ကျုပ်တို့ ထန်ဆက်ဘွန်ဂိုဏ်းကို ဒီလောက်တောင်မစော်ကားနဲ့၊ ကျုပ်တို့က သိုင်းပညာနဲ့ပဲ အနိုင်ယူခဲ့တယ်"

"ဟား .. ဟား .. ဟား .. နားရှိလို့သာကြားရတယ်၊ နားရှိလို့သာ ယုံရတယ်၊ မင်းတို့က အပြောတစ်မျိုး၊ အလုပ်တစ်မျိုးကောင်တွေပဲ၊ ခုတောင်ကြည့်ပါလား ... တစ်ယောက်တည်းသမားကို အုပ်စုနဲ့ ဝိုင်းတိုက်နေကြတာ၊ မင်းတို့မှာ တရားမျှတမှုဆိုတာ ဘယ်မှာရှိလို့ လဲ"

မြွေခေါင်းဓားပိုင်ရှင်က ယွန်ချောချောနှင့် တိုက်ခိုက်နေရင်းမှ လှမ်းအော်သည်။

"ရွှေပျံလွှား ... ရွှေပျံလွှားနဲ့ ကျော်ကြားနေတဲ့ သိုင်းသမားသူရဲကောင်းကြီးဟာ နှစ်ယောက်တစ်ယောက်တောင် မယှဉ်ပြိုင်ရဲ

ဘူးလား၊ တစ်ယောက်တလေ အကြောပေးပြီး မယှဉ်ပြိုင်ဝံ့ဘူးလား"

ထက်ကျင်က ရယ်ရင်း ...

"ရပါတယ် ... ရပါတယ်၊ အဲဒီလိုဆိုရင်လည်း စောစောက ပြောရောပေါ့ကွာ၊ ငါနဲ့ချည်းပဲ သုံးယောက်တစ်ယောက် တိုက်နိုက်နိုင်ပါတယ်၊ ဒါနဲ့ စကားမစပ် တိုက်ရင်းခိုက်ရင်းပဲ မေးရဦးမယ် ... မင်းတို့မားမျိုးရိုးမိသားစုထဲ မြွေပါးစပ်ဂိုဏ်းချုပ်ဆိုတဲ့လူဟာ ကလေကချေတစ်ယောက်ပဲကွ၊ အခု ဘယ့်နှယ့် ထန်ဆက်ဘွန်ဂိုဏ်းထဲ ရောက်နေရတာလဲ"

"ဘာပြောတယ်ဗျ"

မြွေခေါင်းဓားပိုင်ရှင်မှာ ဒေါသအလွန်ထွက်လာသဖြင့် ဓားကွက်များပျက်လာသည်။ ယွန်ချောချော၏ ဓားချက်အမိခံရမလိုပင် ဖြစ်သွားသည်။

ထက်ကျင်၏မျက်စိက လျင်လှသည်။ မြွေခေါင်းဓားပိုင်ရှင် ဒေါသထွက်သွားသည်ကို မြင်လိုက်ရသဖြင့် ပို၍ဒေါသထွက်ရန် စကားဖြင့် ဆွပေးတော့သည်။

လူတို့၏လျှာဖျားတွင် ဆူးက လေးများပါရှိသည်ဟု ပညာရှိတို့က ပြောတတ်ကြသည် မဟုတ်ပါလော။

"ခင်ဗျားပြောခဲ့တဲ့ စကားအတွက် ခင်ဗျားပြန်ပြီးနောင်တရစေရမယ်၊ မြွေပါးစပ်ဂိုဏ်းချုပ်ကို ဘယ်သူမှ မစော်ကားရဘူး",



ထက်ကျင်က ရယ်မောပြီး ...

"ငါစော်ကားတယ်ကွာ၊ မှန်တာပြောတာကို ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ မင်းလို မြွေပါးစပ်ဂိုဏ်းသား နောက်မြီးဆွဲတစ်ယောက်တောင် ထန်ဆက်ဘွန်ဂိုဏ်းထဲ ပါနေမှတော့ မင်းရဲ့ဂိုဏ်းချုပ် မပါဘဲ ဘယ်နေလိမ့်မလဲ၊ ဘာလဲ ... မင်းတို့က ခုမှ လူသိမှာကြောက်နေသလား၊ ကြောက်ရင်လည်း စောစောစီးစီးက ဒီပြင်ဓားကိုင်တာပေါ့လေ၊ ဘာဖြစ်လို့ မြွေခေါင်းဓားကြီးကို ကိုင်ထားရတာလဲ"

မြွေခေါင်းဓားသမားသည် ထက်ကျင်အား အပြတ်ရှင်းနိုင်ရေးအတွက် ယွန်ချောချောကို ပထမဆုံးသတ်ဖြတ်သုတ်သင်နိုင်မှ ဖြစ်မည်ကို နားလည်သဘောပေါက်သဖြင့် ယွန်ချောချောအား ကြောက်မက်ဖွယ်ရာ ဖိ၍တိုက်ခိုက်တော့သည်။

သူမ ထိတ်သွားသည်။

မြွေခေါင်းဓားသမား၏ အတွင်းအားသည် သူမထက် သာလွန်နေကြောင်း သူမ ရိပ်မိသွား၍ ဖြစ်ပေသည်။

သို့သော် မြွေခေါင်းဓားသမား၏ ဓားကွက်မှာ အဆင့်မြင့်မားခြင်း မရှိပေ။ အောက်လမ်းသိုင်းဂိုဏ်းတစ်ဂိုဏ်း၏ ဓားကွက်သည် အဘယ်မှာလျှင် အဆင့်မြင့်ပါမည်နည်း။ အဆင့်မြင့်သော အောက်လမ်းသိုင်းဂိုဏ်းဟူသည် အလွန်တရားရှားပါးလှပေ၏။

အောက်လမ်းသိုင်းဂိုဏ်းများ၌ ထူးချွန်သော ပညာတစ်ခုစီ ရှိကြ၏။ သိုင်းပညာတော့မဟုတ်ပေ။ အထူးသဖြင့် လက်နက်ပုန်း ပညာများ၌ ထူးချွန်တတ်ကြသည်။

ယွန်ချောချောတို့၏ အဆက်အနွယ်များ ဝင်ရောက်လာသည့် ထန့်တီးဂိုဏ်း၏ လက်နက်ပုန်းမှာ သီးနှင်းပုလဲလက်နက်ပုန်း ဖြစ်သည်။

သိုင်းလောကသားများ အတော်ကလေးကြောက်ရွံ့ကြသည်။

ဤမြေပါးစပ်ဂိုဏ်းတွင်လည်း လက်နက်ပုန်းပညာရပ်တော့ ရှိရပေမည်။ မည်သည့်လက်နက်ပုန်းပညာဖြစ်မည်ကို သူမ မသိနိုင်သေးပေ။

ထိုသူ၏သိုင်းကွက်များ ညံ့ဖျင်းလာလေလေ လက်နက်ပုန်းတစ်ခုခုထွက်လာမည်ကို စိုးရိမ်ရလေလေဖြစ်ကြောင်းကိုမူ သူမ နားလည်သဘောပေါက်သည်။

ထို့ကြောင့် သတိကြီးစွာထား၍ တိုက်ခိုက်နေရလေတော့၏။

❖ ❖ ❖



## အခန်း (၃၆)

## စည်းဖျက်နိုင်သော ရွှေပျံလွှား

ကျောင်းဇွေခင်၏ ကိုယ်ရံတော်ဝတ်စုံနက် ဝတ်ဆင်ထားသည့် ဓားသမားနှစ်ယောက်သည် ထက်ကျင်အား ပြင်းပြင်းထန်ထန် ရက်ရက်စက်စက် တိုက်ခိုက်နေကြသည်။ ထက်ကျင်ကလည်း ပျံလွှားငှက်တစ်ကောင်လို လူးလာဆန်ခတ် ပျံသန်းသလို တိမ်းရှောင်ခုခံလျက် ရှိနေလေသည်။

တစ်ကြိမ်တွင် ရှေ့မှတစ်ယောက်၊ နောက်မှတစ်ယောက်က ဓားဖြင့်ထိုးလိုက်ရာ ဦးခနဲအသံနှင့်အတူ ထက်ကျင်၏ခန္ဓာကိုယ်ဆီသို့ တိုးဝင်လာကြသည်။

ထက်ကျင်က ရှေ့မှဓားကို သူ့ဓားပြားဖြင့်ခံကာ အတင်းဖိကပ်လိုက်သဖြင့် နောက်မှဓားချက် လွတ်ခြောက်သွား၏။ သို့သော် အားလွန်လာသည့်နောက်မှ ဓားသမားမှ ထက်ကျင်၏နောက်ပေါက်ကန်ချက်တစ်ချက် အကန်ခံလိုက်ရပြီး လွင့်စဉ်ထွက်သွား၏။

ထက်ကျင်အနေဖြင့် လုပ်ချင်တိုင်းလုပ်၍မရသော ဓားသ

မားသစ္စာဖောက် ဟူတန်းဂိုဏ်းသားဖြစ်သည်။ သို့ရာတွင် နောက် တစ်ယောက်ဝင်ရှုပ်နေခြင်းကြောင့် ဟူတန်းဂိုဏ်းသားမှာလည်း သူ့ ဓားကွက်ကို အကုန်မထုတ်နိုင်ဘဲ ရှိနေသည်။

ထိုကိုယ်ရံတော်နှစ်ယောက်သည် စုပေါင်းတိုက်ကွက်ကို လေ့ကျင့်ထားခြင်းမရှိသဖြင့် ထက်ကျင်အား ဖိ၍တိုက်ခိုက်နိုင်ခြင်း မရှိပေ။

သူတို့ပင်လျှင် ခံစစ်သဘောဖြင့် တိုက်ခိုက်ဟန် တိုက်ခိုက် နေကြရ၏။

ယွန်ချောချောနှင့် မြွေခေါင်းဓားရှင်၏ တိုက်ပွဲမှာမူ အခြေ အနေ ထူးခြားလာသည်။ သိုင်းကွက်ပေါင်းသုံးဆယ်ကျော်သော အခါတွင် ယွန်ချောချောက အသာစီးရရှိသွားသည်။ မြွေခေါင်းဓားရှင် ၏ သိုင်းကွက်များက ညံ့ဖျင်းလှသကိုး။

မိန်းမသားတို့၏ ဗီဇသဘာဝသည် သူမ၌ ပြန်ပေါ်လာ သည်။ မိမိက အချိန်မရွေး အသေသတ်နိုင်သည်ကို သိလာရသောအ ခါ သူမသည် မြွေခေါင်းဓားရှင်အား အသေမသတ်တော့ဘဲ ကြောင် ကကြွက်ကို ဆော့ကစားခဲ့သကဲ့သို့ အချိန်ဆွဲ၍ တိုက်ခိုက်နေတော့၏။

ထက်ကျင်အနေဖြင့် မိန်းမသားများကို စိတ်မချသည်မှာ ဤအချက်ပင်ဖြစ်သည်။

ယွန်ချောချောအနေဖြင့် သူ့ရန်သူအား ရှင်းလင်းပစ်လိုက်





ပြီး ထက်ကျင်၏ ရန်သူနှစ်ယောက်အနက် တစ်ယောက်ကို ခွဲဝေ တိုက်ခိုက်လိုက်ပါက စောစီးစွာ ရန်ငြိမ်းသွားမည်ဖြစ်ပေသည်။

ယခုမူ ယွန်ချောချောသည် မိန်းမပီသစွာ တိုက်ခိုက်နေ သည်။

ဤသို့တိုက်ခိုက်နေခြင်းမှာ မိန်းမပီသမှုတစ်ခုတည်း ကြောင့်မဟုတ်ဘဲ ထက်ကျင်အား မခံချင်စိတ်ကြောင့်ဖြစ်ကြောင်း မကြာမီပင် သိရှိလာရ၏။

သူမသည် ထက်ကျင်နှင့်တိုက်ခိုက်နေသည့် ရန်သူနှစ်ဦး၏ စွမ်းရည်ကို ကောင်းကောင်းရိပ်စားမိသည်။

ထက်ကျင်သည် သူမနှင့်တိုက်ခိုက်ရန် စွမ်းရည်ညံ့ဖျင်း သော မြွေခေါင်းဓားရှည်ကိုထိုးပေးပြီး သူကိုယ်တိုင်ကမူ စွမ်းရည် ထက်မြက်သော ရန်သူနှစ်ဦးနှင့် ရွေးချယ်တိုက်ခိုက်နေသည်ဟု အ ထင်ရှိလာ၏။

ထို့ပြင် သူမအား ဤတိုက်ပွဲအတွင်း ခေါ်သွင်းခြင်းမှာ သူ့ အား ကူညီစေလို၍မဟုတ်ဘဲ သူမတစ်ယောက်တည်း ကျောင်းစေ့ ခင်နောက် လျှောက်လိုက်နေမည်ကို စိုးရိမ်သဖြင့် သူ့မျက်စိရှေ့ အောက် ထားခြင်းသာဖြစ်ကြောင်း ယွန်ချောချော တဖြည်းဖြည်း နားလည်သဘောပေါက်လာသည်။

ထက်ကျင်က သူမအပေါ် စေတနာထားခြင်းကို သူမအနေ

ဖြင့် ကျေးဇူးတင်ပါသည်။ သို့သော် သူမနှင့် အရည်အချင်းကွာလှသော မြွေခေါင်းဓားရှင် သိုင်းသမားမျိုးလိုလူမျိုးနှင့်သာ ယှဉ်ပြိုင်တိုက်ခိုက်စေခြင်းကတော့ သူမအား စော်ကားရာကျသည်ဟု ယူဆသည်။

ထိုသို့တွေးမိလာသဖြင့် မြွေခေါင်းဓားရှည်နှင့် တိုက်ခိုက်နေရာမှ ခုန်ဆုတ်လိုက်သည်။

"အစ်ကို ... ဒီမြွေခေါင်းဓားကိုင်ထားတဲ့ လူမျိုးနဲ့ မတိုက်ချင်တော့ဘူး၊ အစ်ကိုတိုက်နေတဲ့ ရန်သူနှစ်ယောက်ထဲက တစ်ယောက်နဲ့ပဲ တိုက်မယ်"

ထက်ကျင် စိတ်ရှုပ်သွားသည်။

"ဘယ်လိုလုပ်လိုက်တာလဲ မချော၊ ငါ့ကိုတိုက်နေတဲ့လူတွေကို တိုက်ချင်ရင် မင်းတိုက်နေတဲ့လူကို အရင်ဆုံးရှင်းမှပေါ့ကွ၊ ဒါဟာ ကလေးတွေကစားနေကြတာ မဟုတ်ဘူး ... အသက်လုပြီးတိုက်ခိုက်နေကြရတာ၊ မင်းရူးနေသလား"

ထက်ကျင်မှာ ထိုစကားများကို လွယ်လွယ်ကူကူ ပြောနိုင်ခြင်းမဟုတ်ပါ။

တိုက်ရင်းခိုက်ရင်း၊ ရှောင်ရင်းတိမ်းရင်း လှမ်းပြောနေရခြင်းဖြစ်ပါသည်။

"ညီမ ဒီသတ္တဝါနဲ့တိုက်ရတာ လက်ရည်မတူဘူး"



"အေးလေ ... မင်းရဲ့သတ္တဝါကို လက်စတုံးလုပ်ခဲ့ပါလား"

"ဟင့်အင်း ... ကိုယ့်စိတ်ကြိုက်လုပ်နိုင်တဲ့လူကို ဘယ်သတ်လို့ဖြစ်မှာတုံး၊ ညီမ မသတ်ချင်ဘူး"

ထက်ကျင်သည် စိတ်ထဲမှရေရွတ်နေမိ၏။

"မိန်းမတွေနဲ့ဆက်ဆံရတာ အတော်ခက်ပါလား၊ တကယ့်ကျဉ်းထဲကျပ်ထဲကျရင် သူတို့ကြောင့် ကိုယ်ပဲဒုက္ခရောက်ရတော့မှာပဲ"

သူသည် ယွန်ချောချောအား လှမ်းပြောလိုက်၏။

"ကောင်းပြီ၊ ဓားမောက်ကိုင်ထားတဲ့လူကို ဖလှယ်ပြီးတိုက်ပေတော့"

ထက်ကျင်၏စကားမဆုံးမီပင် သူမသည် ဓားမောက်ကိုင်သိုင်းသမားအား ဝင်တိုက်လေတော့၏။ မြွေခေါင်းဓားရှင်လည်း ထက်ကျင်အား ဝင်တိုက်တော့သဖြင့် သူမ၏အလိုဆန္ဒပြည့်ဝသွားတော့သည်။

စိတ်ဓာတ်တက်ကြွနေသော သူမသည် ဓားမောက်ကိုင်ဓားသမားအား ဖိတိုက်လျက်ရှိ၏။ ထက်ကျင်ကမူ လှမ်း၍သတိပေးသည်။

"ချောချော ... မင်းကို ငါ သတိပေးလိုက်ပါရဲ့၊ အခု ငါတို့နှစ်ယောက် ဒီကိုလာတာ ဓားသိုင်းပညာလေ့ကျင့်ဖို့လာကြတာ မဟုတ်ဘူး၊ ဓားကွက်အလှပြကစားဖို့ လာကြတာမဟုတ်ဘူး၊ မင်းရဲ့

မိခင်ကိုရှာရင်း ရန်သူတွေနဲ့ သူသေကိုယ်သေ တိုက်ခိုက်နေကြရတာပဲ ဖြစ်တယ်"

"ဟုတ်ကဲ့ ... ညီမ သဘောပေါက်ပါတယ်"

ထက်ကျင်က စိတ်ချဉ်ချဉ်ဖြင့် လှမ်းအော်လိုက်သည်။

"ဘာသဘောပေါက်တာလဲ၊ သဘောမပေါက်လို့ စောစောက အလုပ်မျိုးကို လုပ်တာပေါ့"

"ညီမလေးစိတ်ထဲမှာ ..."

"မင်းစိတ်ထဲမှာ စောစောကလူကို မတူဘူးမတန်ဘူး ထင်နေတာမဟုတ်လား၊ အဲဒီလူကပဲ မင်းရဲ့လည်ပင်းကိုဖြတ်သွားနိုင်တယ်၊ နားလည်ရဲ့လား"

ထက်ကျင်သည် သူမ၏စိတ်သဘောကို ပိုင်နိုင်စွာခန့်မှန်းသိရှိနိုင်ခဲ့သည်။

"မင်းသိထားဖို့က ငါတို့ဟာ ဒီသုံးယောက်တည်းကို သတ်နိုင်ရုံနဲ့ ထန်ဆက်ဘွန်ဂိုဏ်းကြီးတစ်ခုလုံးကို မဖြိုနိုင်သေးဘူးဆိုတာပဲ၊ ဒီသုံးယောက်ပြီးရင် နောက်ထပ်ဘယ်နှစ်ယောက်နဲ့ ရင်ဆိုင်ရဦးမလဲဆိုတာ ဘယ်သူမှမသိသေးဘူး၊ အေး ... ကျောင်းစေ့ခင်ဆိုတဲ့ ပုဂ္ဂိုလ်ကိုများ မင်းလျှော့မတွက်လေနဲ့၊ လျှော့တွက်မိတာနဲ့ မင်းရောငါရော မင်းအမေပါ လည်ပင်းပြတ်ပြီ အောက်မေ့ပေတော့"

ဓားမောက်ကိုင် ဓားသမားနှင့် တိုက်ခိုက်နေရသဖြင့်





အလွန်တရာစိတ်ကျေနပ်နေသော သူမမှာ ဆီးနှင်းရေအေးအေးဖြင့် အဖြန်းခံလိုက်ရသလို အေးစက်ချောက်ချားသွားမိတော့သည်။

မှန်သည်။ သူမသည် ကလေးငယ်လေးများ၏ အတွေးဖြင့် ရန်သူနယ်ပယ်အတွင်း လာရောက်တိုက်ခိုက်နေသည် မဟုတ်ပါလား။

သူမသည် ဓားမောက်ကိုင်ဓားသမားကို လျှော့မတွက်တော့ချေ။ အပြင်းအထန် ထိုးခုတ်တိုက်ခိုက်တော့သည်။

ယွန်ချောချောမှာ အတွေ့အကြုံနနယ်ရုံသာရှိသည်။ သိုင်းပညာ၌ သိပ်မညံ့ချေ။ သူမ တကယ်တမ်းထိုးခုတ်တိုက်ခိုက်သောအခါ ဓားမောက်ကိုင်သမားမှာ တဆုတ်တည်း ဆုတ်နေရတော့သည်။

သူသည် အခြေအနေမဟန်မှန်းသိသည်နှင့် သူ့နောက်ကျော၌ သိုင်းလွယ်ထားသည့် နောက်ထပ်ဓားမောက်တစ်ချောင်း ဆွဲထုတ်သည်။

ဓားမောက်နှစ်လက်ကိုကိုင်၍ တိုက်ခိုက်သည်ဆိုသည့် အလုပ်မှာ မလွယ်ချေ။ ဓားနှစ်လက်သိုင်းသမားတိုင်းသည် အဆင့်နိမ့်သူများ မဟုတ်ကြပေ။

ဓားမောက်နှစ်လက်ကိုင် သိုင်းသမားသည် တဖြည်းဖြည်း နောက်ဆုတ်၍ ခုခံနေ၏။ စင်စစ် သူသည် ယွန်ချောချောထက်

အဆင့်နိမ့်သူမဟုတ်ပေ။

ယွန်ချောချောက သူ့အား အထင်သေးစေရန် တဖြည်းဖြည်း ဆုတ်ပေးနေခြင်းသာ ဖြစ်သည်။

တစ်ကြိမ်တွင်မူ ယွန်ချောချော၏ဓားသည် ဓားမောက်နှစ်လက်အကြား၌ ညပ်သွားတော့၏။

သူသည် ဓားမောက်ဖြင့်ခုခံလိုက်စဉ် ယွန်ချောချောက သူမဓားဖြင့် ခုတ်ချ၏။ ထိုတဒင်္ဂအတွင်း နောက်ထပ်ဓားမောက်တစ်ချောင်းဖြင့် ဖိညှပ်လိုက်သောအခါ ရှေ့သို့ပို၍တိုးလိုက်၏။

သို့သော်လည်း ဓားမှာ ရှေ့သို့မတိုးဘဲရှိနေပြန်သည်။

ယွန်ချောချော ချွေးပြန်လာ၏။

"ငါတော့သွားပြီ၊ အစ်ကိုထက်ကျင် သတိပေးစကားကို ငါ အကြိမ်ကြိမ် နားမထောင်ခဲ့လို့ အကြိမ်ကြိမ် သေမလိုဖြစ်ခဲ့ရတယ်၊ အခုလည်း ငါသေရတော့မယ်"

ချွေးများစို့ပြီး စိုးရိမ်ထိတ်လန့်စွာ တွေးနေစဉ်မှာပင် ထက်ကျင်၏ အော်ဟစ်သတိပေးသံ ပေါ်လာလေ၏။

"နောက်မှာ သတိထား"

မြွေခေါင်းဓားရှင်သည် ယွန်ချောချော၏ စော်ကားမော်ကား စကားများအတွက် စိတ်ထဲ၌ အလွန်တရာ နာကျင်စွာ ခံစားလိုက်ရသည်။



သူသည် ထိပ်တန်းဓားသမားတစ်ဦးမဟုတ်သော်လည်း အညံ့စားဓားသမားတစ်ဦးလည်း မဟုတ်ပေ။

ထို့ကြောင့် ယွန်ချောချောအား အခါအခွင့်သင့်ပါက လက်စားချေမည်ဟူသောအကြံဖြင့် တစေ့တစောင်း အကဲခတ်နေခဲ့သည်။

ထက်ကျင်အား တိုက်ခိုက်နေခြင်းမှာ သဘောမျှလောက်သာဖြစ်ပြီး ယွန်ချောချောကို ဆုံးမရန်သာ သူအကွက်ချောင်းနေခဲ့သည်။

ထိုအချိန်မှာပင် ဓားမောက်ကိုင်သိုင်းသမားက ယွန်ချောချော၏ဓားကို ဓားမောက်နှစ်ချောင်းဖြင့် ညှပ်၍ဆွဲထားကြောင်း တွေ့လိုက်ရသည်။

ယွန်ချောချောသည် သူ့အားကျောပေးလျက် အနေအထားလည်း ဖြစ်နေသည်။

ဤတစ်ကွက်မျှမပိုင်လျှင် အဘယ်အကွက် ပိုင်ပါမည်နည်း။

မြွေခေါင်းဓားရှင်သည် သူ၏မြွေခေါင်းပုံသဏ္ဌာန်ပြုလုပ်ထားသည့် ဓားချွန်ထိပ်ဦးဖြင့် ယွန်ချောချော၏ကျောပြင်ကို ပိုင်နိုင်စွာ လှမ်းတိုးသည်။

ယွန်ချောချောသည် ထက်ကျင်၏သတိပေးမှုကြောင့် ရုတ်တရက် နောက်လှည့်ကြည့်လိုက်ရာ သူ့အားရန်ပြုရန် ပြင်ဆင်နေ

သည့် မြွေခေါင်းဓားရှင်အား ရုတ်တရက်တွေ့လိုက်ရသည်။

တွေ့ပင်တွေ့ငြားသော်လည်း သူမ၏ဓားကို ဓားမောက်နှစ်ချောင်းဖြင့် ညှပ်ထားသဖြင့် မြွေခေါင်းဓားရှင်အား မည်သို့ခုခံရမှန်းမသိဘဲ ဖြစ်နေသည်။

'ရွှမ်း ...'

သစ္စာဖောက်ဟူတန်းဝိုဏ်းသား၏ ဓားချက်သည် ထက်ကျင်လက်မောင်းကို ရှပ်၍လိုးဖြတ်သွား၏။ ထက်ကျင်သည် သူ့လက်မောင်းကိုအထိခံပြီး ယွန်ချောချော၏ ခြေထောက်အောက်ပိုင်းဆီ လှိမ့်ဝင်သွားတော့သည်။

"အို ... အမေ့"

'ဝုန်း ...'

ယွန်ချောချောရော ထက်ကျင်ပါ ကြမ်းပြင်ပေါ်သို့ လိမ့်ဆင်းသွားသည်။

ထိုအချိန်မှာပင် ...

မြွေခေါင်းဓားရှင်၏ဓားဦးသည် နှစ်ခြမ်းကွဲသွားပြီး မြွေခေါင်းပါးစပ်ဟသွားသလို ဟသွား၏။

'ရှဲ -- ရှဲ -- ရှဲ --'

မြွေတွန်သံမဟုတ်ပါ။ မြွေဦးခေါင်းသဏ္ဌာန်၊ မြွေပါးစပ်သဏ္ဌာန်ဟနေသည့် အက်ကွဲကြောင်းကလေးများ၏အတွင်းမှ



အဆိပ်အပ်ကလေးများမှာ သေးငယ်သည်နှင့်အမျှ အလွန်တရာများပြားလှသည်။

ထိုအပ်ကလေးများသည် အမှန်တကယ်အားဖြင့် ယွန်ချောချော၏ ကျောပြင်ဆီသို့ ပြေးသွားခြင်းဖြစ်သော်လည်း ယခုမူ ထက်ကျင်၏ပယောဂဖြင့် ဓားမောက်ကြီးနှစ်ချောင်းကိုင်ရင်း ရပ်နေသည့် သူ၏ မဟာမိတ်ကြီး၏ ရင်ဘတ်ဆီသို့ ပြေးဝင်သွားတော့၏။

'ဝုန်း'

ဓားမောက်နှစ်လက်ပိုင်ရှင် သိုင်းသမားမှာ တစ်ချက်မျှ အော်ဟစ်ညည်းညူခြင်း မပြုတော့ဘဲ ဝုန်းခနဲလဲကျသွားတော့သည်။

ဤမျှများပြားလှသော အဆိပ်အပ်များ အထိခံရသူတစ်ယောက်အနေဖြင့် တစ်သက်မဟုတ်ပေ ... ဆယ်သက်ပင် သေလောက်ပေသည်။ ကံဆိုးသူကား လုံးဝဇီဝိန်ချုပ်သွားခဲ့လေပြီ။

ဓားမောက်ပိုင်ရှင်သည် အမှန်တကယ်ကံဆိုးသွားသူဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဓားမောက်ပိုင်ရှင်နှင့် မြွေခေါင်းပိုင်ရှင်တို့သည် ဤတိုက်ကွက်ဖြင့် ရန်သူအတော်များများကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ကြသူများ ဖြစ်ကြသည်။

ဓားမောက်ပိုင်ရှင်က သူ၏ဓားမောက်နှစ်ချောင်းဖြင့် ရန်သူ၏ဓားကို ချုပ်ကိုင်လိုက်သည့်အခါတိုင်း မြွေခေါင်းဓားရှင်က သူ့ဓားထဲ၌သိုလှောင်ထားသည့် အဆိပ်အပ်များဖြင့်ပစ်လွှတ်ကာ အမြဲတမ်း

သုတ်သင်သတ်ဖြတ်ခဲ့သည်။

ယခင်က အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ရာ တစ်ကြိမ်မျှ အမှားအယွင်းမရှိဘဲ သူတို့ကချည်း အနိုင်ယူနိုင်ခဲ့သည်။

ယခုမူ ...။

ထက်ကျင်၏လျင်မြန်မှု၊ ဖျတ်လတ်မှုတို့ကြောင့် သူတို့နှစ်ဦး၏ ပူးပေါင်းတိုက်ကွက်သည် ပျက်စီးသွားခဲ့ရပြီ။

နောက်တွင် သူတို့နှစ်ဦး မည်သည့်နည်းနှင့်မျှ ပူးပေါင်းတိုက်ခိုက်နိုင်တော့မည် မဟုတ်ချေ။

သူ၏ တွဲဖက်ဓားမောက်ပိုင်ရှင်မှာ အဆိပ်အပ်ရာချီအထိ ခံရပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ရသည် မဟုတ်ပါလား။

သစ္စာဖောက် ဟူတန်းဂိုဏ်းသားသည် သူ့အား လုံးဝခုခံခြင်း မဟုတ်ဘဲ လက်မောင်း၌အထိခံကာ ရှောင်ထွက်သွားသည့် ထက်ကျင်၏ရည်ရွယ်ချက်ကို လုံးဝမသိရှိသဖြင့် မှင်တက်ကြောင်ငေးသွားသည်။

ယွန်ချောချောမှာမူ သေဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့ရသည့် အဖြစ်အပျက်ကို လုံးဝနားလည်သဘောပေါက်ခြင်း မရှိသေးပေ။

သူမသည် ထက်ကျင်၏ဖိထားခြင်းကို ခံနေရသည်။

မြွေခေါင်းဓားရှင်ကိုယ်တိုင်သည်လည်း သူ၏မြွေခေါင်းဓား



ကြီးကိုကိုင်ကာ မှင်တက်ငေးကြောင်နေဆဲ ရှိသည်။

အဘယ်မှာ မငေးကြောင်ဘဲ ရှိပါအံ့နည်း။

သူနှင့် ပွဲပေါင်းများစွာ လက်တွဲတိုက်ခိုက်ခဲ့သည့် ဓားမောက်ပိုင်ရှင်မှာ သူ့လက်ချက်ဖြင့် တုံးလုံးလဲကျကာ သေဆုံးသွားခဲ့ရပြီ မဟုတ်ပါလော။

မြွေခေါင်းဓားရှင်၏မျက်လုံးထဲ၌ အံ့သြခြင်း၊ မယုံကြည်ခြင်းစသည့် အရိပ်အယောင်များ ထွက်ပေါ်နေသည်။

သို့သော် တကယ်တမ်း မျက်မြင်အားဖြင့်မူ မယုံကြည်နိုင်စရာ မရှိတော့ပေ။

ဓား မောက်ပိုင်ရှင်အား အမှန်တကယ် သေဆုံးနေချေပြီ။

'ဝိုး ...'

ထက်ကျင်၏ လက်ထဲမှဓားသည် လေထုကိုထိုးခွဲဖြတ်သန်းသွားပြီး မှင်တက်ငေးကြောင်နေသည့် မြွေခေါင်းဓားရှင်၏ ရင်ညွန့်ကို ထုတ်ချင်းခတ်စိုက်ဝင်သွား၏။

"မင်းရဲ့ မြွေခေါင်းဓားရဲ့ စွမ်းရည်အတွက် လက်ဆောင်ပဲ"

ထက်ကျင်သည် ရုတ်တရက်ခုန်ထပြီး အော်ဟစ်လိုက်သည်။

'ဝုန်း ...'

မြွေခေါင်းဓားရှင်မှာ ဝုန်းခနဲပြိုလဲကျသွားသည်။ သစ္စာ

ဖောက် ဟူတန်းဂိုဏ်းသားသည် ကံကြမ္မာဆိုးရွားခဲ့ပြီဖြစ်သည့် လုပ်ဖော်ကိုင်ဖက် တိုက်ဖော်တိုက်ဖက်နှစ်ဦးအတွက် စိတ်ထိခိုက်သွားမိသော်လည်း သူ့ကံကြမ္မာအတွက်ပါ တွေးမိသွားသောအခါ ခန်းမထဲ၌ ဆက်၍မရပ်ရဲအောင် ဖြစ်သွားတော့သည်။

သူသည် ခန်းမကြီးကိုဖြတ်ပြေးပြီး ပြတင်းပေါက်ကို ခုန်ကျော်ဝင်လိုက်၏။ ထိုသူ၏ လှုပ်ရှားမှုမှာ အတော်လျင်မြန်သည်။

သို့သော် သူ့ထက်လျင်မြန်သည့်အရာမှာ မြွေခေါင်းဓားဖြစ်သည်။

'ဗွီး ...'

'ဒုတ် ...'

"အား ..."

"မင်းက ငါ့ကို ဓားနဲ့တစ်ချက်ခုတ်ပြီးတာနဲ့ လစ်မလို့ကြံသလား၊ မင်းလို သစ္စာဖောက်တွေဟာ နောက်ဆုံး ဒီလိုပဲ အသေဆိုးနဲ့ သေရမှာပဲ၊ ငါမသတ်လည်း မင်းလိုလူယုတ်မာကို ဟူတန်းဂိုဏ်းက လိုက်ပြီးစာရင်းရှင်းမှာပါပဲ"

ထက်ကျင်သည် မြွေခေါင်းဓားဖြင့် လှမ်းပစ်ပြီး ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။

သစ္စာဖောက်ဟူတန်းဂိုဏ်းသားသည် ပြတင်းပေါင်ပေါ်၌ ခုန်နေခိုက် နောက်မှလေတိုးသံကြားသဖြင့် သူ့ဓားဖြင့်ရိုက်ထုတ်ရန်



ကြိုးစားသေးသည်။

သို့သော် ပြတင်းပေါင်ပေါ်၌ ရောက်နေသဖြင့် သူ့ဓားဖြင့် နောက်ပြန်ရိုက်မထုတ်နိုင်ရှာဘဲ ကျော၌ဓားစိုက်ခံသွားရသည်။

သူသည် ပြတင်းပေါက်အပြင်သို့ လိမ့်ကျသွားလေသည်။

ထက်ကျင်နှင့် ယွန်ချောချောတို့သည် ပြတင်းပေါက်အနီးသို့ ပြေးလာကြသည်။ သစ္စာဖောက်သေ,မသေကြည့်ရန် ပြေးလာခြင်းဖြစ်သည်။

သို့သော် သစ္စာဖောက်ကား အသက်ပြင်းလှ၏။

နောက်ကျော၌ မြွေခေါင်းဓားကြီးစိုက်လျက်တန်းလန်းမှ ဂေဟာကြီး၏ အနောက်ဘက်သို့ ကွေ့ပတ်ပြေးသွားသည်။ သူ့နောက်ကျော၌မှ သွေးစက်များ တန်းလန်းကျနေခဲ့၏။

ထက်ကျင်သည် နောက်မှပြေးလိုက်ရန် ဟန်ပြင်နေသည့် ယွန်ချောချော၏လက်မောင်းကို လှမ်းဆွဲသည်။

"ချောချော ... နေပါစေလေ၊ ကျောင်းစေ့ခင်အတွက် သူ သတင်းသွားပို့ပါလိမ့်မယ်၊ နို့မို့ရင် ငါတို့က သတင်းပို့ပေးနေရဦးမယ်"

❖ ❖ ❖

## အခန်း (၃၇)
## တောခြောက်ခြင်း

ထက်ကျင်၏လက်မောင်းမှ သွေးများ ယိုစီးကျနေလေသည်။ ထက်ကျင်သည် သူ၏အင်္ကျီလက်စရှည်တစ်ဖက်ကို ဆွဲဆုတ်လိုက်ပြီး သွေးဒဏ်ရာကို ပတ်တီးစည်းနေသည်။

ယွန်းချောချောသည် ကပျာကယာပြေးလာပြီး ထက်ကျင်အားကူညီ၍ ပတ်တီးစည်းပေးသည်။

"အစ်ကိုရယ် ... ညီမကတော့ သေဖို့တောင်ကောင်းနေပြီ၊ ညီမကြောင့်ချည်းပဲ အစ်ကို ဒုက္ခရောက်ခဲ့ရတာပဲ၊ အခုလည်း အစ်ကို ဒုက္ခရောက်ရပြန်ပြီ"

ထက်ကျင်က သက်ပြင်းချ၍ပြောသည်။

"ငါဟာ ဒါကြောင့် မိန်းမတွေနဲ့ ကင်းကင်းရှင်းရှင်းနေခဲ့တာပဲ၊ မိန်းမဆိုတဲ့အမျိုးဟာ အင်မတန် ပြောရဆိုရခက်တာပဲကိုး၊ အခုမှတော့ ငါလည်း နောက်ဆုတ်လို့မရတော့ဘူး၊ မင်းကိုပြန်ပို့နေရင်လည်း ထန်ဆက်ဘွန်ဂိုဏ်းစာ ခြေရာပျောက်တော့မယ်"



ယွန်းချောချောမှာ မျက်နှာပျက်သွားသည်။

သို့သော် ထက်ကျင်ကိုလည်း သူမအနေဖြင့် စောဒကမတက်ရဲတော့ပေ။ သူမသည် သည်တစ်ကြိမ်၌ ခွင့်လွှတ်ပါဟု မတောင်းပန်တော့ပေ။ ခေါင်းငုံ့လျက် ငြိမ်သက်စွာ ရပ်နေတော့သည်။

"ကဲ ... ဆန်ဆီနယ်စားကြီးရဲ့ သမီးတော်ကလေး ... ဒီတစ်ကြိမ်မှာတော့ ကျုပ်ရဲ့တောင်းပန်ချက်ကို နာခံပါဦးခင်ဗျာ၊ စောစောက တံခါးပေါက်မှာ သွားစောင့်ပေးပါ၊ ဝင်လာမယ့်ရန်သူတွေကို မျက်ခြည်မပြတ် အကဲခတ်ပါ"

ထက်ကျင် ငေါ့ပြောနေမှန်းသိသော်လည်း ယွန်းချောချောသည် သူ့အပြစ်နှင့်သူဖြစ်၍ မည်သို့မျှပြန်မပြောရဲပေ။

ထက်ကျင်ညွှန်ပြသည့် ပြတင်းပေါက်၌ သွားရပ်နေရသည်။

ထက်ကျင်သည် ခန်းမကြီး၏ပတ်လည်ကို အကဲခတ်နေရင်းမှ ယွန်းချောချောအား အဘယ်ကြောင့် ပြတင်းပေါက်၌ရပ်ခိုင်းရခြင်းဖြစ်ကြောင်းကို ရှင်းပြနေသည်။

"ဒီဂေဟာဟာ ထန်ဆက်ဘွန်ဂိုဏ်းအတွက် အရေးပါတဲ့အခန်းဖြစ်တယ်ဆိုတာကို အခုသိရပြီ၊ ကျောင်းစေ့ခင်ဆိုတာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ မြောက်ပိုင်းတာဝန်ခံဆိုတာ သိရတဲ့အတွက် ငါတို့ဟာ ခေါင်းပိုင်းနဲ့ အတော်ကလေးနီးကပ်လာပြီလို့ ကောက်ချက်ချနိုင်တယ်၊ သူတို့ ဒီမှာ ပတ်တီးစည်းနေတုန်း အဲဒီပြတင်းပေါက်က ရန်

သူထပ်မဝင်လာနိုင်ဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး၊ ဒါကြောင့် မင်းကို ကင်းသဘောမျိုး စောင့်နိုင်းထားတာ"

ယွန်ချောချောသည် သူမအနေဖြင့် အကြိမ်ကြိမ်မှားယွင်းခဲ့ပြီးပြီဖြစ်၍ ဓားကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ကာ ရန်သူများကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်လေတော့သည်။

ထက်ကျင်၏အသံ ထပ်မံပေါ်လာပြန်သည်။

"သတိထား၊ မင်းရဲ့တစ်ကိုယ်လုံး အဲဒီပြတင်းပေါက်မှာရပ်ပြီး ရန်သူတွေမြင်အောင် တမင်အလှပြနေတာလား"

ယွန်ချောချော မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွားလေသည်။

"ညီမ ... ညီမ ... ညီမ ..."

"ဘာမှပြောမနေနဲ့ ... မင်းရဲ့ခန္ဓာကိုယ်ကို နံရံမှာကွယ်ထားပြီး စောင့်ကြည့်မှ မင်းက ရန်သူကိုမြင်ပြီး ရန်သူက မင်းကို မမြင်မှာပေါ့၊ စောစောက မင်းရပ်နေတဲ့ပုံစံအတိုင်းဆိုရင် ငါ့အနေနဲ့ မင်းအလောင်းကို မင်းအဖေ နယ်စားကြီးဆီ ပြန်ယူသွားရမယ့် အခြေအနေမျိုး ဖြစ်နေတယ်"

ထက်ကျင်က ဆက်ပြော၏။

"အပြင်မှာ ရိပ်ခနဲတွေ့ရင် ဘာမှမေးမနေနဲ့၊ မင်းရဲ့ ဆီးနှင်းပုလဲနဲ့ နှတ်ဆက်လိုက်ပါ၊ ဒီဂေဟာဝန်းကျင်မှာ လူကောင်းတစ်





ယောက်မှ မရှိဘူး"

ထက်ကျင်သည် တံခါးမရှိရာသို့ ပြန်လျှောက်သွားပြီး တံခါးမကြီးကို ပိတ်လိုက်သည်။

ထက်ကျင်က လှမ်းအော်ပြော၏။

"ဝင်ပေါက်တွေ သိပ်များနေလို့မဖြစ်ဘူး၊ ဝင်ပေါက်တွေ အများကြီးကဝင်လာရင် ငါတို့ လုလုကြီး ဒုက္ခတွေ့နိုင်တယ်၊ မင်းကတော့ အဲဒီပြတင်းပေါက်ကိုသာ ဂရုစိုက်၊ ငါက ဒီဘက်က ပြတင်းပေါက်ကို စစ်ဆေးမယ်"

ယွန်ချောချောသည် ထက်ကျင်၏အမိန့်အတိုင်း တစ်သဝေမတိမ်း စောင့်ကြည့်နေရာ အဆောက်အအုံ၏ ဘေးတစ်ဖက်တစ်ချက်ဆီမှ လူနှစ်ယောက် နံရံကပ်လျက် တိုးလာနေကြောင်း တွေ့ရှိလိုက်ရသည်။

"အင်း ... ပညာရှိတွေးတာ ပြေးကြည့်တာထက်မှန်တယ်ဆိုတာ တကယ်ပဲကိုး၊ အစ်ကိုတွေးတာဟာ တကယ့်ကို မှန်တာပဲ၊ အခုကြည့်စမ်း ... ထန်ဆက်ဘွန်ဂိုဏ်းက လက်ပါးစေတွေ ဟိုကပ်ဒီကပ်နဲ့ ခိုးကြောင်ခိုးဝှက် လာနေကြပြီ"

ယွန်ချောချောသည် အတန်ငယ်ဝေးနေသဖြင့် ဆီးနှင်းပုလဲနှင့် ပစ်ခတ်ခြင်းမပြုသေးပေ။ အနီးသို့ရောက်လာအောင် စောင့်ကြည့်နေသည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ထန်ဆက်ဘွန်ဂိုဏ်းသားနှစ်ဦးသည် အဆောက်အအုံကြီး၏ အရှေ့ဘက်မှ လူတစ်ယောက်၊ အနောက်ဘက်မှ လူတစ်ယောက် ... နှစ်ယောက်ခွဲ၍ တဖြည်းဖြည်း ချဉ်းကပ်လာကြ၏။

သူတို့လက်ထဲတွင် ဓားမြှောင်များ သုံးလေးချောင်းစီ ကိုင်ထားသည်။

"ဟင်း ... ဒီကောင်တွေက ငါတို့ကို အရူးအောက်မေ့နေတယ်၊ ဓားမြှောင်တွေ သုံးလေးချောင်း ကိုင်ထားမှတော့ အဆိပ်လက်နက်ပုန်းတွေ ပါမလာဘဲ ဘယ်ရှိပါ့မလဲ၊ လာကြပါစေ ... အနားရောက်တော့မှ ဆီးနှင်းပုလဲအကြောင်း ကောင်းကောင်းကြီး သိသွားရစေမယ်"

ထက်ကျင်သည် ယွန်ချောချောတစ်ယောက် အထူးဂရုတစိုက်နေသည်ကို လှမ်းမြင်သဖြင့် အသံခပ်အုပ်အုပ်ဖြင့် လှမ်းမေးလိုက်သည်။

"ချောချော ... ရန်သူတွေ လာနေပြီလား"

"လာနေပြီ ... နှစ်ယောက်ခွဲလာနေတယ်"

"ညှာမနေနဲ့ ... အပြတ်ရှင်းပစ်လိုက်"

"စိတ်ချပါ ... ညီမလေး မညှာတော့ပါဘူး"

စင်စစ် ... ယွန်ချောချောအနေဖြင့် မလိမ်မိုးမလိမ်မှာ မိုက်မဲ



ခဲ့သည့်အချက်မှာ မြေခေါင်းဓားရှင်အား အပြတ်မရှင်းဘဲ နှဲ့ဆိုးဆိုးခဲ့သည့် တစ်ချက်သာရှိသည်။ လမ်းခုလတ်၌ အဘွားအိုဟန်ရုပ်ဖျက်ပြီး လုပ်ကြံခြင်း၊ မဟူရာမြစ်အတွင်းမှ တစ္ဆေနှစ်ကောင်တို့ လုပ်ကြံခြင်းတို့မှာမူ ယွန်ချောချောကဲ့သို့ သိုင်းလောကအတွေ့အကြုံ နုနယ်သူများအဖို့ ထွင်းဖောက်သိမြင်ရန် ခက်ခဲလှသည့် ကိစ္စရပ်များဖြစ်သည်။

ယွန်ချောချောသည် ထိုကိစ္စများကို ပြန်လှန်တွေးတောမိသောအခါ ထန်ဆက်ဘွန်ဂိုဏ်းကို စိတ်နာသည်ထက်နာလာပြီး လာသမျှလူအားလုံးကို သတ်ဖြတ်မည်ဟု စိတ်ဆုံးဖြတ်တော့သည်။

"လာကြပါစေ ... အကုန်သတ်မယ်"

ယွန်ချောချော ခပ်တိုးတိုးရေရွတ်သည်ကို နားပါးလှသော ထက်ကျင်က ကြား၏။ ထို့ကြောင့် ပြုံးလိုက်မိသည်။

ဤမိန်းကလေးသည် သိုင်းပညာရော သတ္တိပါ မဆိုးလှ။ သူနှင့်အတူ သိုင်းလောကအတွင်း ငါးနှစ်မျှ ကျင်လည်ခွင့်ရသွားလျှင် ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်နိုင်ကြောင်း တွေးတော့သည်။ ထိုစဉ် ယွန်ချောချော လက်တစ်ဖက် လက်ခနဲလှုပ်ရှားသွားသည်ကို တွေ့လိုက်ရသည်။ တစ်ပြိုင်တည်းလိုလိုမှာပင် အားခနဲအော်သံ ကြားလိုက်ရသည်။

'ဗိုး ...'

'ဒုတ် ...'

ခါးမြှောင်တိုတစ်ချောင်းသည် ပြတင်းပေါက်မှ ခန်းမကြီးထဲသို့ ပျံဝဲဝင်လာပြီး နံရံ၌သွားစိုက်သည်။ သူမ၏လက်တစ်ဖက် လွှပ်ရှားသွားပြန်ကာ အားခနဲအော်သံ ကြားလိုက်ရပြန်သည်။

ထက်ကျင်သည် မြင်ပမှအဖြစ်အပျက်များကို မကြည့်ဘဲနှင့် မှန်ကန်စွာ တွေးကြည့်နိုင်သည်။ ယွန်ချောချောသည် အရှေ့ဘက်မှ ရန်သူတစ်ယောက်ကို သူမ၏ ဆီးနှင်းပုလဲဖြင့် ပစ်ခတ်သုတ်သင်မည်။ အနောက်ဘက်မှ ရန်သူသည် သူ့လူလုပ်ကြံခံရကြောင်းသိသည်နှင့် ခါးမြှောင်နှင့် ပစ်ခတ်မည်။ ထိုအခါ ယွန်ချောချောက ဆီးနှင်းပုလဲဖြင့် လက်စတုံးရှင်းလင်းဖစ်မည်။

"ချောချော ... အခြေအနေ ရှင်းသွားပြီလား"

ယွန်ချောချောသည် ထက်ကျင်တွေးဆထားသည့်အတိုင်း ရှင်းလင်းပြောပြသည်။

"အစ်ကို သတ္တဝါနှစ်ကောင်စလုံး ကိစ္စချောသွားပါပြီ"

"ကျောင်းစေ့ခင် ပါလာသေးသလား"

"အရိပ်အယောင်တောင် မမြင်ရဘူး"

"ဒါဖြင့် သူက တပည့်တွေကို အရင်သေခိုင်းလိုက်တာပေါ့"

"ဒီသဘောပဲ အစ်ကို၊ သူတို့တိုက်ခိုက်ပုံက ပြောင်းပြန်ဖြစ်နေတယ်"



"ဘယ်လိုပြောင်းပြန်ဖြစ်တာလဲ"

"ညီမလေးတို့က အိမ်ရှင်ဖြစ်နေတယ်၊ သူတို့က ဧည့်သည်ဖြစ်နေတယ်၊ ညီမလေးတို့ ဒီဂေဟာကြီးကို ချဉ်းကပ်တုန်းက သူတို့ယောက်တောင် ခိုးကြောင်ခိုးဝှက်ပုံစံမျိုးနဲ့ မချဉ်းကပ်ခဲ့ဘူး"

ထက်ကျင်သည် အတန်ကြာစဉ်းစားနေ၏။ ပြီးမှ လေသံခေါ်ဒုပ်အုပ်ဖြင့် ရှင်းလင်းပြသည်။

"ဒီသတ္တဝါကြီးဟာ တစ်ခုခုတော့ ကြံစည်နေပုံရတယ်၊ တစ်ခုစဉ်းစားကြည့် ... ဒီစခန်းဟာ သူတို့ရဲ့ အဓိကအခြေစိုက်စခန်း ဖြစ်နိုင်သလားလို့၊ ငါတော့ စဉ်းစားလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့အင်အားက အင်မတန်နည်းလွန်းလို့ပါ"

"အစ်ကို ... ညီမလေး တစ်ခုပြောပါရစေ"

"ပြော ..."

"သူတို့ရဲ့အင်အားတွေကို လျှို့ဝှက်ထားရင်ကော ညာဏ်နီညာဏ်နက် ထုတ်ထားရင်ကော"

"အေး ... မှန်တယ်၊ ဒီအချက်ကိုသိချင်တယ်၊ ဒါပေမဲ့ ကျောင်းစေ့ခင် ပျောက်နေတယ်၊ ပုန်းကွယ်နေတဲ့ အင်အားတွေကိုလည်း ထပ်မတွေ့ရဘူး၊ ဒီတော့ ဘာလုပ်မလဲ၊ တောခြောက်ရမယ်၊ တောခြောက်မှ သားကောင်တွေထွက်လာမယ်၊ ကျောင်းစေ့ခင်ထွက်မလာရင် ငါတို့လာတဲ့ရည်ရွယ်ချက် အလကားဖြစ်တာပဲ"

"အစ်ကို ဘယ်လိုတောခြောက်မှာလဲ"

"လာခဲ့ ... ငါပြမယ်"

"ပြတင်းပေါက်ကို စောင့်မကြည့်ရတော့ဘူးလား"

"မကြည့်နဲ့တော့၊ ဒီတစ်ခါ တစ်ပြုံလုံး တွေ့ချင်တွေ့ရမယ်"

ထက်ကျင်သည် သူ့အိတ်ထဲမှ အထုပ်ကလေးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။

ထို့နောက် သစ်သားများ၊ ဝါးများ၊ ယင်းလိပ်များ၊ အဝတ်စများ၊ ခန်းဆီးများရှိသည့် နေရာတိုင်း၌ အထုပ်ထဲမှ အဝါရောင်မှုန့်ကလေးများကို လျှောက်ဖြူးတော့သည်။

"အစ်ကို ... ဘာမှုန့်တွေလဲ"

ထက်ကျင်က ပြန်မဖြေ။ ဖြေရန်လည်း မလိုပေ။

သူမအား ပြန်ဖြေနေပါက သူ့အလုပ်များ နှောင့်နှေးကုန်ပေလိမ့်မည်။

သူမသည် ပြတင်းပေါက်ဆီသို့ ပြေးကြည့်၏။

လူရိပ်လူယောင် တွေ့လိုတွေ့ငြား ပြေးကြည့်ခြင်းဖြစ်ပေသည်။ သို့သော် လူမပြောနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင် မရှိချေ။

ထက်ကျင်အနီးသို့ သူမ ပြန်ရောက်လာသောအခါတွင် ထက်ကျင်၏လုပ်ငန်း ပြီးဆုံးနေလေပြီ။ သူသည် သူမ၏လက်မောင်း



ကို ဆွဲထုတ်လာသည်။

"အစ်ကို ဘယ်သွားမလို့လဲ"

"လာစမ်းပါ"

ထက်ကျင်သည် အခြားပြတင်းပေါက်တစ်ဖက်သို့ ခုန်ကျော်ကင်းလိုက်သည်။ သူမကိုလည်း အကာအကွယ်ယူထားရန် သတိပေးသည်။

ထို့နောက် အိတ်ထဲမှမီးခြစ်ထုတ်ကာ မီးခြစ်ပြီး အဝါရောင်အမှုန့်လေးများအပေါ်သို့ မီးခြစ်ဆံကို လှမ်းပစ်လိုက်သည်။

"ချောချော ... ငါတို့ သင့်တဲ့နေရာမှာ ပုန်းရမယ်၊ သူတို့အရေးတကြီး မီးလောင်တဲ့အခါမှာ ကျောင်းစေ့ခင် မပါဘဲနဲ့မနေဘူး"

"အစ်ကိုက အိမ်ကြီးကိုမီးရှို့မလို့လား"

ထက်ကျင်က တောက်လောင်စပြုနေပြီဖြစ်သော မီးတောက်များကို လက်ညှိုးထိုးပြပြီး ...

"မီးရှို့မလို့လား လုပ်မနေနဲ့ ဟိုမှာကြည့်စမ်း ... မီးလောင်နေပြီ၊ ထန်ဆက်ဘွန်ဂိုဏ်းက ရှာလို့ဖွေလို့ရတဲ့ငွေဟာ သွေးညှီနံ့တွေ လွှမ်းနေတယ်၊ ဒီအဆောက်အအုံကို ကျောင်းစေ့ခင်ဟာ မသန့်ရှင်းတဲ့ငွေတွေနဲ့ ပြန်ဝယ်ထားတာပဲဖြစ်တယ်၊ ဒီတော့ ဒီအိမ်ကြီးသန့်ရှင်းသွားအောင် လုပ်ပေးရမယ်၊ နောက်တစ်ခုက ထန်ဆက်ဘွန်ဂိုဏ်းက

သူတို့စကားနားမထောင်တဲ့လူတွေရဲ့အိမ်ကို မီးရှို့တတ်သေးတယ်၊ သူများတကာတွေ မီးရှို့ခံရတဲ့အခါ ဘယ်လိုခံစားကြရတယ်ဆိုတဲ့ အသိလေးကို သူတို့ခံစားတတ်အောင် ငါက သင်ခန်းစာပေးရမယ်"

"အစ်ကိုစိတ်ထင်ကိုး၊ သူတို့ဆီမှာ ဒီလိုဂေဟာမျိုးတွ အများကြီးဝယ်နိုင်တဲ့ ငွေကြေးတွေ တောင်ပုံယာပုံ ရှိနေတာပဲ၊ အစ်ကို ဒီတစ်အိမ်လောက် မီးရှို့တာလောက်တော့ သူတို့ဘယ်မှုလိမ့်မလဲ"

"ဟား .. ဟား .. ဟား .. စောင့်ကြည့်စမ်းပါဦး၊ ခံနိုင်ရည်ဆိုတာ အတိုင်းအတာရှိပါတယ် ညီမရဲ့၊ အိမ်တစ်လုံးမီးလောင်ခံရလို့ မတုန်လှုပ်ဘူးဆိုတဲ့လူ, အိမ်နှစ်လုံး မီးလောင်လို့ မတုန်လှုပ်ဘူးဆိုတဲ့လူဟာ အိမ်ဆယ်လုံးလောက် မီးလောင်ခံလိုက်ရတဲ့အခါမှာတော့ ခြေတုန်လက်တုန်ဖြစ်လာမှာ သေချာပါတယ်၊ သူတို့ ဘယ်အတိုင်းအတာအထိ ခံနိုင်ရည်ရှိမယ်ဆိုတာ စောင့်ကြည့်ရမှာပေါ့"

"ဒါဖြင့် သူတို့ ထန်ဆက်ဘွန်ဂိုဏ်းနဲ့ ဆိုင်သမျှအိမ်တွေ အကုန်လုံး မီးရှို့ပစ်တော့မယ် ဆိုတာပေါ့"

"ရှို့တန်ရှို့ရမှာပဲ၊ လောလောဆယ် ကျောင်းဇေခင်ကို စောင့်ကြည့်ရမယ်"

ထက်ကျင်ဖြူးခဲ့သည့် အဝါရောင်ဆေးမှုန့်များသည် မည်သည့်ဆေးမှုန့်များဖြစ်သည်ကို ယွန်ချောချော မသိပါ။ သူတို့စကားပြောနေချိန်အတွင်း၌ မီးဟုန်းဟုန်းတောက်လောင်နေသည်ကတော့



အမှန်ပင်ဖြစ်ပါတော့သည်။

"မီးလောင်နေပြီ ..."

"မီးလောင်နေပြီ ..."

"မီးငြိမ်းကြဟေ့"

"မီးသတ်ကြ"

ဆူဆူညံညံအော်ဟစ်သံများသည် အဆောက်အအုံကြီးဘေးပတ်လည်မှ ထွက်ပေါ်လာ၏။ အုတ်နံ့ရံဝင်းတံခါး လေးဘက်လေးတန်စလုံး ပွင့်သွားပြီး အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် သိုင်းသမားများ ရေပုံးကိုယ်စီဆွဲ၍ ပြေးလာကြ၏။

"ဟေ့ ... ဘယ်သူမှ မီးမသတ်ကြနဲ့ ကိုယ့်နေရာကိုယ် ဝပ်နေကြ၊ ဒီခွေးမသားဟာ မီးလောင်နေတဲ့ အိမ်ကြီးထဲက ခုန်ချထွက်လာရမယ်၊ ထွက်လာရင် မညှာကြနဲ့ အသေသာဖမ်းကြ"

ဤကား ကျောင်းဇေခင်၏ အသံတည်း။ ထက်ကျင်၏ အတွေးအခေါ် မှန်သွားပြန်လေပြီ။

ထက်ကျင်က ခပ်တိုးတိုးပြောလေ၏။

"တွေ့လား ... တောခြောက်လိုက်တာနဲ့ သားကောင်ထွက်လာပြီ၊ တောကောင်က ရိုးရိုးတောကောင်မဟုတ်ဘူး၊ ကိုယ့်ကို ဒုက္ခပေးနိုင်တဲ့ သားကောင်ဖြစ်တယ်၊ ငါတို့အနေနဲ့ ဒီသတ္တဝါတွေရဲ့အသက်ကို လုံးဝသတ်သင့်နေပြီ"

ထိုအချိန်တွင် အိမ်ကြီးတစ်အိမ်လုံး မီးတဟုန်းဟုန်း ထတောက်နေလေပြီ။

"အစ်ကို ... ကျောင်းစေ့ခင်ရဲ့အသံပဲ ကြားရတယ်၊ လူကို မမြင်ရဘူး၊ ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်မှ လုပ်ဖို့မလိုဘူး။ သည်းမခံနိုင်တဲ့လူက အရင်ဆုံးထွက်လာလိမ့်မယ်၊ ကိုယ်က သည်းခံနိုင်ဖို့ပဲလိုတယ်"

"ဘယ်လောက်ကြာကြာ သည်းခံပြီးစောင့်ရမှာလဲ"

ထက်ကျင်က ခပ်တိုးတိုးပြန်မေးသည်။

"မင်းလည်း ကွမ်ဒိုက်ဒေသမှာ အတော်ကြာကြာ နေခဲ့ဖူးတာပဲ၊ အဲဒီအရပ်ဒေသမှာ နာမည်ကျော်တဲ့ နှင်းဝံပုလွေဆိုတဲ့ သတ္တဝါတွေအကြောင်း ကြားဖူးမှာပေါ့"

"ကြားဖူးတယ် ... ကြားဖူးတယ်၊ မုဆိုးတော်တော်များများဟာ အဲဒီနှင်းဝံပုလွေတွေကို ကျားထက်တောင် ကြောက်ကြသေးတယ်၊ ဒီသတ္တဝါတွေက တကယ်တော့ ကျားထက်ကြောက်စရာကောင်းလို့လား၊ နှင်းဝံပုလွေနဲ့ပတ်သက်တဲ့ ဒဏ္ဍာရီ တော်တော်များများတော့ ကြားဖူးတယ်၊ ညီမစိတ်ထဲမှာ ပြောသလောက်တော့ ဟုတ်မယ်မထင်ဘူး"

ထိုအချိန်တွင် အိမ်ကြီးကို စွဲလောင်နေသည့် မီးတောက်ကြီးမှာ အတော်ကြီး လောင်ကျွမ်းနေပြီဖြစ်၍ ပတ်ဝန်းကျင်တစ်ခု



လုံး လင်းထိန်နေသည်။

ထက်ကျင်သည် အိမ်နှင့်အဝေးဆုံး၌ ပေါက်ရောက်နေသော သစ်ပင်ကြီးကို အကာအကွယ်ယူထားသည်။ သို့မှသာ မီးအပူရှိန်ကို ခံနိုင်မည်မဟုတ်ပါလေ။

ထက်ကျင်က နှင်းဝံပုလွေအကြောင်း ဆက်ပြောသည်။

"ဒီနှင်းဝံပုလွေဟာ ဒဏ္ဍာရီပုံပြင်တွေ ဖြစ်လောက်အောင် ကြောက်စရာကောင်းတယ်၊ ကျားတွေလောက် အင်အားမကြီးပေမယ့် စွဲကောင်းတဲ့နေရာမှာတော့ ကျားတွေထက်သာတယ်"

"ဒါကြောင့် မုဆိုးတွေ ကြောက်ကြတာနေ့တူတယ်"

"ဒါပေါ့၊ ဒီသတ္တဝါတွေဟာ သိပ်ပြီးလျင်မြန်တယ်၊ မြန်ဆန်တယ်၊ မှတ်ဉာဏ်လည်း သိပ်ကောင်းတယ်၊ ဒါကြောင့် မုဆိုးတွေဟာ ဒီသတ္တဝါတွေနဲ့တွေ့ရင် သေကြတာများတာပဲ"

"သူတို့က လူထက်တောင် မှတ်ဉာဏ်ကောင်းနေသေးလို့လား"

"လူထက်တော့ မှတ်ဉာဏ်မကောင်းနိုင်ပါဘူး၊ ဒါပေမဲ့ လူ့ထက်တော့ စွဲကောင်းတာအမှန်ပဲ၊ သူတို့ဟာ သားကောင်တစ်ကောင်နောက်ကိုလိုက်ရင် သုံးရက်ကနေ ဆယ်ရက်လောက်အထိ သည်းခံပြီး နောက်က လိုက်လေ့ရှိတယ်၊ ဒီပြင်သားကောင်ကြီးတွေဟာ ဒီလိုစိတ်မရှည်ဘူး။ ရရင် သတ်မယ်၊ စားမယ်၊ မရရင် လွှတ်ပေး

လိုက်တာပဲ၊ နှင်းဝံပုလွေတွေကတော့ ဒီလိုမဟုတ်ဘူး ... အဲဒီသားကောင်ငယ်ကို လိုက်ပြီဆိုရင် မရမချင်းလိုက်တာပဲ၊ သိပ်စိတ်ရှည်တယ်၊ သိပ်ခွဲကောင်းတယ်၊ ရွှေပျံလွှားဟာ နှင်းဝံပုလွေတွေဆီက အဲဒီစံနမူနာကို အမြဲတမ်းနှလုံးသွင်းမှတ်ထားတယ်"

"အစ်ကို ... ဒီသတ္တဝါတွေက အုပ်စုလိုက်နေတာ မဟုတ်လား၊ အုပ်စုလိုက် သားကောင်လိုက်ကြတာ မဟုတ်လား"

ထက်ကျင်သည် ယွန်ချောချောအား ပြန်မဖြေမီ မီးလောင်နေသည့် ဂေဟာပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိသည်။

တစ်ဦးတစ်ယောက်မျှ မီးသတ်ကြခြင်းမရှိပေ။ နှစ်ပေါင်းများစွာ မားမားမတ်မတ် တည်တံ့လာခဲ့သော အဆောက်အအုံကြီးတစ်ခု ဤသို့မီးလောင်သွားခြင်းမှာ လွန်စွာနှမြောဖွယ်ကောင်းပေသည်။

ထက်ကျင်က ဆက်၍ရှင်းပြ၏။

"ဒီနှင်းဝံပုလွေတွေဟာ အများအားဖြင့် အုပ်စုလိုက်နေကြတယ်၊ မိုးရာသီရောက်ရင် အုပ်စုနဲ့မနေတော့ဘူး၊ အထီးနဲ့အမ စုံတွဲခွဲနေကြတယ်၊ ဝံပုလွေမ ကိုယ်ဝန်ရှိပြီး သားပေါက်တဲ့အချိန်အထိ အဲဒီမိသားစုဟာ သီးခြားပဲနေတယ်၊ သီးခြားပဲ အမဲလိုက်တယ်၊ ဝံပုလွေသားပေါက်ကလေး အရွယ်ရောက်ပြီး အမဲလိုက်နိုင်ပြီဆိုတဲ့အချိန်မှာ အဲဒီဝံပုလွေမိသားစုဟာ ဝံပုလွေအုပ်ကြီးထဲ ပြန်ဝင်တယ်"



"အစ်ကိုက ဒီသတ္တဝါတွေအကြောင်း အတော်သိနေတယ်နော်၊ သေသေချာချာကို လေ့လာထားတယ်နဲ့ တူပါတယ်"

"လေ့လာထားတာပေါ့၊ ကွမ်ဒိုက်ဟာ ငါ့ဆရာတီပဲ၊ ငါ့ဆရာတီ အရပ်က ထူးဆန်းအံ့သြစရာ အချက်အလက်မှန်သမျှ ငါအကုန်လေ့လာထားတယ်၊ အဲဒီဗဟုသုတတွေဟာ တစ်ချိန်ချိန်မှာ ငါ့အသက်ကို ပြန်ကယ်ခဲ့တာပဲ"

"ဟုတ်ကဲ့ ... ညီမလေး မှတ်ထားပါ့မယ်"

"အထူးသဖြင့် ဒီနှင်းဝံပုလွေတွေနဲ့ ပတ်သက်လာတဲ့အခါမှာ ငါက ပိုမှတ်မိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီနှင်းဝံပုလွေတစ်ကောင်ရဲ့ သားကောင်အဖြစ် ငါအလိုက်ခံခဲ့ရဖူးတာကိုး"

ယွန်ချောချောက ရင်ကလေးကိုဖိ၍ ...

"အို ... ဒါကြောင့် အစ်ကိုက သူတို့အကြောင်း ဒီလောက်သိနေတာကိုး၊ ပြောပြစမ်းပါဦး အစ်ကိုရယ် ... ညီမလေးလည်း မှတ်ရသားရတာပေါ့"

"အေး ... ကျောင်းဈေးခင်ကိုစောင့်ရင်း ပြောပြရမှာပဲ၊ မျက်လုံးကိုလည်း အသေမထားနဲ့ ပတ်ဝန်းကျင်ကိုလည်း လှည့်ပတ်ကြည့်နေပေါ့"

"ဟုတ်ကဲ့ ... ကြည့်ပါတယ်၊ အစ်ကိုသာ ပြောစရာရှိတာကို ပြောပါ"

"ငါဟာ တစ်ခါက နှင်းဖုံးနေတဲ့ ထင်းရှူးတောကြီးထဲမှာ ဖြတ်သွားရတယ်၊ အဲဒီထင်းရှူးတောဟာ ကွမ်ဒိုက်မှာ အကြီးဆုံးပဲ၊ မိုင်တစ်ရာနီးပါးလောက် ကျယ်ဝန်းတဲ့ သစ်တောကြီးဖြစ်တယ်၊ အဲဒီ သစ်တောထဲမှာ ငါဟာ ရိက္ခာကုန်ပြီး အတော်ကလေး ဒုက္ခ ရောက်ခဲ့တယ်၊ ငါ့မြင်းလည်း ပြောစရာမရှိဘူး၊ နှင်းတွေဖုံးနေတော့ သူ့မှာ ဘာစားစရာရှိတော့မလဲ"

"ဒီ နေက်ကြီး မပျောက်သေးဘူးပေါ့နော်"

"မပျောက်သေးဘူး၊ ငါ့နောက်ကို တစ်ယောက်ယောက်လိုက်နေတယ်လို့ စိတ်ထဲကထင်လို့ လှည့်ကြည့်တော့ ဘာမှလည်းမတွေ့ရဘူး၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ မကျေနပ်ဘူး၊ ဒါနဲ့ မသိမသာ သတိထားပြီး ချောင်းကြည့်တော့ နှင်းဝံပုလွေတစ်ကောင် လိုက်လာမှန်း သိရတော့တယ်"

"အစ်ကို ကြောက်သွားသလား"

"ဟာ ... ကြောက်သွားတာပေါ့"

ယွန်းချောချောသည် ထက်ကျင်ပြောပုံကိုကြည့်၍ ရယ်မိလေသည်။ ထက်ကျင်သည် သဏ္ဌာန်ရှိရုံမျှမက စိတ်ရင်းအတိုင်းလည်း ပြောတတ်သူဖြစ်ပေသည်။

"ခရီးမိုင်တော်တော်များများ သွားမိတော့မှ ငါ့မြင်းဟာ သိပ်အားမရှိတော့ဘူး၊ အဲဒီအခါမှာတော့ နှင်းဝံပုလွေဟာ ငါ့နောက်



က ပြောင်ပြောင်တင်းတင်း လိုက်လာတယ်၊ ငါ့ဆီမှာလည်း ဓားတစ်ချောင်းပဲ ပါတယ်၊ ဒီဓားနဲ့ လှမ်းပစ်သုတ်သင်လို့လည်း မမီတော့ မပစ်ရဲဘူး၊ တစ်ခုတော့ရှိတယ် ... ငါက မြင်းကိုရပ်ပြီး ဟန်နဲ့ပန်နဲ့ ခြောက်လှန့်လိုက်တော့ ဒီကောင်ထွက်ပြေးသွားတယ်၊ ဒီကောင် နောက်ကိုမတွေ့ရတော့ ဒီကောင် ထွက်ပြေးသွားပြီလို့ ထင်မိတယ်၊ ငါလာခဲ့တဲ့ခရီးကလည်း အတော်ဝေးနေပြီကိုး"

"နောက်တော့ အစ်ကို လွတ်မြောက်သွားရောလား"

"နားထောင်ဦးလေ ... ငါလည်း နှင်းဝံပုလွေရန်က လွတ်ပြီဆိုပြီး အနားယူဖို့ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ နားတယ်၊ မြင်းကုန်းနှီးတွေ ဖြုတ်လိုက်တယ်၊ မြင်းကိုလည်း လွှတ်ပေးထားလိုက်တယ်၊ ငါကတော့ ပင်ပန်းလွန်းလို့ မှေးခနဲအိပ်ပျော်သွားမိတယ်၊ ငါလည်းနိုးရော ငါ့မြင်းမရှိတော့ဘူး၊ နှင်းဝံပုလွေက ချီသွားပြီလေ"

"ဟင် ... အစ်ကို့ကို အန္တရာယ်မပေးတာ တော်သေးတာပေါ့"

"ဒီကောင်တွေက ဉာဏ်ရှိတယ်၊ လူကိုတော့ ဝိုင်းပြီဆိုမှ ဒုက္ခပေးတာ၊ အိပ်နေတဲ့နေရာလာတုန်း လူကလန့်ပြီး ဓားနဲ့ခုတ်ရင် သူ ဒုက္ခမရောက်ပါလား၊ ဒီတော့ သူ့အတွက် ဘေးရန်အကင်းဆုံးဖြစ်တဲ့ မြင်းကိုပဲ ချီတော့တာပဲ"

"ဩော် … ဒါဖြင့် သူ အစ်ကို့နောက် တကောက်ကောက် လိုက်နေတာ မြင်းကိုချိုဖို့ပေါ့၊ သူ့မှာ မြင်းကို ချိုနိုင်လောက်တဲ့အင်အားကော ရှိရဲ့လား"

"ဟာ … ရှိတာပေါ့၊ နှင်းဝံပုလွေဆိုတာ နွားပေါက်သာသာ ရှိတာ၊ သိပ်သန်တယ်၊ မြင်းကိုချိုတယ်ဆိုတာကလည်း အသေကိုက်ပြီး ဒယဉ်ဆွဲချိုတာ"

"အစ်ကို သူ့နောက် ပြန်မလိုက်ဘူးလား"

"ငါ ချက်ချင်းပြန်လိုက်တာပေါ့၊သူ ချိုပြေးတာက ကြာမှမကြာသေးတော့ ပြန်မိတယ်၊ ဒါပေမဲ့ ငါ သူ့ကို ဒုက္ခမပေးတော့ပါဘူး။ သူ မိုင်ပေါင်းများစွာ ငါ့နောက်လိုက်လာခဲ့တဲ့အတွက် သူ့ကို ခွဲဆုချီးမြှင့်တဲ့အနေနဲ့ ငါလည်း ပြန်လှည့်လာခဲ့တယ်၊ ငါ့မြင်းကြီးအတွက်တော့ ဝမ်းနည်းမိတာပေါ့လေ၊ ဒါပေမဲ့လည်း ဘာမှမတတ်နိုင်တော့ဘူး"

"အဲဒီသစ်တောထဲက အစ်ကို ဘယ်လိုလွတ်မြောက်လာခဲ့သလဲ"

"ငါ့မြင်း အသတ်ခံရတဲ့အချိန်မှာ ငါလျှောက်လှမ်းခဲ့တဲ့ခရီးက နည်းနည်းနောနောခရီးမှ မဟုတ်တော့တာ၊ သစ်တောထဲက ထွက်ခါနီးပြီလေ၊ နောက်ပိုင်းခရီးကို ခြေကျင်လျှောက်ရတာပေါ့"

ယွန်ချောချောက သက်ပြင်းကလေး ချလိုက်၏။



"နှင်းဝံပုလွေပါးစပ်ထဲက အစ်ကိုလွတ်မြောက်လာခဲ့တာ သိပ်စိတ်ဝင်စားစရာကောင်းတာပဲ၊ သူတို့ရဲ့သဘာဝကိုလည်း တစ်ခါတည်း သိလိုက်ရတာပဲ"

ထက်ကျင် ခေါင်းညိတ်ပြလိုက်ရလေ၏။

❖ ❖ ❖

## အခန်း (၃၈)

## နည်းနာပေးဝေ နှင်းဝံပုလွေ

"အဲဒီအတွေ့အကြုံဟာ ငါ့ကို ပညာတွေ အများကြီးပေးခဲ့တယ်၊ ငါဟာ ကွမ်ဒိုက်ဒေသက အင်မတန် အင်အားကြီးမားတဲ့ ရန်သူတွေနဲ့ ကျန့်ငူးနယ်က အလွန်ဆိုးသွမ်းလှတဲ့ လူဆိုးဂိုဏ်းကြီးတွေနဲ့ ရင်ဆိုင်တိုက်ခိုက်တဲ့အခါမှာ ငါဟာ နှင်းဝံပုလွေဆီက ရတဲ့ပညာနဲ့ အင်မတန် စိတ်ရှည်လက်ရှည်ထားပြီး တိုက်ခိုက်ခဲ့ရတယ်၊ အမြဲတမ်းလည်း အောင်မြင်မှုရခဲ့တယ်"

ယွန်ချောချောက ရယ်ရင်းပြော၏။

"ညီမက အစ်ကို့စိတ်ကူး၊ အစ်ကို့အကြံဉာဏ်တွေနဲ့ ရန်သူတွေကို တိုက်ခိုက်သလားမှတ်ပါတယ်၊ အစ်ကိုက တီရှွာန်တွေဆီက ရတဲ့ပညာနဲ့ ရန်သူကိုတိုက်ခိုက်တာကိုး"

ထက်ကျင်က ရုတ်တရက် ငေါက်ငမ်းလိုက်၏။

"ဘာလဲ ... မင်းက တီရှွာန်တွေရဲ့ပညာကို လှောင်ပြောင်သရော်တာလား"



ယွန်ချောချောမှာ ရုတ်တရက် ကြောင်သွားသည်။

သူမအနေဖြင့် လှောင်ပြောင်သရော်ခြင်း မဟုတ်ပါ။

ထက်ကျင်က မျက်နှာထိမျက်နှာထားဖြင့် ငေါက်ငမ်းသောအခါ မျက်နှာငယ်ကလေးနှင့် ဖြစ်သွားသည်။

"အစ်ကို ... ညီမ သရော်တာမဟုတ်ပါဘူး"

ထက်ကျင်က တည်ကြည်လေးနက်စွာ ဆက်ပြောလေသည်။

"တီရှွာန်တွေဆီက ရတဲ့ပညာဆိုပြီး အထင်မသေးပါနဲ့၊ ဒီအောက်လမ်းသိုင်းလောကတင် မဟုတ်ဘူး၊ ရှောင်လင်၊ ဟူတန်း၊ ခွန်းလွန်နဲ့ ဝါမေဆိုတဲ့ ဂိုဏ်းကြီးတွေတောင် တီရှွာန်တွေရဲ့ ထူးခြားတဲ့ အပြုအမူတွေကို အတုခိုးပြီး သိုင်းကွက်တွေ တီထွင်ကြတယ်"

"ဟုတ် ... ဟုတ်ကဲ့ ... ညီမလေးလည်း ကြားဖူးပါတယ်"

"မျောက်လက်သီးသိုင်း၊ ခွန်လက်သည်းကုတ်သိုင်း၊ မြွေတွားသိုင်းစတဲ့ သိုင်းပညာတွေဟာ တီရှွာန်တွေဆီက အတုယူခဲ့လို့ အဲဒီနာမည်တွေနဲ့ ထင်ရှားနေတာပဲ၊ ငါဟာ ငါ့ဆရာ နှင်းဝံပုလွေဆီက စိတ်ရှည်လက်ရှည် သည်းခံတတ်တဲ့ အကျင့်ကိုရခဲ့လို့ အသက်ရှည်ခွင့်ရခဲ့ပြီး ရန်သူအတော်များများကို သုတ်သင်နိုင်ခဲ့တယ်"

"ညီမလေး သိခွင့်မရှိဘူးလား အစ်ကို"

ထက်ကျင်သည် စကားပြောနေသော်လည်း မျက်လုံးများ

က ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်ဖြဲ အကဲခတ်နေသည်။

"အဲဒီအဖြစ်အပျက်ကတော့ ကျန်ရှူးနယ်ထဲမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ပါ၊ အဖြစ်က ဒီလို ..."

❖



ရွှေပျံလွှားဟူသောအမည်သည် ကွမ်ဒိုက်ဒေသနှင့် ကျန်ရှူးဒေသရှိ ဆင်းရဲသားပြည်သူလူထုအကြား၌ ကျော်ကြားမှုရှိသလောက် အောက်လမ်းဂိုဏ်း သိုင်းလောကများနှင့် ဒုစရိုက်သမားများကမူ လွန်စွာစက်ဆုပ်နေကြသည်။

ထိုဒုစရိုက်သမားများသည် ထက်ကျင်အား စက်ဆုပ်ရုံသာ စက်ဆုပ်နေကြသည်မဟုတ်။ ထက်ကျင် သေဆုံးစေရန် ထက်ကျင်အား သတ်ဖြတ်ရန် အမျိုးမျိုးကြံစည်အားထုတ်ခဲ့ကြပေ၏။

သို့သော် ဆင်းရဲသားများ၏မေတ္တာကို ခံယူရရှိခဲ့သော ရွှေပျံလွှားထက်ကျင်သည် သေဘေးအမျိုးမျိုးမှ မွတ်ကာသီကာ လွတ်မြောက်နိုင်ခဲ့ပေသည်။

ထက်ကျင်အား အလွန်တရာမုန်းတီးစက်ဆုပ်သည့် အောက်လမ်းသိုင်းတစ်ဂိုဏ်းမှာ ချန်းလွန်ဂိုဏ်းဖြစ်၏။

ထိုဂိုဏ်းသည် ပစ္စည်းလု၊ လူသတ်၊ မုဒိမ်းကျင့် စသည့်

ဆိုးယုတ်ညစ်ညမ်းသည့် အလုပ်မှန်သမျှ အကုန်လုပ်သည်။

ချန်းလွန်ဂိုဏ်း၏ ခေါင်းဆောင်မှာ ချန်လွန်ချောင်ဖြစ်သည်။

သူသည် သိုင်းပညာ အတော်ကလေးထက်မြက်သဖြင့် အချို့သော သယ်ယူပို့ဆောင်ရေး အဖွဲ့များ၏ ပစ္စည်းများကိုပင် လမ်းမှနေ၍ အော်မြင်စွာ ဖြတ်တောက်လုယက်နိုင်ခဲ့သည်။

ထိုဂိုဏ်းသည် ယုတ်မာညစ်ညမ်းမှုမှန်သမျှ အကုန်လုပ်သဖြင့် နောက်ဆုံး ထက်ကျင်နှင့် ထိပ်တိုက်တွေ့ကြရတော့၏။

ချန်းလွန်ဂိုဏ်းသည် အာမခံပို့ဆောင်ရေးအဖွဲ့တစ်ခုအား လမ်းမှဖြတ်လုတိုက်ခိုက်နေစဉ် ရွှေပျံလွှားထက်ကျင်ရောက်ရှိလာပြီး ချန်းလွန်ဂိုဏ်းအား ဝင်ရောက်တိုက်ခိုက်တော့၏။

ချန်းလွန်ဂိုဏ်းသား ကိုးယောက်တိတိ သေဆုံးခဲ့ရပြီး လက်ထောက်သိုင်းဆရာနှစ်ဦးမှာ အပြင်းအထန်ဒဏ်ရာရရှိသည်။

အာမခံအဖွဲ့လည်း သူတို့သယ်ဆောင်လာသည့် အဖိုးတန်ပစ္စည်းများကို ဘေးကင်းရန်ကင်း သယ်ဆောင်သွားနိုင်ခဲ့၏။

"တောက် ... ဒီပျံလွှားဆိုတဲ့ကောင်က ဘာကောင်လဲ၊ သူလုပ်သမျှ ငါတို့က ဒီလိုပဲ ခေါင်းငုံ့နေကြရတော့မှာလား"

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး တက်တခေါက်ခေါက်ဖြင့် မကျေမနပ်ပြောဆိုနေသူမှာ ချန်းလွန်ဂိုဏ်းခေါင်းဆောင် ချန်လွန်ချောင်ပင် ဖြစ်တော့သည်။



အခန်းထဲ၌ ထက်ကျင်ကြောင့် ဒဏ်ရာရလာသည့် လက်ထောက်ခေါင်းဆောင်နှစ်ယောက်နှင့် လုံးဝဒဏ်ရာမရသော လက်ထောက်ခေါင်းဆောင်တစ်ယောက်တို့ ခေါင်းငုံ့နားထောင်နေကြလေ၏။

လက်ထောက်ခေါင်းဆောင်များသည် ထိုနေ့ကတိုက်ပွဲ အဖြစ်အပျက်များကို ရှင်းလင်းပြောပြကြသည်။

ရွှေပျံလွှားထက်ကျင်၏ အံ့ဖွယ်သရဲ ထက်မြက်လှသော သိုင်းပညာအဆင့်အတန်းကိုလည်း မခြွင်းမချန် တင်ပြကြသည်။

"ဒီပညာကို ဘေးဖယ်ထားစမ်းပါ၊ အောက်လမ်းသိုင်းလောကဟာ သိုင်းပညာတစ်ခုတည်းကို အမီအရ အသုံးပြုနေတာ မဟုတ်ပါဘူး၊ သိုင်းပညာမှာ ထိပ်တန်းရောက်နေပေမယ့်လို့ အောက်လမ်းသိုင်းလောကသားတွေကြောင့် သေသွားကြရတဲ့ သိုင်းအကျော်အမော်တွေ အများကြီးပါ၊ ရွှေပျံလွှားအတွက် ထောင်ချောက်တစ်ခုဆင်နိုင်ရင် ပြီးတာပဲ၊ ပျံလွှားမထွက်နိုင်တဲ့ ထောင်ချောက်ကောင်းကောင်းတစ်ခုပဲ လိုမယ်"

လက်ထောက်ခေါင်းဆောင်သုံးယောက်စလုံးက ခေါင်းတညိတ်ညိတ် ထောက်ခံကြ၏။

"ဆရာကြီးရဲ့ အကြံအစည် ကောင်းပါတယ်၊ ဘယ်လိုထောင်ချောက် လုပ်ရမလဲဆိုတာကိုသာ အမိန့်ပေးပါ ဆရာကြီး"

"တစ်အချက် ... ဒီကောင် ဘယ်မှာခိုအောင်းနေတယ်ဆိုတာ စုံစမ်းရမယ်၊ နှစ်အချက် ... ဒီကောင် ခိုအောင်းသွားပြီဆိုတဲ့နောက် အိမ်ဆိုရင်လည်း အိမ်အပြင်မှာ၊ ဂူဆိုရင်လည်း ဂူအပြင်မှာ ဝိုက်ကွန်ဖြစ်ဖြစ်၊ မြေတွင်းတူးလို့ပဲဖြစ်ဖြစ် တစ်ခုခု ထောင်ချောက်လုပ်ထားရမယ်၊ ဒီလိုမှမဟုတ်ရင်လည်း သူတစ်ယောက်တည်းကို အင်နဲ့အားနဲ့ ဝိုင်းတိုက်ရမယ်၊ ငါတို့ဘက်က အကျအဆုံးများကောင်းများမယ်၊ ဒါပေမဲ့ တင်နေတဲ့သွေးကြွေးကိုတော့ သွေးနဲ့ပြန်ဆပ်ရမှာပဲ"

ဒဏ်ရာလုံးဝမရသည့် လက်ထောက်ခေါင်းဆောင်က ထရပ်ပြီး ဦးညွတ်ဂါရဝပြုသည်။

"ဆရာကြီး ... သူခိုအောင်းတဲ့နေရာကို ကျွန်တော် ကောင်းကောင်းကြီးသိပါတယ်၊ ဆရာကြီးရဲ့အစီအမံနဲ့ သွားတိုက်ကြရုံပဲ"

ချန်လွန်ချောင်က လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ...

"ဒါဆိုရင် ပြီးတာပဲ ... အားလုံး အဆိပ်လက်နက်တွေ ဆောင်ထားရမယ်၊ ဒီကောင့်ကို တိုက်ခိုက်တဲ့နေရာမှာ အဆိပ်မကူလို့ မရဘူး၊ ဒီကောင်က ဘယ်မှာခိုအောင်းတာလဲ"

"ကျန်ဝူးနယ်ရဲ့ မြောက်ဘက်အစွန်မှာရှိတဲ့ ရွှေတောင်ကြားဂူထဲမှာပါ"



"ဒါဖြင့်ရင် ဒီဂူကို သွားဝိုင်းရုံပဲ၊ ဂူကိုမီးတိုက်ရင် ဖြစ်နိုင်မလား"

"မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်၊ ဂူကြီးက ကြီးလွန်းတော့ ကြွက်မနိုင် ကျီမီးနဲ့ရှို့ဆိုတာမျိုး ဖြစ်သွားမှာစိုးရပါတယ်၊ လောင်စာလုံလောက်အောင်ကိုပဲ မနည်းရှာရမလို ဖြစ်နေပါတယ်"

"ကောင်းပြီ ... ငါတို့သွားဝိုင်းမယ်"

ချန်လွန်ချောင်သည် သွားရောက်ဝိုင်းမည့် လူဦးရေ၊ ယူဆောင်ရမည့် လက်နက် စသည်တို့ကို ညွှန်ကြားအမိန့်ပေးတော့သည်။

"နောက်တစ်နေ့မနက်ကျရင် အားလုံးအဆင်သင့်ဖြစ်ပါစေ၊ ငါဦးဆောင်ပြီး ထက်ကျင်ကို သုတ်သင်မယ်"

ချန်းလွန်ဂိုဏ်း၏ အစည်းအဝေးသည် ဤတွင် နိဋ္ဌိတံသွားလေ၏။

❖

လက်ထောက်ခေါင်းဆောင် ချောင်လင်းသည် အမြော်အမြင်ရှိသည်။

သူတို့တပ်ထောင်တာဗိုလ်ထုနှင့် လူစုမဝိုင်းမီကပင် အထောက်တော်တစ်ယောက်အား ...

ရွှေတောင်ကြားအဝင်ဝသို့ မြင်နိုင်သည့်နေရာ၌ ကင်းသဘောမျိုး စေလွှတ်စောင့်ဆိုင်းစေခဲ့သည်။

ဆရာကြီးချန်လွန်ချောင်နှင့် သိုင်းသမားနှစ်ဆယ့်ငါးယောက်ကို ရွှေတောင်ကြားဂူပေါက်ဝဆီသို့ ခြေသံလုံလုံနှင့် ချီတက်လာကြသောအချိန်တွင် ချောင်လင်းစေလွှတ်ထားသည့် ကင်းသမားသည် ဂူထဲသို့ ရွှေပျံလွှားဝင်ရောက်သွားခဲ့ပြီဖြစ်ကြောင်း ကြိုတင်အစီရင်ခံနိုင်ခဲ့သည်။

ချန်လွန်ချောင်သည် ချောင်လင်း၏အစီအမံကို သဘောကျသွား၏။



"မင်းတော်တယ်၊ ငါတောင် ဒီအချက်ကို သတိမထားမိဘူး။ တို့ရဲ့သားကောင် ဂူထဲမှာမရှိဘဲ ငါတို့ အပြင်ကဝိုင်းလို့ ဘာအကျိုးရှိမှာလဲ"

ချန်လွန်ချောင်သည် ဂူပေါက်ဝကို စစ်ဆေးသည်။ ဂူပေါက်ဝသို့သွားသောလမ်းသည် ကျဉ်းမြောင်းလှ၏။ အလွန်ဆုံး နှစ်ဦးသာ ရင်ပေါင်တန်းသွားနိုင်သည်။ ရွှေပျံလွှားရှိရာဂူထဲသို့ ဝင်တိုက်ရန်ကိစ္စမှာ မဖြစ်နိုင်ကြောင်း ချန်လွန်ချောင် ရိပ်မိလာသည်။

"အင်း ... ငါလူတွေကို ဒီလမ်းအတိုင်းလွှတ်ပြီး ရွှေပျံလွှားဆီလွှတ်လိုက်တော့ သေရွာသွားခိုင်းတာနဲ့ အတူတူပဲဖြစ်မှာပဲ"

သူသည် စိတ်ထဲ၌ ကျိတ်ပြောပြီး ရွှေပျံလွှားထက်ကျင် ဂူအပြင်သို့ထွက်လာမှ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်တော့သည်။

ထိုဆုံးဖြတ်ချက်အရ သူ့တပည့်များအား နေရာချထားပေးတော့သည်။ လက်နက်မျိုးစုံ ကိုင်ဆောင်ထားသည့် သူ့လူများ၏လက်တွင်းမှ ရွှေပျံလွှားဟူသောသိုင်းသမား မည်သည့်နည်းနှင့်မျှ မလွတ်နိုင်တော့ဟု ချန်လွန်ချောင် စိတ်ချယုံကြည်သွားသည်။

ချန်လွန်ချောင်သည် အစစအရာရာ စီမံပြီးသောအခါ ကြီးမားသော သစ်ပင်ကြီးတစ်ပင်၏အကွယ်၌ ချောင်လင်းနှင့်အတူ ထိုင်သည်။

"ချောင်လင်း ... ဒီပျံလွှားစုတ်တော့ ဒီတစ်ကြိမ် ငါတို့ဝိုက်

ကွန်ထဲက ဘယ်လိုမှ မလွန်နိုင်တော့ဘူး”

ချောင်လင်းက ဦးညွှတ်ဂါရဝပြုပြီး ရိုသေစွာပြန်ပြောသည်။

“ဆရာကြီးအစီအမံ သိပ်ကောင်းပါတယ်၊ ရွှေပျံလွှား လုံးဝ မလွတ်နိုင်တော့ပါဘူး။ သူထွက်လာရင် သူ့သေတွင်းသူတူးသလို ဖြစ်သွားမှာပါ”

သို့သော် ချန်လွန်ချောင်သည် ညနေဆည်းဆာချိန်သို့ ရောက်သောအခါ အားရကျေနပ်စွာ ပြုံးမနေနိုင်အားတော့ပါ။ အဘယ်ကြောင့်ဆိုသော် မှောင်စပျိုးချိန်အထိ ဂူထဲမှ မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ရသောကြောင့် ဖြစ်ပါသည်။

“ချောင်လင်း ... ပျံလွှားစုတ် ဒီထဲမှ ရှိမှရှိပါ့မလား”

“ရှိပါတယ် ဆရာကြီး၊ အဲဒီလို မသေမချာဖြစ်မှာစိုးလို့ ကင်းသမားတစ်ယောက်ကို ကြိုလွှတ်ပြီး စောင့်ကြည့်ခိုင်းခဲ့တာပါ၊ တစ်ခုတော့ရှိတယ်၊ ရွှေပျံလွှားဟာ သိပ်လျင်ပါတယ်၊ ကျွန်တော်တို့ အပြင်ကပိုင်းထားတာကို ရိပ်မိသွားပြီလား မဆိုနိုင်ပါဘူး”

ချန်လွန်ချောင်သည် ခေါင်းတဆတ်ဆတ်ညိတ်လေ၏။

“အင်း ... ဒါလည်းဖြစ်နိုင်တာပဲ၊ အို ... ဘာပဲဖြစ်ဖြစ် ဒီကောင် ဒီဂူထဲမှာ ဘယ်လောက်ကြာကြာ ပုန်းနေနိုင်မှာလဲ၊ ငါတို့စောင့်မယ်၊ ဒီကောင့်ကို အသေသတ်ပြီးမှ ပြန်မယ်”

ချန်လွန်ချောင်သည် ဤသို့ကြိမ်းဝါးသည့် အချိန်မှစ၍



နောက်ထပ်သုံးညတိတိ စိတ်ပျက်လက်ပျက် စောင့်ဆိုင်းခဲ့ရသည်။

သို့တိုင် ရွှေပျံလွှားကတော့ ထွက်မလာခဲ့ပါချေ။

“ချောင်လင်း ... မဟုတ်တော့ဘူးနဲ့တူတယ်၊ ဒီပုံစံအတိုင်းဆိုရင် ရွှေပျံလွှားဟာ ဒီဂူထဲမှာ ရှိမနေနိုင်တော့ဘူး။ ရိက္ခာမရှိဘဲနဲ့ သူ သုံးရက်လုံးလုံး ဒီဂူထဲမှာ ခိုအောင်းနိုင်ပါ့မလား”

ချောင်လင်းသည် လက်ထောက်တစ်ဦးဖြစ်သော်လည်း အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်သည်။ သို့ကြောင့်လည်း ရွှေပျံလွှားနှင့် တိုက်ခိုက်ရသည့်ပွဲမှ ဘေးမသီရန်မခ လွတ်မြောက်နိုင်ခဲ့ခြင်းဖြစ်သည်။

“ဆရာကြီး ... ရွှေပျံလွှားဟာ အင်မတန် ဉာဏ်သွားတဲ့လူဖြစ်ပါတယ်၊ သူဟာ ဒီဂူထဲမှာ လိုရမည်ရ ရိက္ခာသိုလှောင်မထားဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး”

“ငါတို့က ဒီအတိုင်း ဆက်ပြီးစောင့်နေရမှာလား၊ ငါတော့ မစောင့်နိုင်တော့ဘူး”

“မစောင့်လို့တော့ မဖြစ်ဘူးထင်တယ်၊ ဟောဒီတောင်ကြားလမ်းကလေးရဲ့ ဒီဘက်ပိုင်းဟာ ကျွန်တော်တို့ရဲ့ မဟာဗျူဟာနယ်ပယ်ပါ၊ အဲဒီတောင်ကြားလမ်းကလေးရဲ့ ဟိုဘက်ကတော့ ဉာဏ်များတဲ့ ရွှေပျံလွှားရဲ့ မဟာဗျူဟာနယ်ပယ်ပါ၊ ဒီနယ်ကြားတောင်ကြားလမ်းကလေးကို ကျော်သွားရင် ကျွန်တော်တို့ ဒုက္ခရောက်

ကောင်း ရောက်နိုင်ပါတယ်"

ချုန်လွန်ချောင်က ဒေါသဖြင့် အော်ငေါက်လေ၏။

"ဘာ ... တစ်ယောက်တည်းသမားက ငါတို့ကို ဘာခုက္ခ ပေးနိုင်မှာလဲ၊ သုံးနေ့နဲ့ သုံးညတောင် စောင့်ပြီးပြီ၊ ဘာဖြစ်လို့ ငါတို့ ဆက်စောင့်ရတော့မှာလဲ၊ အားလုံးကို အမိန့်ပေးစမ်း ... အကုန်လုံး ဂူထဲဝင်မယ်"

မစောင့်နိုင်သောသူသည် အလျင်တဆော လှုပ်ရှားရပေမည်။ ချုန်းလွန်ဂိုဏ်းသားအားလုံး လှုပ်လှုပ်ရွရွဖြစ်သွားကြတော့၏။ ဂိုဏ်းချုပ်ကြီး၏အမိန့်က သူတို့အားလုံးကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့လေပြီ။

❖



ထက်ကျင်က ထိုစဉ်က အဖြစ်အပျက်များကို ရယ်ရင်းပြော နေလေ၏။

ယွန်ချောချောက ဝင်မေးသည်။

"အစ်ကိုက သူတို့ဝိုင်းထားတယ်ဆိုတာ ကြိုတင်သိနေလို့ ဂူထဲကမထွက်ဘဲ နေနေတာပေါ့ ... ဟုတ်လား"

"ဒါပေါ့ ... အဲဒီနေ့က ဂူထဲဝင်မယ်လုပ်တော့ ခပ်လှမ်းလှမ်း က သစ်ပင်တစ်ပင်မှာ လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲမြင်လိုက်တယ်၊ ငါဟာ ဒီဂူထဲဝင်တဲ့အခါတိုင်း ပတ်ဝန်းကျင်ကို မသိမသာအကဲခတ် ပြီးမှ ဝင်လေ့ရှိတယ်၊ အဲဒီလှုပ်ရှားမှုဟာ ငါ့ကို စောင့်ကြည့်နေတဲ့လူပဲ ဖြစ်လိမ့်မယ်လို့တော့ ရိပ်မိတယ်၊ ဒီလို အင်နဲ့အားနဲ့လာပြီး ဝိတ်ဆို့ လိမ့်မယ်လို့တော့ မရိပ်မိဘူး၊ ငါဟာ အဲဒီတုန်းက လျှမ်းလျှမ်း တောက်နာမည်ကြီးနေတော့ ခပ်ပေါ့ပေါ့ပဲ ဂူထဲဝင်ခဲ့မိတယ်"

"နောက်တော့ အပြင်မှာဝိုင်းထားတာကို အစ်ကိုရိပ်မိသွား

တယ် ဆိုပါတော့"

ထက်ကျင်က ခပ်တိုးတိုးရယ်ပြီး ပြော၏။

"အဲဒီနေရာမှာ မျောက်တွေ ငှက်ကလေးတွေ အင်မတန် ပေါ်များကြတယ်၊ ငါဝင်သွားပြီးတဲ့အချိန်ကစပြီး မျောက်သံတွေလည်း မကြားရတော့ဘူး။ ငှက်တွေလည်း အရင်တုန်းကလို မလာကြတော့ဘူး၊ အဲဒါကို ဂူထဲကနေ ငါသိနေတယ်၊ ဒီတော့ ဂူထဲကမထွက်ဘဲ ချောင်းနှိုပြီးလေ့လာရတယ်၊ သိပ်သေချာသွားတာပေါ့၊ နေရောင်နဲ့ဟပ်တဲ့ ဓားလှံတွေရဲ့အရောင်ကို ငါ ကောင်းကောင်းကြီးသိတယ်၊ ဒီကောင်တွေဟာ ချန်းလွန်ဂိုဏ်းသားတွေပဲဖြစ်မယ်ဆိုတာ ရိပ်မိခဲ့တယ်"

"နောက်ဆုံးတော့ ဘာဖြစ်သလဲ ... သူတို့ ဝင်တိုက်ကြရောလား"

"ဒါပေါ့ ... ငါဟာ သုံးနေ့နဲ့သုံးညလုံးလုံး သည်းခံပြီးငြိမ်ကုပ်နေခဲ့တယ်၊ အဲဒီလို စိတ်ရှည်လက်ရှည်သည်းခံပြီး စောင့်ဆိုင်းဖို့ ဘယ်သူက ငါ့ကိုသင်ကြားပေးခဲ့သလဲ၊ နှင်းဝံပုလွေကြီးက ငါ့ကို သင်ကြားပေးခဲ့တာပေါ့၊ ငါ့လိုသည်းမခံနိုင်တဲ့ ချန်းလွန်ဂိုဏ်းသားတွေဟာ နှစ်ယောက်တစ်တွဲ ဂူထဲဝင်လာကြတယ်၊ သည်းမခံနိုင်တဲ့လူတွေ သေတာပဲပေါ့၊ ငါဟာ ဂူထဲကစောင့်ပြီးတိုက်တယ်၊ သူတို့ဆင်ထားတဲ့ အဆိပ်လက်နက်တွေကို မသုံးနိုင်တဲ့နောက် သူတို့အားလုံး သေကုန်



တာပေါ့၊ လမ်းကိုလည်းကြည့်ဦးလေ ... တစ်ခါတက်မှ နှစ်ယောက်ပဲ တက်နိုင်တဲ့ဥမင်"

"သူတို့ခေါင်းဆောင် လွတ်သွားသလား"

"ဘယ်လွတ်မလဲ"

"ချန်လွန်ချောင်ဆိုတာ တကယ့်ဒုစရိုက်သမားပဲ၊ နောက်ဆုံး သူလည်း သေတာပဲ၊ ချောင်လင်းတစ်ယောက်ကိုပဲ အသက်ချမ်းသာခွင့်ပေးခဲ့တယ်၊ သူဟာ အခုဆိုရင် သိုင်းလောကသားမဟုတ်တော့ဘူး။ လူကောင်းတစ်ယောက် ဖြစ်နေပါပြီ၊ ချန်းလွန်ဂိုဏ်း ဘယ်လိုစီစဉ်တယ်ဆိုတာ သူကပြန်ပြောပြလို့ ငါသိခဲ့ရတာပေါ့"

"ဂူထဲမှာ ဘာဖြစ်လို့ သုံးနေ့နဲ့သုံးညတောင် နေနိုင်တာလဲ၊ အစ်ကိုက ရိက္ခာတွေစုဆောင်းထားလို့လား"

ထက်ကျင်က ရယ်လေ၏။

"ချောချော ... မြေခွေးအိုကြီးစင်ကီကို သွားရှာတုန်းက ငါတို့ သချိုင်းဝကိုရောက်ခဲ့တယ်၊ အဲဒီတုန်းက ဖယောင်းတိုင်နဲ့ မီးခြစ်ကလေးကို ထုတ်ကိုင်တာ မင်းတွေ့တယ်မဟုတ်လား၊ အဲဒီလို အသေးအမွှားကိစ္စလေးကိုတောင် ငါက ဂရုတစိုက် သိမ်းဆည်းထားသေးတဲ့ ဥစ္စာ၊ ငါစခန်းအိပ်စက်တဲ့ဂူထဲမှာ ဘာဖြစ်လို့ ရိက္ခာခြောက်တွေ စုဆောင်းမထားဘဲ ရှိပါ့မလဲ"

ယွန်ချောချောသည် ထက်ကျင်အား လေးစားကြည်ညို

လွန်းသည့်အကြည့်ဖြင့် စူးစူးစိုက်စိုက်ကြည့်မိတော့သည်။

"အစ်ကိုဟာ တာကယ့်ကို ထက်မြက်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ပါပဲလားရှင်"

ထက်ကျင်သည် ယွန်းချောချော၏စကားကို မကြားသ ယောင်ဟန်ဆောင်လျက် မီးလောင်နေသည့် အဆောက်အအုံပတ် ဝန်းကျင်ကို မျက်စိကစားနေတော့သည်။

❖ ❖ ❖



## အခန်း (၃၉)
## ဂေဟာသခင်နှင့် ရွှေပျံလွှားထက်ကျင်

အဆောက်အအုံကြီးကို တညီးညီးမီးလောင်နေပြီဖြစ်သော် လည်း မီးသတ်မည့်သူဟူ၍ တစ်ယောက်မျှ ထွက်မလာကြချေ။

ထက်ကျင်က ခပ်တိုးတိုးပြောလေ၏။

"အဲဒါသာကြည့်ပေတော့၊ ကျောင်းဇေ့ခင်ဟာ တိုင်းကျိုဝမ် ရဲ့ အရှင်သခင်ပဲ၊ သူ့အမိန့်တစ်ချက်တည်းနဲ့ ဘယ်သူမှ မလာရဲတော့ ဘူး"

ယွန်းချောချောသည် စောစောကခန်းမကြီးထဲတွင် တိုက် ခိုက်ခဲ့ကြသည့် အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာသည်။ မြွေခေါင်းစားရှင်အား သုတ်သင်သင့်ပါလျက် မသုတ်သင်ဘဲ စား မောက်သိုင်းသမားနှင့်တိုက်ခိုက်ရန် တောင်းဆိုခဲ့သည့်အပြစ်အတွက် ချက်ချင်းတောင်းပန်မိသည်။

"အစ်ကို ညီမလေးကို ခွင့်လွှတ်ပါနော်၊ ညီမလေးရဲ့ စိတ်ထဲ မှာ အစ်ကိုက ညီမလေးကို သက်သက်အထင်သေးပြီး မြွေခေါင်း

မားရှင်နဲ့ တိုက်နိုင်းတာလို့ ထင်ခဲ့မိပါတယ်’

ထက်ကျင် မရယ်တော့ချေ။ လေးလေးနက်နက် ပြန်ပြောသည်။

“ဒါလောက် သေရေးရှင်ရေးကိစ္စမှာ ငါက ဘာဖြစ်လို့ မင်းကို အထင်သေးရမှာလဲ၊ အထင်မသေးလို့ မင်းကို မြွေခေါင်းမားရှင်နဲ့ တိုက်နိုင်းတာပေါ့”

“ရှင်”

“ဘာလဲ … သူ့သိုင်းပညာသိပ်ညံ့နေပါတယ်လို့ မင်းက ပြောမလို့လား။ ဒီမှာ ညီမလေး … မြွေခေါင်းမားကိုင်ထားတဲ့ကောင် အကြောင်းကို မင်းအနေနဲ့ ဘာမှမသိနိုင်ဘူး၊ ငါကတော့ သိထားတယ်၊ ဒီကောင်က သိပ်ကြောက်စရာကောင်းလို့ သူ့ကို အရင်သတ်နိုင်းတာပဲ၊ ဒါကို မင်းက သဘောမပေါက်ဘူး၊ ထိုးဟယ်ခုတ်ဟယ် လုပ်နေတုန်း ဒီ … မားအနွယ်ဝင်တွေရဲ့ အကျင့်ယုတ်တွေကို ငါက အော်ဟစ်ရှင်းပြလို့ ဖြစ်ပါ့မလား”

ယွန်ချောချောမှာ အလွန်တရာရှက်သွားသည်။ သူမ၏ ကလေးဆန်မှု၊ ဇွတ်တရွတ်နိုင်မှုများအတွက်လည်း ထပ်မံအရှက်ရမိပြန်သည်။

သူမသည် ထက်ကျင်၏ ပခုံးမှဒဏ်ရာကို လက်ဖြင့်ပွတ်သပ်ပေးရင်း …



“အစ်ကို … ညီမလေး နောက်တစ်ခါ အခုလို ဇွတ်တရွတ်မလုပ်တော့ပါဘူး။ ဒီဒဏ်ရာဟာ ညီမလေးကိုကယ်လိုက်တဲ့အတွက် ရလိုက်တဲ့ဒဏ်ရာနော်၊ ညီမလေးမှာ အစ်ကိုပေးတဲ့အသက်ပဲ ရှိပါတော့တယ်”

ထက်ကျင်ကရယ်ပြီး …

“ဒီဒဏ်ရာက အရေးမကြီးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါက ဒီနေရာကိုတမင်ရွေးပြီး အခုတ်ခံလိုက်လို့ပါ မိန်းကလေးရဲ့”

“ရှင်”

ယွန်ချောချောထံမှ အာမေဋိတ်သံကလေး ထွက်လာပြန်သည်။

“အစ်ကို့စကားက မဟုတ်သေးပါဘူး၊ ဘာဖြစ်လို့ အဲဒီနေရာကိုမှ အစ်ကိုကရွေးပြီး အခုတ်ခံရတာလဲ”

“အသက်လုပြီးတိုက်ရတဲ့ တိုက်ပွဲမှန်သမျှ အနည်းအကျဉ်းတော့ ထိမိခိုက်မိကြတာချည်းပဲ၊ သေရေးရှင်ရေးတိုက်ပွဲမှာ ကိုယ်အထိမခံလို့မဖြစ်တော့ဘူးဆိုတဲ့ အချိန်မျိုးမှာ ဇွတ်မရှောင်သင့်တော့ဘူး၊ ဇွတ်ရှောင်ခြင်းအားဖြင့် အသက်နဲ့နီးတဲ့ သေကွင်းတွေမှာ ဒဏ်ရာရနိုင်တယ်၊ ဒီတော့ သေကွင်းနဲ့ဝေးတဲ့တစ်နေရာကို အထိခံလိုက်ရတယ်၊ အဲဒီနေရာ အထိခံခြင်းအားဖြင့် ရန်သူရဲ့သေကွင်းကို ကိုယ်က ပြန်လှန်ထိုးနှက်နိုင်တယ်၊ တစ်လှမ်းဆုတ်ပေးခြင်းအားဖြင့် ရှေ့

ကိုနှစ်လှမ်းတက်တယ်ဆိုတဲ့ သဘောပေါ့"

ယွန်ချောချောမှာ အံ့ဩစွာပြောသည်။

"သိုင်းလောကထဲက ဒီလိုတိုက်ကြနိုက်ကြတဲ့ အခါမျိုးမှာ ဒီလိုပရိယာယ်မျိုးတွေ ရှိလိမ့်မယ်လို့ ညီမလေး တစ်ခါမှ မတွေးမိခဲ့ဘူး။ အတိုက်အခိုက်ပညာမှာ ပရိယာယ်တွေ အများကြီးရှိတာပဲနော်"

ထက်ကျင်က ခေါင်းညိတ်၏။

"ရှိတယ်၊ ဒီလိုပညာမျိုးက ဆရာက ပြောပြရုံပဲ ပြောပြနိုင်တယ်၊ တကယ့်တိုက်ပွဲမှာ ဘယ်လိုနေရာမျိုးရွေးပြီး အသိခံရမယ်ဆိုတာလည်း တဒင်္ဂလျှပ်တစ်ပြက်အတွင်း ဆုံးဖြတ်မှုပြုရတာ၊ အတွေ့အကြုံကသာ တကယ့်ဆရာဖြစ်တယ်"

ထက်ကျင်နှင့် ယွန်ချောချောတို့ ရှည်လျားစွာ စကားပြောနေချိန်အတွင်း မီးသည် ကျောင်းဆောင်၏ဂေဟာကြီးတစ်ခုလုံး ဝါးမျိုလောင်မြိုက်သွားတော့သည်။ သို့သော် ကြီးမားသော တိုက်ကြီးများမှာမူ လောင်ကျွမ်းဆဲရှိနေပေသေးသည်။

ထက်ကျင်နှင့် ယွန်ချောချောတို့သည် ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို အကာအကွယ်ယူထားသဖြင့် သူတို့အား ရန်သူများက ရုတ်တရက် မမြင်နိုင်ကြပေ။ ထိုစဉ်မှာပင် လူတစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရသည်။

"ဟိုနှစ်ယောက်ကတော့ ထွက်ပြေးကြပြီထင်တယ်"



အခြားအသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"လေးဖက်လေးတန်မှာ လူတွေစောင့်နေကြတာပဲကွာ၊ ဒီကောင် ဘယ်လိုပျံထွက်ပြေးနိုင်မှာလဲ"

"ပြေးချင်ပြေးနိုင်မှာပေါ့၊ သူ့နာမည်က ရွှေပျံလွှားပဲ၊ အင်[illegible]နဲ့ညဏ်များတဲ့အကောင်"

"ညဏ်များတဲ့ပျံလွှားက ထွက်ပြေးနိုင်ပေမယ့် ပျံလွှားနောက်မှာပါလာတဲ့ မိန်းမစုတ်ကလေးကတော့ ပျံလွှားလို ပျံသွားနိုင်မှာ မဟုတ်ပါဘူး"

"ဒီဟာမလေးကလည်း စုတ်ပွဲတာပဲ၊ သူက လက်နက်ပုန်းအတတ်မှာ တစ်ဖက်ကမ်းခတ်နေတယ်"

ထိုသို့ အသံမျိုးစုံကြားနေရစဉ်မှာပင် အသံဩဇာကြီးမားလှသည့် ကျောင်းဆောင်၏အော်သံကြီး ထွက်ပေါ်လာသည်။

"ဟေ့ ... ဘာဖြစ်လို့ စကားတွေ ဆူညံနေကြရတာလဲ၊ မီးစလောင်တဲ့အချိန်မှာ ပျံလွှားစုတ်ထွက်ပြေးနိုင်တယ်၊ ဒါပေမဲ့ ဒီပျံလွှားစုတ်က ထွက်ပြေးမှာမဟုတ်ဘူး၊ တမင်တကာသက် ငါ့ကိုစိန်ခေါ်ရအောင် လာတဲ့လူဆိုတော့ တစ်နေရာရာမှာ ပုန်းနေမှာသေချာတယ်"

ထက်ကျင်၏စိတ်ထဲ၌ ကျေနပ်သွားသည်။ ကျောင်းဆောင်သည် သူ့ကို အထင်သေးဆဲရှိနေသေးသည် မဟုတ်လား။ ကျောင်း

ဧရာဝတီ ... နေသည်။ ... ခေါင်သာ အထင်မသေးဘဲ သူ့ကိုကြောက်ရွံ့နေပါက ယခုအချိန်၌ အမြီးများကိုမမြင်ရအောင် ထွက်ပြေးသွားပေလိမ့်မည်။ ယခုမူ ကျောင်းစေ့ခင် မပြေးသေးချေ။ ဤအချက်က သူ့အားမကြောက်သေးကြောင်း ထင်ရှားစွာသက်သေကပြပေသည်။

ထိုစဉ် ကျောင်းစေ့ခင်၏အစေအပါးတစ်ဦး ဖြစ်ဟန်ရှိသူတစ်ဦး၏ အသံပေါ်လာသည်။

"သခင်ကြီး ... ရွှေပျံလွှားဟာ ဒဏ်ရာရထားသလားမသိဘူး။ နို့မို့ရင် ဂေဟာကို မီးရှို့စရာမလိုဘူး"

"သယ် ... ငါဆဲလိုက်ရ၊ ဘယ်က ပေါက်တတ်ကရ စကားတွေ လာပြောနေတာလဲ၊ မင်းအဖေက ဘယ်လိုလုပ် ဒဏ်ရာရမှာလဲ၊ ပြတင်းပေါက်ကဝင်နိုင်းတဲ့ လူနှစ်ယောက်တောင် သေသွားပြီမဟုတ်လား"

အသံများ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားသည်။ ကျောင်းစေ့ခင်၏ အမိန့်ပေးသံ ပေါ်လာပြန်၏။

"ဟေ့ ... ထန်ကွေးနဲ့ ထန်နုံး ... ဝင်းထရံပတ်လည်ကို လှည့်ပြီးစစ်ဆေးစမ်း၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့လည်း မမေ့နဲ့ဦး"

ထက်ကျင်သည် အသံသာကြားနေရသည်။ လူကိုတော့ မမြင်ရချေ။ စဉ်းစားကြည့်ရသည်မှာ ထန်ကွေးနှင့် ထန်နုံသည် ဝင်းထရံအပြင်၌ လိုက်စစ်ဆေးနေပုံရသည်။



အတန်ကြာမျှ သည်းခံစောင့်ဆိုင်းနေရာ ကွမ်းတစ်ယာညက်ခန့် ကြာသောအခါမှ ထန်ကွေးနှင့် ထန်နုံးတို့၏အသံကို ပြန်ကြားရလေ၏။

"သခင်ကြီး ဝင်းထရံပတ်လည်ကို စုံစမ်းစစ်ဆေးပြီးပါပြီ၊ ရွှေပျံလွှားတို့ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရပါဘူး"

စင်စစ် ကျောင်းစေ့ခင် စိတ်ကူးလွဲသွားခြင်းဖြစ်သည်။ သူ့လူများအား ဝင်းထရံအတွင်းဘက်ပိုင်း၌ လှည့်ပတ်ရှာခိုင်းသင့်သည်။ ထက်ကျင်ကဲ့သို့သော အတွေ့အကြုံရင့်သန်သည့် ရန်သူများသည် ရန်သူ၏ကျောခွဲသာကပ်၍ ပုန်းရှောင်တတ်ကြောင်း ကျောင်းစေ့ခင် သတိမရဖြစ်ခဲ့ပေသည်။

ကျောင်းစေ့ခင်က အံကြိတ်ပြီး ကြိမ်းဝါးလိုက်၏။

"ဒီခွေးကောင်နဲ့ ခွေးမ သိပ်ကဲကောင်းသွားတယ်၊ ဒီနေ့ဟာ ထန်ဆက်ဘွန်ဂိုဏ်းအဖို့ ခွေးကိုက်ခံရတဲ့နေ့လို့ သတ်မှတ်ရမယ်၊ ငါတို့ရဲ့ မြောက်ပိုင်းဌာနချုပ်ဟာ ခွေးကောင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီ၊ ဒီတော့ ဒီကောင့်ကို အပြတ်ချေမှုန်းရမယ်၊ ဂိုဏ်းသားတိုင်း ဒီခွေးကောင်နဲ့ ခွေးကောင်မ ဘယ်ရောက်နေတယ်ဆိုတာ လျှို့ဝှက်စုံစမ်းကြရမယ်"

"ဟုတ်ကဲ့ စိတ်ချပါ ... ကျွန်တော်တို့ ကြိုးစားပြီး စုံစမ်းပါ့မယ်"

"ကောင်းပြီ၊ ဂိုဏ်းသားတွေ မီးကိုငြိမ်းသတ်ကြတော့၊ ရွာသူရွာသားတွေ ဝင်းထရံထဲမဝင်စေနဲ့"

ထိုတခဏ်အတွင်းမှာပင် မီးရှိန်ရဲရဲဖြစ်နေသည့် ဂေဟာကြီး၏ပတ်လည်၌ ထန်ဆက်ဘွန်ဂိုဏ်းသားများနှင့် ဂေဟာသခင်ကြီး ကျောင်းစေ့ခင်ကို တွေ့မြင်လိုက်ရသည်။ သူတို့သည် သစ်ပင်များ၊ စဉ့်အိုးများ စသည့် အကာအကွယ်အသီးသီးမှ ထွက်လာကြခြင်းဖြစ်သည်။

ထက်ကျင်သည် ကျောင်းစေ့ခင်အား ယခင်က တော်တော်ကလေး အထင်ကြီးခဲ့သည်။ လမ်းခုလတ်၌ ကြိုတင်လုပ်ကြံခံခဲ့ရခြင်းများအတွက် ကျောင်းစေ့ခင်ကို လွန်စွာအရေးထားခဲ့ပေသည်။

သို့သော် သူ့ဂေဟာကြီးတစ်ခုလုံးကို ဤသို့ လွယ်လွယ်ကူကူ မီးတင်ရှို့နိုင်ခဲ့သည့် ကိစ္စတွင်မူ ကျောင်းစေ့ခင်ကို လုံးဝအထင်သေးသွားမိတော့သည်။

ကျောင်းစေ့ခင်သည် ဓားရှည်တစ်လက်ကို ကိုင်ဆွဲထား၏။

သူသည် လက်ညှိုးတထိုးထိုးဖြင့် ဟိန်းဟောက်အမိန့်ပေးနေသည်။

မီးရှိန်လည်းကျ၊ လူအင်အားဖြင့် ရေလည်းလောင်း ပြုလုပ်သဖြင့် မကြာမီ မီးငြိမ်းသေစပြုလာတော့သည်။

ထက်ကျင်သည် ယွန်ချောချော၏လက်မောင်းကို ဆုပ်ကိုင်



ပြီး သတိပေးလေ၏။

"ချောချော ... ဆီးနှင်းပုလဲတွေ အဆင်သင့်ပြင်ထား"

"ဘာလဲ ... သူတို့ကို ပစ်ခတ်ရတော့မလား"

"ပစ်ရမယ်၊ ကျောင်းစေ့ခင်ကို ရင်ဆိုင်မယ်၊ ဒီလူဟာ အစီအစဉ်တော့ ညံ့တယ်၊ သိုင်းပညာ ညံ့မညံ့တော့ မပြောနိုင်ဘူး"

ထက်ကျင်သည် ရှေ့သို့ခုန်ထွက်သွားကာ ယွန်ချောချောက နောက်ပါးမှ ကပ်လိုက်သွားသည်။

"ကျောင်းစေ့ခင် ... ရွှေပျံလွှားထက်ကျင်ဟာ သူနဲ့တကယ်တွေ့ဆုံရမယ့်လူကို မတွေ့ရသေးဘဲနဲ့ ဘယ်တော့မှ ပြန်မသွားပါဘူး။ ခင်ဗျားနဲ့တွေ့ဖို့ ကျုပ်စောင့်နေပါတယ်"

ထက်ကျင်၏အသံကို ကြားလိုက်ရုံမျှမက ရုပ်သွင်ကိုပါ ပက်ပင်းတွေ့လိုက်ရသော ကျောင်းစေ့ခင်မှာ အံ့အားကြီးသင့်သွားတော့သည်။ ရွှေပျံလွှားရှိနေလိမ့်ဦးမည်ဟု သူ လုံးဝ မထင်မှတ်ခဲ့ချေ။

ထန်ဆက်ဘွန်ဂိုဏ်းသားများသည် ဆင်ခြေရာကိုမရှာရသေးမီ ဆင်ကောင်ကြီးကို တွေ့လိုက်ရသဖြင့် ချက်ချင်းဝိုင်းလာကြလေသည်။ ကိုယ်စီကိုယ်စီဆွဲကိုင်ထားသည့် လက်နက်များကို အဆင်သင့် ဆွဲကိုင်ထားကြသည်။

ထက်ကျင်သည် အေးစက်မာကျောသော မျက်လုံးများဖြင့် စေ့ကြည့်လိုက်သည်။

"မင်းတို့ စောစောစီးစီး မသေချင်ကြသေးရင် ကိုယ့်နေရာကိုယ် ရပ်နေကြ၊ ရှေ့တစ်လှမ်းတိုးရင် သေမင်းဆီ အလည်ရောက်သွားမယ်၊ အခုကိစ္စက မင်းတို့နဲ့မဆိုင်ဘူး၊ ကျောင်းဆရာခင်နဲ့ ငါနဲ့ ရှင်းရမယ့်ကိစ္စ၊ ဒီတော့ တစ်ယောက်ချင်းပဲရှင်းမယ်၊ မင်းတို့ ဝင်မရှုပ်နဲ့"

မာကျောခက်ထန်သည့် စကားလုံးများက ထန်ဆက်ဘွန်ဂိုဏ်းသား အများစုကို တန့်သွားစေ၏။

သို့သော် မတန့်သောလူနှစ်ဦးက ရှိသေးသည်။

ထိုလူနှစ်ဦးတို့သည် သခင်အား မျက်နှာလို မျက်နှာရ ဟောင်ပေးသည့် ခွေးများလို ရှေ့သို့ လက်နက်များဆွဲ၍ တက်လာ၏။

သို့သော် ခြေတစ်လှမ်းစီသာ လှမ်းနိုင်ကြသည်။ ခြေနှစ်လှမ်းအထိ မလှမ်းနိုင်ကြပေ။

ထက်ကျော်က အမိန့်ပေးတားမြစ်ခဲ့သည် မဟုတ်ပါလား။ ရှေ့သို့ ခြေတစ်လှမ်းမျှ မလှမ်းနှင့်ဟု။

'ဝှန်း ...'

လေတိုးသံနှင့်အတူ အလင်းတန်းကလေးနှစ်ခု ထွက်လာပြီးနောက် လူစွန့်စားနှစ်ဦး၏ လက်ဝဲမျက်လုံးများဆီသို့ တိုက်ရိုက်တန်းဝင်သွားသည်။ ထိုလူနှစ်ဦးသည် ပင်စည်ရင်းမှ ဖြတ်အလှဲခံရသော သစ်ပင်ကြီးများသဖွယ် တဝုန်းဝုန်း လဲပြိုကျသွား၏။



ချက်ချင်းငြိမ်သက်သွားသည်။ အော်ရှိန်ပင်မရလိုက်ချေ။ ဤကား ဆီးနှင်းပုလဲလက်နက်ပုန်း၏ စွမ်းပကားပေတည်း။

ယွန်ချောချော၏ လက်နက်ပုန်းပစ်ပညာသည် အံ့မခန်းတိုးတက်လာသည်။ ဤအတိုင်းသာ မှန်မှန်ကြီးပစ်ခတ်နိုင်ပါက ယွန်ချောချောသည် ထန်တီးဂိုဏ်းချုပ်ကြီး၏ အရည်အချင်းမျိုးကို ပိုင်ဆိုင်လာနိုင်လိမ့်မည်ဟု ထက်ကျော် တွေးလိုက်မိသည်။

နောင်တွင် ယွန်ချောချော မည်မျှအစွမ်းထက်လာမည် မထက်လာမည်ကိုမူ မည်သူမျှ အသေအချာ မတွေးနိုင်သော်လည်း ယခုချက်ချင်းတွင်မူ ထန်ဆက်ဘွန်ဂိုဏ်းသားအတော်များများကို ရှေ့သို့ တစ်လှမ်းမျှတိုးမလာရဲအောင် တားထားနိုင်စွမ်းရှိနေလေပြီ။

ထက်ကျော်က အေးစက်စက်ဖြင့် ထပ်မံသတိပေးလေသည်။

"ကဲ ... တွေ့ပြီလား ... ဘာဖြစ်လို့ မင်းတို့ အချည်းနှီး အသေခံချင်ကြတာလဲ၊ ဒီပွဲဟာ မင်းတို့ပွဲမဟုတ်ဘူး ... မင်းတို့သခင်ကြီး ကျောင်းဆရာခင်ရဲ့ပွဲပဲ၊ တစ်ယောက်မှ ထပ်ပြီး ရှေ့မတိုးကြနဲ့၊ ပွဲကြည့်ပရိသတ်အဖြစ် ငြိမ်ငြိမ်ကလေး ကြည့်နေကြ"

အကယ်၍ ထက်ကျော်က ထပ်မံမခြိမ်းခြောက်သည့်တိုင် ထန်ဆက်ဘွန်ဂိုဏ်းသားတွေကတော့ ရှေ့သို့ တစ်လှမ်းမျှတိုးကြတော့မည် မဟုတ်ပါ။ ယွန်ချောချောကို ကြောက်လန့်သွားကြပါပြီ။

"ကျောင်းဆရာခင် ... ခင်ဗျားအတွက် အချိန်အခါ ဆိုက်

ရောက်လာပါပြီ၊ ရှေ့တိုးခဲ့ပါ"

ကျောင်းစေ့ခင်၏ ရည်မွန်ခန့်ညားသော မျက်နှာ၌ ရက်စက်ကြမ်းကြုတ်သည့် အမူအရာများက ပြည့်တင်းဝင်ရောက်လာခဲ့ပြီး ဖြစ်လေသည်။

"ရွှေပျံလွှား ... မင်းကို ငါက ကြောက်မယ်များထင်နေသလား၊ မင်းဟာ မီးခဲကိုကိုင်မိတဲ့လူလို ထန်ဆက်ဘွန်ဂိုဏ်းကို ရန်စခဲ့ပြီးပြီ၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ မီးကျီးမီးခဲနဲ့တူတယ်၊ ပူလောင်နေနိုက်မှာလည်း လောင်ကျွမ်းစေနိုင်သလို အေးနေတဲ့အခါမှာလည်း ကိုင်တဲ့လူကို ညစ်ပေစေတတ်တယ်၊ မင်းရဲ့စော်ကားမှုအားလုံးအတွက် မင်းအသက်ကို ပေးလျော်ခဲ့ရမယ်၊ ဒီနေ့ဟာ မင်းအတွက် နောက်ဆုံးရက်ပဲဖြစ်တယ်"

ထက်ကျင်က သူ့လက်ထဲမှဓားကို လေထဲမှာ ဝှေ့ယမ်းကစားပြလိုက်၏။

"ဒီမှာတွေ့လား ... အပိုစကားမပြောနဲ့တော့၊ ရှေ့ကိုတက်လာပေတော့"

ထက်ကျင်၏စကားမဆုံးမီပင် ကျောင်းစေ့ခင်သည် ထက်ကျင်ဆီသို့ ခုန်ဝင်တိုက်ခိုက်လေတော့၏။

နှစ်ယောက်စလုံး အတွင်းအားပြည့်ဝသူများဖြစ်၍ တဝိုးဝိုးတဝှစ်ဝှစ်မြည်နေသော ဓားလေတိုးသံများနှင့်အတူ ကြောက်စဖွယ်



တိုက်ပွဲကြီးကို အကြိတ်အနယ် တိုက်ခိုက်ကြလေတော့၏။

ယွန်ချောချောမှာ ဤကဲ့သို့ ပညာပါသော အပြင်းအထန်တိုက်ပွဲကြီးမျိုးကို တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဖူးသဖြင့် ရုတ်တရက်မှင်တက်ငေးကြောင်ကြည့်နေမိသည်။

စင်စင် သူမသည် ထက်ကျင်၏သတိပေးစကားများကို မေ့လျော့သွားခြင်းသာဖြစ်သည်။ သူမအနေဖြင့် တကယ်တမ်းကြည့်ရမည့်သူများမှာ ထက်ကျင်နှင့် ကျောင်းစေ့ခင်တို့ မဟုတ်ပါ။ ကျောင်းစေ့ခင်၏ နောက်လိုက်ဖြစ်သည့် ထန်ဆက်ဘွန်ဂိုဏ်းသားများကိုသာ ဖြစ်ပေသည်။

သို့သော် သူမအနေဖြင့် တစ်ချက်ကံကောင်းသွားသည်မှာ ထန်ဆက်ဘွန်ဂိုဏ်းသားများကိုယ်တိုင် သူတို့သခင်ကြီး၏ တိုက်ပွဲကြီးကို ညို့စာတ်မိကာ ငေးကြည့်နေကြခြင်းဖြစ်တော့၏။ ထန်ဆက်ဘွန်ဂိုဏ်းသားထဲမှ သတိရှိသူ အကွက်မြင်သူ တစ်ဦးဦးပါလာပါက ယွန်ချောချောအနေဖြင့် အကြီးအကျယ် ဒုက္ခရောက်သွားနိုင်ပေသည်။

ထက်ကျင်သည် သူ၌ရှိသမျှသော ပညာစွမ်းများကို ထုတ်သုံးနေရသဖြင့် ယွန်ချောချောအနေဖြင့် ကံထူးသည်ဟုလည်း ဆိုရပေမည်။

ထက်ကျင်သည် သိုင်းပညာထူးချွန်သော်လည်း တကယ်စင်

စစ်တွင် သိုင်းပညာကို ထုတ်သုံးလေ့မရှိပေ။ အတွေးအခေါ် ဉာဏ်ပညာကိုထုတ်သုံးပြီး ရန်သူကို ရင်ဆိုင်လေ့ရှိခဲ့လေသည်။

သေချာခြင်း၊ စေ့စပ်ခြင်း၊ အကွက်မြင်ခြင်း၊ ပိုင်းဖြတ်တတ်သော သတ္တိရှိခြင်း၊ ဆင်းရဲသူ ဆင်းရဲသားများနှင့် မိတ်ဆွေကောင်းများ၏ ကူညီခြင်းတို့ကြောင့် ထက်ကျင်သည် တိုက်ပွဲတိုင်းလိုလို အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ယခုတစ်ပွဲတွင်မူ သူဆည်းပူးလေ့လာထားသော သိုင်းပညာများကို အစွမ်းကုန်ထုတ်သုံးလျက် ရှိနေလေပြီ။

ထက်ကျင်၏ ဆရာဘိုးဘိုးသည် ထန်တီးဂိုဏ်းမှ ဖြစ်သဖြင့် ထက်ကျင်ကိုလည်း ထန်တီးဂိုဏ်းသားဟု ဆိုနိုင်သည်။

သို့သော် ယခု ယွန်းချောချော မြင်တွေ့နေရသည့် ထက်ကျင်၏ ဓားသိုင်းကွက်များမှာ အလွန်တရာ ခိုင်မြဲလှသဖြင့် ယွန်းချောချောမှာ သူမတို့ထန်တီးဂိုဏ်း၏ ဓားကွက်များဖြစ်မှန်းပင် မရိပ်မိဘဲ ရှိနေတော့သည်။

သူမအနေဖြင့် မှန်မှန်ကန်ကန် သိမြင်ခွင့်ရလိုက်သည့်အချက်မှာ သိုင်းပညာအဆင့်သည် သူမထက်လည်းကောင်း၊ သူမဖခင်တစ်မျိုးကြီးယွန်ကီးထက်လည်းကောင်း ပြတ်ပြတ်သားသား အဆင့်မြင့်နေကြောင်းပင်တည်း။

ထက်ကျင်၏ သိုင်းပညာအဆင့်မြင့်သည့်နည်းတူ ထက်



ကျင်နှင့် လက်ရည်တူ ယှဉ်ပြိုင်တိုက်ခိုက်နေသည့် ကျောင်းစေ့ခင်၏ သိုင်းပညာမှာလည်း အမှန်တကယ် အဆင့်မြင့်ကြောင်း ယွန်းချောချော သိမြင်သဘောပေါက်တော့သည်။

ကျောင်းစေ့ခင်၏ ဂေဟာကြီးအတွင်းသို့ ဝင်စဉ်အခါက ကျောင်းစေ့ခင်နောက်သို့ လိုက်တိုက်ရန် ကြံစည်ခဲ့ပုံကို ပြန်လည်တွေးမိသောအခါ သူမမှာ ကြက်သီးမွေးညင်း ထသွားမိသည်။

ထက်ကျင်က သတိပေးခေါ်ယူ၍သာ မြွေခေါင်းဓားရှင်နှင့် တိုက်ခိုက်ခဲ့ရခြင်းဖြစ်သည်။

ထက်ကျင်၏အတင်းအကျပ်ခေါ်ယူမှုကို မနာခံဘဲ ကျောင်းစေ့ခင်နောက်သို့ လိုက်သွားမိပါက ဘုမသိဘမသိဖြင့် သေဆုံးရမည့် အချက်ကို ယခုမှပင် သိမြင်သဘောပေါက်လာတော့သည်။

ထက်ကျင်၏ဓားချက်များသည် ကျောင်းစေ့ခင်၏ သေကွင်းများဆီသို့ ရိပ်ခနဲရိပ်ခနဲ တိုးဝင်သွား၏။ သို့သော် ကျောင်းစေ့ခင်ကလည်း ရိပ်ခနဲရိပ်ခနဲ ရှောင်တိမ်းသွားသည်။

တစ်ကြိမ်တွင်မူ ထက်ကျင်သည် ကျောင်းစေ့ခင်၏ ဦးခေါင်းထက်မှ ကျော်လွှားပြီး နောက်ကျောကို ဓားဖြင့်ထိုးစိုက်ရသည်။

ကျောင်းစေ့ခင်ကလည်း လျင်သည်။ ရှေ့သို့ တစ်ပတ်ကျွမ်းထိုးချပြီး ထက်ကျင်၏ဓားချက်ကို ရှောင်တိမ်းသွားသည်။

နောက်တစ်ကြိမ် ရင်ဆိုင်တွေ့ကြပြန်သောအခါ မီးကုန်

ယမ်းကုန် တိုက်ခိုက်ကြပြန်တော့သည်။ သူတို့သည် တစ်ဦး၏ ဓားချက်ကို တစ်ဦးက အတွင်းအားထုတ်၍ ဖယ်ရှားပေးသည်။ အချိန်ကြာလာသည်နှင့်အမျှ နှစ်ယောက်စလုံး ချွေးသီးချွေးပေါက်များ ကျလာတော့၏။

တစ်ကြိမ်တွင် ကျောင်းစေ့ခင်က ထက်ကျင်၏ဓားချက်ကို မှတ်ကာသီကာ ရှောင်ထွက်သွား၏။ ထိုစဉ် ထက်ကျင်၏လက်သီးက လျှပ်တစ်ပြက်ထွက်လာပြီး ကျောင်းစေ့ခင်အား ထိုးချလိုက်သည်။

ကျောင်းစေ့ခင် လွင့်သွားသော်လည်း သူ့ခြေဖျားက ထက်ကျင်၏ ဒူးကောက်ကွေးကို အဖျားစွန်းခတ်သွားနိုင်လိုက်သဖြင့် နှစ်ယောက်စလုံး တဝုန်းဝုန်းလဲကျသွားခဲ့ကြရသည်။

သူတို့နှစ်ယောက် ပြန်လည်ရင်ဆိုင်ကြသည့်အခါတွင် ကျောင်းစေ့ခင်၏မျက်လုံးများမှာ မီးညွန့်များထွက်နေသကဲ့သို့ ရဲရဲတောက်နေတော့၏။

ထက်ကျင်သည် ကျောင်းစေ့ခင်အား အယင်မသေးရဲတော့ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ကျောင်းစေ့ခင်အား အလွယ်တကူ အနိုင်မယူနိုင်တော့ပြီကို သိလိုက်ရပြီ ဖြစ်သောကြောင့်တည်း။

ထက်ကျင်အနေဖြင့် တစ်ချက်သာသည်မှာ ထက်ကျင်သည် သူ့ထက်အင်အားကြီးမားသည့် ရန်သူများကို အမြဲတမ်းတိုက်ခိုက်နေခဲ့ရသဖြင့် အစဉ်အမြဲ သက်လုံကောင်းနေသူဖြစ်သည်။ ယခု



အချိန်တွင် ချွေးပြန်နေ၍ အတော်ပင်ပန်းနေပြီဟု အများကထင်မြင်ယူဆနေသော်လည်း စင်စစ် ထက်ကျင် လုံးဝမမောသေးပေ။

တိုက်ပွဲသည် တစ်စထက်တစ်စ အရှိန်အဟုန်ပြင်းထန်လာ၏။ သူသေကိုယ်သေ တိုက်ပွဲဖြစ်၍ နှစ်ဦးစလုံး တစ်ကွက်အမှားမခံဘဲ တိုက်ခိုက်ကြရာ မုန်တိုင်းငယ်လေး တိုက်ခိုက်သလို ဖြစ်နေသည်။

ထန်ဆက်ဘွန်ဂိုဏ်းသားများသည် ယွန်ချောချော၏ ဆီးနင်းပုလဲလက်နက်ကို ကြောက်ရွံ့သဖြင့် ပထမပိုင်း၌ မလှုပ်ရှားရဲခဲ့ကြပေ။

ဒုတိယပိုင်းတွင် တိုက်ပွဲ၌ နစ်မျောသွားခဲ့သည်။ တတိယပိုင်းတွင်မူ သူတို့အားလုံးသည် ထက်ကျင်၏ခြေဖျားကလေးသော်မှ မမီကြောင်း သိသွားကြသဖြင့် မာန်လျှော့ပြီး ပါးစပ်အဟောင်းသားငေးနေမိကြတော့သည်။

တဟူးဟူးတဟဲဟဲ တိုက်ခတ်နေသည့် လေပြည်ထဲတွင် ထက်ကျင်နှင့် ကျောင်းစေ့ခင်တို့၏ အင်္ကျီလက်စရှည်များ ရိုက်ခတ်သံနှင့် ခုတ်ထိုးတွက်ခတ်သည့် ဓားသံများသာ လွှမ်းမိုးနေသည်။

တစ်ကြိမ်တွင် ထက်ကျင်ခြေချော်သွားရာ ကျောင်းစေ့ခင်က အပိုင်ဝင်တိုးချသည်။ ထက်ကျင်သည် လက်မတင်ကလေး လွတ်အောင် ရှောင်တိမ်းနိုင်လိုက်သည်။

'ရှီး ...'

လျှပ်တစ်ပြက် ထိုးထွက်လိုက်သည့်ဓားသည် ကျောင်းစေ့ခင်၏ လက်မောင်းအကျီစကို ထိုးခွဲသွားပြီး သွေးများ ရဲခနဲဖြာကျလာစေသည်။ ကျောင်းစေ့ခင်သည် သာမန်သိုင်းသမားကလေးကဲ့သို့ အော်ဟစ်ညည်းတွားခြင်းမပြုခဲ့ချေ။ ချက်ချင်း ခုန်ဆုတ်သွားလေသည်။

ထက်ကျင်သည် သွေ့ဓားချက်တစ်ချက် ကျောင်းစေ့ခင်ကို ထိသွားမှန်းသိသဖြင့် တစ်ချက်မျှ ကိုယ်ရှိန်သတ်လိုက်လေသည်။

ကျောင်းစေ့ခင်သည် ထိုအချက်ကို အခွင့်ကောင်းယူကာ ဝင်းနံရံကြီးပေါ်သို့ ခုန်တက်လိုက်လေ၏။

"ကျောင်းစေ့ခင် ... ခင်ဗျား ကြောက်သွားပြီလား"

ထက်ကျင်၏အော်သံမဆုံးမီ ကျောင်းစေ့ခင်သည် ဝင်းထရံပေါ်မှ ခုန်ချသွားလေ၏။

(တစဉ်-၃) ပြီး၏။

(တစဉ်-၄) ဆက်လက်ဖတ်ရှုပါရန်။